

www.burmeseclassic.com
ယောင်ဒီနိုဝင်း
တစ်ခါချစ်ဖူး သူ့ကျေးရူး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် = ၁၂၉၇ / ၂၀၀၁ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် = ၉၂၀ / ၂၀၀၁ (၁၁)
ပုံနှိပ်ခြင်း = ၂၀၀၂ - ခုနှစ်
မတ်လ - ပထမအကြိမ်
အုပ်ရေ = ၅၀၀
တန်ဖိုး = ၃၀ိ/
ထုတ်ဝေသူ = ဦးတင်ရှိန် (မြဲ - ၀၃၇၆၃)
စန်းရောင်ရှိန်စာပေ
အမှတ် ၄ / ၁၇၇၊ မေခလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပ
အဖုံးပုံနှိပ်သူ = ဦးကျော်ခင် (မြဲ - ၀၄၂၂၉)
နိုင်ရည်မွန် ပုံနှိပ်တိုက်၊တိုက်ခွဲ ၁၄/ ၁၆၊
မဟာသုခလမ်းနှင့် ၈၁-ဗိုလ်ချုပ်လမ်း၊
ပုဇွန်တောင်မြို့နယ်။
အတွင်းပုံနှိပ်သူ = ဦးအောင်မြင့်သိန်း (၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ်(၁၄၇)၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

တစ်ခါချစ်မှုး

သူကျေးဇူး......ဟု

အထူးအောက်မေ့နေပါမည် ....။

www.burmeseclassic.com

www.burmeseclassic.com

[illegible]

# အပိုင်း (တစ်)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခဲ့ဖူးသော ချစ်သူ၊ လွမ်းဆွတ်တမ်းတခဲ့ရဖူးသော ချစ်သူကို ရင်မှာ အစဉ်အောက်မေ့နေတတ်၏။

ဘဝမှာ သူတစ်ယောက်သာ ချစ်ဖူးခဲ့သည်။ နှလုံးသား၏ ခံစားမှု အတိမ်အနက်ကြောင့်ပင် ရူးသွပ်ခဲ့ဖူးသည်ဆိုလျှင် မှားမည်မထင်။

ချစ်သူကတော့ သူမကို မေ့နေလောက်မည်။

ချစ်သူကိုတော့ သူမအဖို့ မမေ့နိုင်ပေ။

ဟိုစဉ်က သူမအပေါ် ချစ်သူထားခဲ့သော ချစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့်တကွ ကြင်နာသနားတတ်မှုများကို အစဉ်သတိရနေ၏။

မမေ့အပ်သော ချစ်သူ။

မတမ်းတကောင်းသော အကြောင်းအခြေအနေမှ သတိရ ဖြစ်ခြင်းတွေကို အိပ်မက်အဖြစ် အမြဲတမ်း တွေးရပြန်သည်။

ချစ်သူက သူ့ဘဝနှင့်သူ ပျော်နေပေမည်။

သူမတစ်ယောက်ကသာ လစ်ဟာနေသော နှလုံးသား အစုံဖြင့် မနက်ညသံသရာကို ဖြတ်သန်းနေရသည်ပဲလေ။

ချစ်သူနှင့် ဝေးခဲ့ပြီးမှ ချစ်သူကို ခွန်အားပြုထားခဲ့ရပြီးမှ သူ့ဘဝသည်လည်း အလှည့်အပြောင်းတွေနှင့် ဆက်တိုက် ကြုံခဲ့ရသည်ပဲ မဟုတ်လား။



(၃)

သူမ အိမ်အငြိုးပြောင်းသည့်နေ့မှာတော့ သူမ ထွက်ပေးသူ ကိုယဉ်ကျွန်း မပါတော့ပေ။ ကိုအောင်ဆွေက တော့ မနက် မလင်းခင်ကပင် ရှင်ကျားနေအိမ်သို့ ရောက်လာ၏။ ကိုအောင်ဆွေနှင့် သိကျွမ်းရသည်မှာ လေးငါးလပဲ ရှိဦး မည်ထင်၏။ သူမထက်ငယ်သူ ကိုယဉ်ကျွန်း နှင့် ရွှတ်သက်ပြီး သိခဲ့ရခြင်း ဖြစ်သည်။ မြန်မာပြည်ကို ပြန်ရောက် ရောက် ချင်းမှာ မိန်းကလေး အသိမိတ်ဆွေဆိုလို့ သူမကို မမေ့မဆုံး

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ဖြစ်ခြင်းဟု . . . ကိုအောင်ဆွေ ပြော၏။

ကိုအောင်ဆွေတစ်ယောက် သူမကို ခင်မင်ခြင်းမှာ နှောင်ကြိုးတစ်ခုခု ရှိခြင်းအား ကောင်းမွန်စွာ သဘောပေါက်နားလည်ထား ၏။

"မမရေ . . . ကိုအောင်ဆွေကြီး ရောက်နေတယ်"

အတူနေသော ညီမဝမ်းကွဲဖြစ်သူ မာဝေ မပြောခင်ကပင် ကိုအောင်ဆွေ့ကားကို လှမ်းမြင်ထားပြီး ဖြစ်၏။

"အားလုံး အဆင်သင့်ဖြစ်ပြီလား မာဝေ"

"ဖြစ်နေပြီ မမ"

"ငါ မပြောလား၊ တကယ်လို့ ငါတို့သာ အိပ်ရာထနောက်ကျရင် ကိုအောင်ဆွေကို အားနာစရာကြီး ဖြစ်နေရမှာ"

ပတ္တူသချိပ်ဖော်ပုံ ပန်းချီကားများကို ဖြုတ်သိမ်းရင်းက မာဝေ့အား ပြောလိုက်သည်။

"ကျွန်တော် ကူဖြုတ်ပေးမယ် နွယ်"





"ရပါတယ် ကိုအောင်ဆွေ၊ ပစ္စည်းက သိပ်ရှိတော့တာမှ မဟုတ်တာ၊ ကိုအောင်ဆွေ နည်းနည်းချင်း ရွှေ့ပေးထားလို့ ကုန်သလောက် ရှိနေပါပြီ၊ ဒါနဲ့ နေဦး၊ ကိုယဉ်ထွန်းတို့ပဲ အခန်းသော့ ပေးထားရမှာလား"

"အိမ်ရှင် ကိုယဉ်ထွန်းပဲ ပေးလိုက် နွယ်၊ ဒီနေ့ နွယ်တို့ စာအုပ် ဖြန့်တာလေ၊ ဒါကြောင့် ယဉ်ထွန်း ပါမလာတာ"

"ဟုတ်ပါရဲ့၊ အိမ်ပြောင်းချင်တဲ့ ဇောနဲ့ စာအုပ် ဖြန့်မယ့်ရက်ကိုတောင် ကျွန်မ မေ့မေ့လျော့လျော့ ဖြစ်သွားခဲ့တယ်၊ တကယ်ဆို အခုအိမ်က နောက်ထပ် နှစ်လတောင် ကျန်သေးတာနော်"

"ကိုယ့်အိမ်ပိုင်ကို ပြောင်းလိုက်တာ ကောင်းပါတယ် နွယ်၊ နွယ့်စိတ်ကြိုက် ပြင်စရာ ဆင်စရာ ရှိသေးတယ် မဟုတ်လား၊ အလုပ်သမားတွေကို ကျွန်တော် အရင်လွှတ်လိုက်တယ် နွယ်၊ ဒီနေ့ကစပြီး နွယ့်စိတ်ကြိုက် ဖြစ်တော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ စာရေးသက်တမ်းအရ အာရုံဆဲလား မဟုတ်သေးပေမယ့် စောင်ရေဆက်တက်မည့် ဒေယျာအလားရှိတော့ရှိနေ၏။ ကိုယဉ်ထွန်း၏ "ငြိမ်းချမ်းရေး" စာစဉ်တိုက်မှ သူမကို စင်တင်ပေးခဲ့သည်။

သူမ၏ 'နှယ်မိုးခွင်' ဆိုသော ကလောင်ကို ပရိသတ်က အသိအမှတ်ပြုလာသည်နှင့် ထုတ်ဝေသူတွေ၏ စာကောက်ကောက် လိုက်လာ၏။ ကိုယဉ်ထွန်းနှင့် မတွေ့ခင်က အသိဖြင့် မည်သူတစ်ဦး တစ်ယောက်ကမှ သူမ်အား စိတ်ဝင်စားခဲ့ပေ။ ကိုယဉ်ထွန်းနှင့် ဆက်သွယ်မိတော့ ရဲရဲဝင့်ဝင့်ပင် ထုတ်ပေးမည်ဟု ဆိုလာသည်။ ကိုယဉ်ထွန်း၏ ကျေးဇူးကြောင့်ပင် သူမ လုံးချင်းဝတ္ထုတွေ ဆက်တိုက် ထွက်လာခဲ့သည်။





ကိုအောင်ရွှေ ခေါ်ထားသော အလုပ်သမားများက အဆင်သင့် စောင့်နေကြ၏။ ကားပေါ်မှ ပစ္စည်းများကို အလုပ်သမားသုံးလေးယောက်ကပင် သယ်ပေးသည်။ ကိုအောင်ရွှေကတော့ သူမထက်ပင် အိမ်အပြင်အဆင်ကို စိတ်ကူး ယဉ်ရင်း ဆက်ကြွနေသေး၏။

ကိုအောင်ရွှေ အလယ်မှာ မာဇေ့ ဆိုးတိုးလေး တစ်ခြေလာသည်။

"မဖန်နဲ့ မတ်သက်ပြီး ကိုအောင်ရွှေကြီးက ထကယ်ကို သဲလှုပ်ဖြစ်နေတာပဲ မမ စိတ်ကူးမလွဲနဲ့နော်၊ မဟာဝအတွက် လုံခြုံစိတ်ချ အားထားရမယ့် ယောက်ျား တစ်ယောက်ပဲ"

"မာဇေ့ပြောလည်း တော်ကြာ အူ ကြွားသွားပါ့မယ်"

မာဇေ့ စကားကြောင့် သိပ်ပြောမဆုံဖြစ်ပြီး ဟန့်လိုက်ခဲ့သည်။

"ဒီအခန်းက ကျွန်မတော့ ညီအစ်ကိုနှစ်ဝပ်ကွဲရဲ့



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေ၊ သူတို့လင်မယားနှစ်ယောက် ညားကတည်းက နေကြတာ၊ ကျွန်တော့် အစ်ကိုက တာဝန်မကျေတဲ့ ယောက်ျားတစ်ယောက်လို့ ပြောရမလိုပဲ၊ အိမ်ထောင်ကျပေမယ့် တကယ့်လူပျိုလူလွတ်လိုနေတာလေ၊ စိတ်ရင်းကတော့ ကောင်းပါတယ်၊ မမေတို့ဆီမှာ ဒီအခန်းကို အပေါင်ထားတာ နှစ်နှစ်သုံးနှစ်နီးပါး ရှိသွားပြီ၊ တိုက်ခန်းဈေးတွေက ကျနေတော့ ရောင်းမထွက်ဘူး ဖြစ်နေတာ၊ ကျွန်တော် ပြန်ရောက်လာတော့ ဒီအခန်းကို ငွေတစ်အမ်းပြီး မမေက ယူခိုင်းလိုက်တယ်၊ အမျိုးချင်းဆိုတော့ ချေးထားတဲ့ငွေတွေကို ဒီနည်းနဲ့ ပြန်ယူဖို့ပဲ ရှိတော့တယ်လေ"

ကိုအောင်ဆွေ့ အခန်းကို ကိုယဉ်ထွန်းက လက်ခွဲ ယူရင်း စာမူခအနေဖြင့် သူမအား ပေးခဲ့သည်။ ရန်ကုန်လို မြို့ကြီးပြကြီးမှာ ကိုယ်ပိုင်နေစရာ တိုက်ခန်းအပိုင်လေး ရမည်ဆိုတော့ သူမ သဘောတူ လက်ခံလိုက်သည်။

"ကိုယဉ်ထွန်းက ပြောပါတယ်၊ ကျွန်မ စာအုပ်လုပ်





ဖြစ်ဖို့ ကိုအောင်ဆွေကပဲ ကူညီခဲ့တာကို ထည့်ပြောပါတယ်၊ ကျွန်မစာအုပ်ကို တစ်ယောက်တစ်ဝက် ရှယ်ယာသဘောမျိုး လုပ်ဖို့ ပြောတယ်ဆို၊ ကိုအောင်ဆွေက ဘာလို့ မလုပ်ချင်ရတာလဲ"

သိချင်သော ကိစ္စမို့ အခွင့်ကြုံသည်နှင့် မေးလိုက်မိသည်။

"ဒါကတော့ ဒီလိုရှိတယ် နွယ်၊ ယဉ်ထွန်း ဝါသနာကို နွယ်လည်း သိမှာပါ၊ ဒီကောင်က စာပေကို ကျောင်းသားဘဝကတည်းက ခင်တွယ်တဲ့ကောင်၊ ဒီကောင်ဖြစ်ချင်တာက စာရေးဆရာ၊ စန်း မရှိလို့ မဖြစ်တော့လည်း ဒီနယ်ထဲမှာပဲ ဒီကောင် တွယ်ဖက်နေတာ ကြည့်ပါလား၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်တယ်၊ စာရေးဆရာတွေရဲ့ ဒုတိယအကြိမ်လေးတွေ ဘာလေးတွေ လုပ်ရင်းနဲ့က နွယ့်ကို ထုတ်ပေးခဲ့တယ်၊ အောင်မြင်တယ်လို့ ပြောရမယ်၊ နွယ်နဲ့ ယဉ်ထွန်း ကံစပ်တယ်လို့ ပြောရမယ်၊ ကျွန်တော်က ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



မှာ သိပ်ပြီးအဖြစ် ရှိတာ မဟုတ်ဘူး နွယ်၊ ကျွန်တော် ဝင်ပါလိုက်မှ နွယ်တို့နှစ်ယောက် အ, သွားမှာ စိုးရတယ်၊ ယဉ်ထွန်းကိုလည်း ဖြစ်စေချင်တာ ပါ့ပါ တယ်၊ ဒါကြောင့် တမင်ကူညီလိုက်တာ"

ကိုအောင်ဆွေကတော့ အကြောင်းမြချက် နိုင်နိုင်လုံလုံဖြင့် သူမကို ရှင်းပြသည်။ ဒီလိုကျတော့လည်း ကိုအောင်ဆွေ့အပေါ် ပိုပြီးလေးစားသွားရပြန်သည်။

"မမရေ အခန်းနံရံတွေကို ဆေးအသစ် သုတ်ရမယ်၊ မီးဖို ချောင်လေးကိုလည်း သပ်သပ်ရပ်ရပ် ပြန်လုပ်ရမယ်၊ အိမ်ရှေ့ပြတင်း တံခါးတွေကလည်း သိပ်မကောင်းဘူး မမ"

အခန်းကို သေသေချာချာကြည့်ပြီး မာဝေ ပြောလိုက်သည်။ မာဝေ ပြောသလိုပင် အခန်းကို ပြန်ပြင်ဖို့ ဖြစ်မည်။

"ပြင်တော့ ပြင်ရမယ်၊ ကိုယ့်မှာရှိတဲ့ ပိုက်ဆံလေးနဲ့





ချင့်ချိန် ပြင်ရဆောင်ရမှာပေါ့ မာဝေ"

"ကျွန်တော့် စိတ်ကူးကို ပြောပြမယ် နွယ်"

"ဘာများလဲ ကိုအောင်ဆွေ"

"ဒီလို နွယ်၊ ပြတင်းတံခါးတွေကို ပြင်သလိုပဲ၊ သံပန်းတွေ သံတံခါးတွေလည်း လုပ်သင့်တယ်၊ နွယ်တို့က မိန်းမသားတွေ မဟုတ်လား။ လုံခြုံစိတ်ချရအောင် ဖြစ်မှာ၊ ဒီတစ်ခွတွေ အားလုံး ကျွန်တော် ကိုယ်တိုင် ဦးဆောင်ပြီး လုပ်ပေးချင်တယ်၊ ဒီအလုပ်သမား သုံးယောက်အားနဲ့ နေ့ရော ညပါ လုပ်လိုက်ရင် အလွန်ဆုံး ငါးရက် ခြောက်ရက်ဆို ပြီးသွားမယ်၊ သံပန်းသံတံခါးတွေကို ကျွန်တော် အော်ဒါ မှာပြီးပြီ နွယ်"

"ကိုအောင်ဆွေ ကြားထဲကနေပြီး အလကား ပင်ပန်းနေပါ့ မယ်"

"ရပါတယ် နွယ်ရယ်၊ အခု တံခါးပိတ်ထားတဲ့ အခန်းမှာ နွယ်တို့နှစ်ယောက်နေ၊ ကျွန်တော်တို့က ဒီ



www.burmeseclassic.com

www.burmeseclassic.com

အခန်းမှာ နေမယ်"

ပြောပြောဆိုဆိုပင် ပိတ်ထားသော အခန်းတံခါးကို သော့ ဖွင့်လိုက်၏။ အိပ်ခန်းထဲမှ ပစ္စည်းတွေ အိပ်ရာအခင်း အနားတွေကြောင့်ပင် သူမ စိုးရိမ်စကား ပြောလိုက်မိ၏။

"ဒါ သူများပစ္စည်းတွေရှိနေတဲ့ အခန်းပဲ၊ ဖြစ်ပါ့မလား ကိုအောင်ဆွေ"

"ဖြစ်ပါတယ် နွယ်၊ ကျွန်တော့်အစ်ကို လင်မယား နေခဲ့တဲ့ အခန်းပါပဲ၊ ဒီပြင် ပစ္စည်းတွေ ရှိတာမှမဟုတ်ဘဲ၊ သူတို့ ခုတင်နဲ့ အိပ်ရာတွေရယ် စာအုပ်ဗီရိုတစ်ခုပဲ ရှိတာပါ၊ ဒီအိမ်ကို မေမေ့ဆီမှာ အပေါင်ထားကတည်းက တယ်လီဖုန်းနဲ့ ဒီပစ္စည်းတွေချန်ခဲ့ပြီး ကျန်တဲ့ပရိဘောဂတွေ အားလုံး သယ်သွားခဲ့တာလေ၊ လူမနေတာကြာတော့ အခန်းက မသန့်ရှင်းတာလည်း ပါတယ်၊ လူနေမယ်ဆိုရင် နွယ်တို့ သိပ်ပြင်စရာ လိုမယ်မထင်ဘူး"

"နေဦး ကိုအောင်ဆွေ ဒီပစ္စည်းတွေကို သူတို့က





ဘယ်တော့ လာယူမှာလဲ"

"ဒီအိမ်ရောင်းလိုက်တာကို ကျွန်တော် ဖုန်းဆက်ထားတယ်၊ သိပ်မကြာခင်မှာ လာယူမယ်ထင်တယ်၊ ပြင်တုန်း ဆင်တုန်းမှာ ဒီ အခန်းထဲမှာပဲ နွယ်တို့ နေလိုက်ပါ"

ကိုအောင်ဆွေ ပြောသလို ဒီအခန်းထဲမှာပဲ သူမနှင့် မာဝေတို့ နေမှဖြစ်မည်။ အိမ်ပြင်ဆင်ခြင်းကို နေ့ရောညပါ လုပ်မှာဆိုတော့ ကိုအောင်ဆွေနှင့် ကျန်အလုပ်သမား သုံးယောက်အတွက် နေရာလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com

(၂)

သူမတို့ အိန်ရာစခန်းနှင့် မနီးမဝေးတွင်ရှိနေသော ဈေးသို့ ကိုအောင်ဆွေတို့နှင့်အတူ ထွက်လာခဲ့၏။

ဈေးရောက်တော့ လူချင်း ခွဲလိုက်ကြသည်။ ကိုအောင်ဆွေနှင့် အလုပ်သမားကောင်လေးက အိမ်ဆောက်ပစ္စည်း ဆိုင်တန်းဖက် ကို သွားသည်။ သူမနှင့် မာဝေက စားသောက်ဖို့အတွက် ဟင်းချက်စရာနှင့် မီးဖိုချောင်သုံး



ပစ္စည်းများရှိရာသို့ ထွက်လာခဲ့ကြသည်။

"ဝယ်ရင်း ဝယ်ရင်းကနေ ပစ္စည်းတွေကအ တော်တော်များသွားပြီး မမ၊ တိုက်ခန်းအပေါ် ကိုလည်း တက်ပြေးမှာ၊ ကိုအောင်ဆွေကြီးတို့ ကားနဲ့ အတူတူပြန်ရင်တောင်းမယ် ထင်တယ်"

ပစ္စည်းများကို သယ်ပိုးရင်းက ညည်းညည်းညူညူဖြင့် မာဝေ ပြောသည်။

"ငါတို့ဘာသာ ဆိုက်ကားငှါးပြီး ပြန်လိုက်ပါ့မယ် မာဝေရယ်၊ အရမ်းအဝေးကြီးမှ မဟုတ်ဘဲ၊ သူတို့တွေ ပစ္စည်း ဝယ်တာခြမ်းတာက ကြာရင်ကြာဦးမှာ၊ ငါတို့ အလုပ်က ချက်ရပြုတ်ရဦးမယ်၊ တို့ဘာတို့ပဲ ပြန်လိုက်ကြရအောင်"

သူမ စကားကို မာဝေ အထွန့်မတက်တော့ပေ။

ဈေးအပြင်ဘက်ရောက်သည်နှင့် နီးစပ်ရာ ဆိုက်ကားတစ်စီးကို လှမ်းခေါ်ပြီး ပြန်ခဲ့သည်။ တိုက်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် မာဝေက ဇာတ်လမ်းလော ပြန်သည်။

"မမ ဒီကပဲ စောင့်နေ အပေါ်ကတစ်ယောက်ကို မာဝေ သွားခေါ်လိုက်မယ်"

"ခေါ်ပြီး အကူအညီတောင်းတာလည်း တောင်းတာပေါ့ မာဝေရယ်၊ ပေါ့ပေါ့ပါးပါး တစ်ခုလောက်တော့ ဆွဲသွားဦး"

ဒီ[illegible]သွာရောက်အောင် တက်ရမည်ဆိုတော့ မာဝေ ပြောသလိုပင် လှေခါးရင်းမှာ ပစ္စည်းတွေနှင့် စောင့်နေလိုက်၏။

မာဝေနှင့် အလုပ်သမားတစ်ယောက် ပြန်ဆင်းလာတော့ ပြဿနာတစ်ခုပါ, ပါလာသည်။

"ပြဿနာတော့ ဖြစ်ပြီထင်တယ် မမ"

"ဘာများလဲ မာဝေ"

အကျိုးအကြောင်းကို အရမ်းသိချင်သွား၏။ အလုပ်





သမား နှစ်ယောက်ကို ဒီတိုင်းထားခဲ့၍ ဘာတွေများ ဖြစ်ကုန်သည် မသိပေ။

"အခန်းဖွင့်တဲ့ကိစ္စ မမ"

မာဝေ့ စကားကြောင့်ပင် သိပ်မကြာသောအချိန်အတွင်းက ကိုအောင်ဆွေ ဖွင့်ပေးလိုက်သောအခန်းကို ပြေးမြင်မိသည်။ သူမ ထမ်မမေးခင်မှာပင် အလုပ်သမားကောင်လေးက ရှင်းပြ၏။

"အစ်မတို့ ထွက်သွားတာနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲ လင်မယားနှစ်ယောက် ရောက်လာတယ်၊ အိမ်ထဲဝင်လာလာချင်းမှာပဲ မိန်းမလုပ်တဲ့သူက အခန်းပွင့်နေတာကို ကြည့်ပြီး ဒေါသူပုန်ထတော့တာပဲ အစ်မ၊ ပြောသွားတာတွေက တကယ်နားမခံသာဘူး၊ ကျွန်တော်တို့က ကာယကံရှင်တွေ မဟုတ်တော့ ဘာမှမပြောသာဘူး၊ မနေနိုင်လို့ အခန်းကို ဆရာကိုအောင်ဆွေ ဖွင့်ပေးတာလို့ ပြောလိုက်တယ်၊ ယောကျ်ားလုပ်တဲ့သူကတော့ လိုက်ဟန့်ပါတယ်၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



လုပ်တဲ့သူက ဘာရယ်ကြောင့်လဲ မသိဘူး အတော်လေးကို ဒေါသူပုန်ထသွားတာပဲ”

“သူတို့ပစ္စည်းတွေကို သယ်သွားလား”

“မသယ်ဘူး အစ်မ၊ ကုတင်တွေကို ဖြုတ်ပြီး ပုံထားခဲ့တယ်၊ မနက်ဖြန်မှ လူလွှတ်ပြီး လာသယ်ခိုင်းမယ် ပြောတယ်၊ နာမည်တော့ ပြောတယ် အစ်မ၊ ဒီအခန်းဖွင့်တဲ့ ကိစ္စကို တိုင်ပြောရမယ် ပြောတာပဲ”

ကောင်လေးစကားကို နားထောင်ရင်းက နေရင်းထိုင်ရင်းက ပြဿနာဖြစ်ပြီဆိုတာကို တွေးမိလိုက်သည်။ ကိုအောင်ဆွေ အခန်းသော့ ဖွင့်ကတည်းက စိတ်ထဲမှာ လေးလံနေခဲ့မိသည်။ အခန်း ဖွင့်ပေးသူက ကိုအောင်ဆွေဆိုပေမယ့် နေရင်းထိုင်ရင်းကပင် ပြဿနာ ဖြစ်မည့်အထဲမှာ သူမပါ ပါဝင်ပတ်သက်နေသလို ဖြစ်နေ၏။





အလုပ်သမားနှစ်ယောက်ကတော့ အခန်းတံခါး ဖွင့်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုသွားသော စကားများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် သိသာအောင် ပြန်ပြောပြသည်။

ထမင်းဟင်းချက်ဖို့ ပြင်ဆင်ရင်းကပင် ကိုအောင်ဆွေ ပြန် အလာကို မျှော်နေမိသည်။ မီးဖိုခလုတ်များ ယိုယွင်းနေသောကြောင့်ပင် အလုပ်သမားကောင်လေးကို ခေါ်ပြီး လုပ်ခိုင်းရသည်။

ထိုအချိန်အတန့်လေးမှာပင် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာ၏။

“မမ ဖုန်းလာနေတယ်၊ မာဝေ သွားကိုင်လိုက်ရ မလား”

“နေနေ မာဝေ၊ ငါဘာသာ ငါ သွားကိုင်လိုက်မယ်”

မာဝေကို ဒီအတိုင်းထားခဲ့ပြီး တယ်လီဖုန်းရှိရာသို့ ထွက်လာသည်။ ဒီနေ့မှအိမ်ပြောင်းသောကြောင့် ဘယ်သူ့ကိုမှ ဖုန်းနံပါတ် မပေးရသေးပေ။ ကိုအောင်ဆွေ ဖုန်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကိုယဉ်ထွန်း ဆက်တာပဲဟု တွေးကာ စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"ဟဲလို . . . အမိန့်ရှိပါရှင်"

အသံလှိုင်းဖြင့် ဖြတ်သန်းစီးဝင်လာသော အသံရှင်ကြောင့်ပင် မှင်သက်မိသွားမိသည်။ သေချာနားစိုက်လေကြားဖူးနေကျ ဒေါ်သဖြစ်သံမှန်း သိသာလေဖြစ်၏။

"အောင်ဆွေတစ်ယောက် ရှိလား၊ ညည်းက ဘယ်သူတုန်း၊ အောင်ဆွေကို အခုခေါ်ပေး"

သူမနှလုံးသား၊ သူမဦးနှောက်က ဒီအသံရှင်ကို အလွတ်နီးပါး မှတ်မိနေသည်ပဲ။ အံ့ဩတုန်ယင်စွာဖြင့် ပြန်ဖြေလိုက်သည်—

"ကိုအောင်ဆွေ မရှိပါဘူး ရှင်၊ ကျွန်မက ဒီအိမ်ကို ဝယ် လိုက်တဲ့သူပါ"

သူမဘက်ကအသံကို ချက်ချင်း ရိပ်စားမိသော်လည်း ဟိုဘက်ကတော့ သူမအသံကို မှတ်မိပုံ မပေါ်ပေ။





"နေပါဦးအေး သော့ခတ်ထားတဲ့အခန်းကို ဘာလို့ ဖွင့်ရတာတုန်း၊ သူများပစ္စည်းတွေ ပျောက်ပျက်ကုန်ရင် ဘယ်လိုလုပ်မလဲ၊ စည်းကမ်းရှိပြီး လူလိုသိဖို့တော့ ကောင်းပါတယ်အေး၊ အခန်းသော့ကို ညည်းတို့ ဖွင့်တာလား"

"အန်တီစော" ဟု ယောင်ထွက်မလို ဖြစ်သွားသေး၏။ စိတ်ကို တည်ငြိမ်အောင်ထိန်းပြီး ပြောလိုက်ရသည်။

"ဒီလိုပါရှင်၊ အခန်းသော့ကို ကိုအောင်ဆွေ ဖွင့်ပေးတာပါ"

"ဒါဆိုလည်း ပြီးရော၊ အောင်ဆွေနဲ့ပဲ ဆက်စာရင်းရှင်းတာ ပေါ့၊ ဒီပုံစံမျိုး ချိုးတာကိုတော့ လုံးဝ မခံနိုင်ဘူး"

စကားပြန်ပြောမခံဘဲ ပြောချင်တာ ပြောပြီး ဖုန်းချသွား၏။ စကားပြောခွက်ကို ကိုင်ကာ ကြောင်နေမိသည်။

အလုပ်သမားကောင်လေးအသံကြောင့်ပင် အသိပြန်ဝင်ရ၏။

"ဘာလဲ အစ်မ၊ တံခါးဖွင့်တဲ့ကိစ္စကို ဖုန်းနဲ့ရှုမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြသနာ ရှာတာ မဟုတ်လား”

သူမအား အကျိုးအကြောင်း ရှင်းပြသော အလုပ်သမားကောင်လေးကို ကြည့်ရင်း မေးလိုက်မိသည်။

“မင်း စောစောတုန်းက တိုင်ပြောရဦးမယ်ဆိုတဲ့ နာမည်ထဲမှာ ‘စော’ ပါလား”

ကောင်လေးက တစ်ချက် စဉ်းစားပြီးမှ . .

“ဟုတ်ပြီ၊ မမမေစောနဲ့ တိုင်ရမယ်လို့ ပြောတာပဲ ဖြစ်မယ် အစ်မ၊ အခုဆက်တာ သူလား”

“ဟုတ်မယ် ထင်တာပါပဲ”

ကောင်လေးကိုတော့ ဖော့ပြီး ပြောလိုက်ရသည်။ အန်တီစောသာ သေချာသည်ဆိုရင်တော့ ကိုအောင်ဆွေ၏ ပြောစကားများ အရပင် ဒီအိမ်သည် ကိုကိုကျော်အိမ်ပင် ဖြစ်ရမည်။

အန်တီတို့ အိမ်မှ ထွက်လာပြီးနောက်ပိုင်းတွင် ကိုကိုကျော် တစ်ယောက် အခတွေဖြစ်ပျက်ကုန်ပြီ မသိပေ။





ကိုကိုကျော် တစ်ယောက် မင်္ဂလာဆောင်ခြင်းကို နောက်ဆုံးသတင်းအစအန အနေဖြင့် သတင်းစာမှာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဒီအိမ်ပိုင်ရှင်ဆိုတဲ့ ကိုအောင်ဆွေရဲ့အစ်ကို နာမည်က ဘယ်သူလဲဟင်"

အိမ်ထဲသို့ ဝင်ဝင်လာချင်းမှာပင် မေးလိုက်မိသည်။

"ကျော်ကိုနိုင်ပါ နွယ် ဘာဖြစ်လို့လဲဟင်"

ကိုအောင်ဆွေ၏ အမေးစကားကို မဖြေသေးဘဲ သူမ အနေဖြင့် နောက်ထပ်မေးခွန်း ထုတ်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ကျော်ကိုနိုင်ရဲ့ အမေက အန်တီစော ပေါ့နော် ကိုအောင်ဆွေ"

သိပ်မကြာသေးခင်က အဖြစ်အပျက်များကို မသိရခင်မှာပင် သူမ၏စကားအသွားအလာများကြောင့် ကိုအောင်ဆွေ အံ့ဩနေ၏။

"အန်တီစောတို့ကို နွယ် သိနေတယ်ဟုတ်လား"

"သိရုံတင် ဘယ်ကပါ့မလဲ ကိုကျော်ဆွေ၊ ကျွန်မတို့ အိမ်မှာ မရှိစုန်း ကိုကိုကျော်တို့ လင်မယား ဒီကို လာသွားတယ်၊ သူတို့ ပစ္စည်းတွေရှိတဲ့ အခန်းကို ဖွင့်တဲ့အတွက် ကိုကိုကျော်ရဲ့မိန်းမက အကြီးအကျယ် ဒေါသဖြစ်နေတယ်၊ အန်တီစောဆီ လှမ်းပြီး အကြောင်းကြားလို့ အခုလေးတင် ဒီကို ဖုန်းဆက်ပြီးပြီ၊ ဒီအခန်းကို ကျွန်မတို့ ဖွင့်မိရင် လွယ်မယ့်ပုံတော့ မဟုတ်ဘူး၊ ကိုအောင်ဆွေ ဖွင့်ပေးတာလို့ ပြောလိုက်တော့ ကိုအောင်ဆွေနဲ့ပဲ ရှင်းမယ်ပြောပြီး ဖုန်းချသွားတယ်"





ပြဿနာဖြစ်ပြီဆိုတာကိုတော့ ကိုအောင်ဆွေ ချက်ချင်း ဆိုသလို ရိပ်စားမိ၏။ ပြဿနာ ခဏထားပြီး ကိုကိုကျော်တို့နှင့် ပတ်သက်ခဲ့ဖူးသော အကြောင်းကို စပ်စုတော့၏။

"ဒါဆိုရင် ဒီအိမ်ကို နွယ် ဝယ်လိုက်မှန်း အန်တီစော သိပြီး ပြီပေါ့၊ ကျော်ကိုနိုင်နဲ့ရော အန်တီစောနဲ့ပါ နွယ် သိလိမ့်မယ်လို့ ကျွန်တော် မထွေးထားမိဘူး"

"ကျွန်မ ဒီအိမ်ကို ဝယ်လိုက်မှန်းသာ အန်တီစော သိရင် ဒီထက်ပွဲကြမ်းနိုင်တယ် ကိုအောင်ဆွေ၊ ကိုအောင်ဆွေက ကိုကိုကျော်တို့အိမ်ကို အရောက်အပေါက် အတော်နည်းလို့ ဖြစ်မှာပါ၊ သူတို့အိမ်မှာ ကျွန်မ နေခဲ့ဖူးတယ်၊ ရိုးရိုးဘဝနဲ့တော့ မဟုတ်ဘူး ကိုအောင်ဆွေ၊ ကိုကိုကျော်က ကျွန်မတို့နယ်ကို လာလည်ရင်းက သူတို့အိမ်မှာ ဝေယျာဝစ္စကူညီလုပ်ရအောင်ဆိုပြီး ကျွန်မကို ခေါ်လာခဲ့တာ၊ အဲဒီဘဝမျိုးနဲ့ ကျွန်မနေရင်း ဘွဲ့တစ်ခုရလုလုအခြေအနေအထိ ကျွန်မ နေလာခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

လက်စနှင့်မို့ သူမ၏ နောက်ကြောင်းရာဇဝင်ကို ပြောပြ လိုက်သည်။ မာဝေကတော့ ဒီအကြောင်းတွေကို ပြောစေချင်ပုံ မရပေ။ ကိုကိုကျော်တို့နှင့် ဆွေရိပ်မျိုးရိပ် မကင်းမှုတော့ တစ်နေ့မှာ သူမအကြောင်းတွေကို ကိုအောင်ဆွေ သိသွားနိုင်သည်ပဲ။ ကိုကိုကျော်နှင့် ပတ်သက်ခဲ့ဖူးသည့်အကြောင်းကိုတော့ ချန်လှပ်ထားခဲ့မိသည်။

"ဟိုတစ်ချိန်တုန်းကတော့ ဦးလေးရဲ့ အရှိန်နဲ့ အန်တီစောတို့ ရွှေထီးဆောင်းကာလတွေကို ပိုင်ဆိုင်ခဲ့ရပေမယ့် အခုအချိန်မှာတော့ ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင် ဘဝမျိုး ဖြစ်နေပြီ နွယ်၊ ဒါကိုတောင်မှ အန်တီစောက မာန်မချသေးဘူး၊ ဦးလေး ဆုံးတော့ သူတို့ မိသားစုဘဝက ပိုဆိုးသွားတာပေါ့"

"ဦးလေး ဆုံးပြီ ဟုတ်လား"

"ဟုတ်တယ် နွယ်၊ နွယ် မသိဘူးလား"





"ဦးလေး ဆုံးတာကိုတော့ ကျွန်မ မသိတာ အမှန်ပဲ၊ ကိုကိုကျော် လက်ထပ်တဲ့သတင်းကိုတော့ သတင်းစာထဲမှာ တွေ့လိုက်မိတယ်"

"ဒီကိစ္စကို နွယ့်ခေါင်းထဲမှာလည်း မထားပါနဲ့၊ ကျွန်တော့် ဘာသာ ပြေလည်အောင် ရှင်းပေးပါ့မယ်"

"ဖြစ်လာမှတော့ အတူတူရှင်းကြတာပေါ့ ကိုအောင်ဆွေရယ်၊ အပြောအဆိုခံရလည်း အတူတူပေါ့"

ကိုအောင်ဆွေနှင့် စကားကောင်းနေဆဲမှာပင် ဖုန်းမြည်သံ ထွက်ပေါ်လာ၏။

ဖုန်းရှိရာကို လှမ်းအကြည့်မှာပင် ကိုအောင်ဆွေ ပြော သည်။

"ကျွန်တော့်ပဲ ကိုင်လိုက်မယ် နွယ်"

အန်တီစော ဆက်တာပဲဟု စိတ်ထဲမှာ ထင်လိုက်မိသည်။ တစ်ဖက်ကို စကားသံကို ကြားနိုင်စွမ်း မရှိသော်လည်း ကိုအောင်ဆွေ ၏ စကားသံများကို နားထောင်ရုံဖြင့်


www.burmeseclassic.com

www.burmeseclassic.com



အန်တီစော ဆက်တာမှန်း သိလိုက်ရပြန်သည်။

"ကျွန်တော် မောင်ဆွေပါ မေမေ"

"..................."

"စောစောလေးက အန်တီစော ဖုန်းဆက်တယ် ပြောတယ်၊ သားနဲ့တော့ မတွေ့လိုက်ရဘူး"

"................."

"စိတ်ချပါ မေမေ၊ သူ ဘာပြောပြော သား သည်းခံပေးပါ့မယ်၊ မေမေ စိတ်အေးအေးထားပါ"

ကိုအောင်ဆွေနှင့် မတွေ့လိုက်ရ၍ အန်တီစောက ကိုအောင်ဆွေ့ မိခင်ဆီ လှမ်းဆက်တာ ဖြစ်ရမည်။

စကားပြောခွက်ကို ချရင်းက ကိုအောင်ဆွေ သက်ပြင်းချသည်။

"ဒီကိစ္စက ဒီလောက်ထိ လူကြီးတွေ ခေါင်းခြောက်လောက်အောင် မဖြစ်သင့်ဘူး၊ တကယ်တော့ ဒီကိစ္စ အားလုံးရဲ့ တရားခံဟာ မိန်းမတစ်ယောက်ရဲ့ ကုလားဖန် ထိုး





မှုကြောင့် ဖြစ်ရတာ၊ အခန်းဖွင့်တာကို မကျေနပ်ရင် ကျွန်တော့်ကို တိုက်ရိုက်ပြောလို့ ရနေသားပဲ"

ကိုအောင်ဆွေ ရည်ညွှန်းသော မိန်းမတစ်ယောက် ဆိုသည်မှာ ကိုကိုကျော့် အမျိုးသမီးကို ဆိုလိုခြင်း ဖြစ်မည် ထင်၏။

ကိုမအောင်ဆွေ တွေးသလိုပင် သူမလည်း တွေးမိသည်။ တကယ်တမ်းကျတော့ အခန်းဖွင့်ခြင်းကိစ္စသည် အကြောင်းမဲ့သက်သက် ပုံကြီးချဲ့ကားခြင်းသာ ဖြစ်လေသည်ပဲ . . .။



www.burmeseclassic.com

www.burmeseclassic.com

(၄)

ကိုကိုကျော့် အမျိုးသမီး မီးမွေးပေးခဲ့သော ပြဿနာသည် သူ့အလိုလို ပြီးဆုံးသွားလိမ့်မည် . . . ဟု ဖေ့ါတွေးတာ တစ်ညတာ ကုန်ဆုံးသွားခဲ့၏။

မနက်လင်းတော့ သူမ ခေါင်းထဲမှာပင် ထိုပြဿနာက ရေးရေးမျှပင် ကျန်တော့၏။ ကိုအောင်ဆွေကလည်း အလုပ်သမားများကို ဦးစီးကာ ဖာခန်းကန့်ခြင်း၊ ဆေးသုတ်

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ မီးကြိုးများ ဖြင့်ဆင်တပ်ခြင်းကို အားချင်း လုပ်လေသည်။

နံနက်ကိုးနာရီထိုးလောက်မှာ ပစ္စည်းသယ်မည့်လူများ ရောက်လာကြသည်။

"ပစ္စည်းတွေကတော့ လာသယ်ကြပြီ နွယ်"

ကိုအောင်ဆွေ့ စကားကြောင့်ပင် တိုက်အောက်မှာ ရပ်ထားသော ကားဆီသို့ လှမ်းကြည့်မိသည်။ ကိုကိုကျော်နှင့် မျက်နှာချင်းဆိုင်ရမည်ဆိုသော အသိကြောင့်ပင် ရင်မှာ လှုပ်ရှားရ၏။

တကယ်တမ်းကျတော့ ပစ္စည်းတွေ လာသယ်ကြသည့် လူများထဲတွင် ကိုကိုကျော်တစ်ယောက် ပါမလာပေ။

ကိုကိုကျော်၏ ဇနီးဖြစ်သူသာ ပါလာ၏။

ကိုကိုကျော့်ဇနီး မျက်နှာကြော တင်းလွန်းသော်လည်း ကိုအောင်ဆွေကတော့ ဖော်ရွေစွာ ဆက်ဆံ၏။

"ကိုကျော်ကိုနိုင် မပါဘူးလား"

"မပါဘူး"





"ကျွန်တော့် အလုပ်သမားတွေက အပေါ်ကနေပြီး ပစ္စည်းတွေချပေးပါ့မယ်၊ ပါလာတဲ့လူတွေက အောက် လှေကားတွေကပဲ လက်ဆင့်ကမ်းလိုက်ပေါ့၊ ပစ္စည်းက သိပ်မှ မများပဲ"

ကိုအောင်ဆွေ့ စကားကြောင့် အလုပ်သမားကောင်လေး သုံးယောက်က အလုပ်များကို ရပ်ထားဖို့ ဖြင့်လိုက်၏။

"နေပါစေ ပစ္စည်းတွေ မေ့ကျန်တာတို့ ရောပါမှာတို့ မဖြစ်ရအောင် ကျွန်မကိုယ်တိုင်ပဲ ကျွန်မလူတွေနဲ့ ကြည့်လုပ်ပါ့မယ်"

စကားကို တုံးတိကြီး ပြောချလိုက်သောကြောင့်ပင် အလုပ်သမားကောင်လေးတွေ ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ ကိုအောင်ဆွေက နေရာမှာပင် ပြန်နေရန် မျက်ရိပ်ပြလိုက်တော့မှ အနေချောင်သွားကြသည်။

ကိုအောင်ဆွေ ပြောသလိုပင် ပစ္စည်းတွေက သိပ်



www.burmeseclassic.com

www.burmeseclassic.com



မများတော့ နှစ်ခေါက်လောက် သယ်ချရုံဖြင့် ကိစ္စပြီးသွား၏။ ကိုအောင်ဆွေစကားကို အသာတကြည် လက်ခံလိုက်ရင် တစ်ခေါက်တည်းနှင့် ကိစ္စပြီးသွားနိုင်သည်။

ပစ္စည်းတွေကို ကားပေါ်တင်ပြီး ကားထွက်လု ဖြစ်ခါနီးမှာပင် ကားအနီးသို့ အငှားကားတစ်စီး ထိုးရပ်လာ၏။

ကားပေါ်မှ ကမန်းကတမ်း ဆင်းလာသူကို ကြည့်ပြီး သူမရော ကိုအောင်ဆွေပါ အံ့သြသွားကြ၏။ အန်တီစောတစ်ယောက် မထင်မှတ်ဘဲ ဒီအထိ ပေါက်ချလာသည်။

"အန်တီစော လိုက်လာတယ် နွယ်၊ ဘာပြဿနာရှာဦးမလဲ မသိဘူး"

"ဟုတ်တယ် ကိုအောင်ဆွေ၊ သူ့ချွေးမနဲ့ စကားပြောပြီး တိုက်ပေါ် တက်လာပြီ"

"နွယ် ရှောင်နေရင် ကောင်းမလား မသိဘူး၊ ဒီကိစ္စပြတ်အောင် ကျွန်တော့်ဘာသာ ရှင်းလိုက်ချင်တယ်"

"မရှောင်ဘူး ကိုအောင်ဆွေ၊ တကယ်ဖြစ်တဲ့ ပြဿနာ





က သေးသေးမွှားမွှားပါ၊ ကိုကိုကျော့် မိန်းမ ပွဲကြီးခဲ့တာကိုတော့ သိအောင်ပြောရမှာပေါ့"

အန်တီစောနှင့် မျက်နှာချင်းဆိုင်ဖို့ကို ရဲဝံ့စွာပင် ဆုံးဖြတ်လိုက်၏။ မာဝေက စိုးရိမ်တကြီးဖြင့် သူမလက်ကို ဆုပ်ကိုင်လာ၏။

ဘေးမှ အဖေါ်ကိုပင် လက်မတွဲဘဲ ဒေါသတကြီး မောပန်း စွာဖြင့် အခန်းထဲ ဝင်လာ၏။ ကိုအောင်ဆွေနှင့် ခပ်ခွာခွာမှာရပ်နေသော သူမကိုပင် အန်တီစော တစ်ယောက် ရှုတ်ခြည်း မြင်နိုင်စွမ်း မရှိပေ။

ဒေါသဖြင့် မျက်နှာထားချီထားပေမယ့် အန်တီစော တစ်ယောက် အရွယ်ကျသွားခြင်းမှာ သိသာနေ၏။

"အေးအေးဆေးဆေးထိုင်ပြီး နားလိုက်ပါဦး အန်တီစော၊ ကိုအောင်ဆွေ နေရာချပေးသောခုံမှာ ထိုင်ပြီးသည်နှင့် အမောမပြေ သေးဘဲ ဒေါသသင့်သော စကားလုံးများကို ပွင့်အန်ထုတ်၏။

www.burmeseclassic.com



"မင်း ဘယ်လိုလုပ်လိုက်တာလဲ အောင်ဆွေ"

"ကျွန်တော် ဘာများလုပ်မိလို့လဲ အန်တီစော၊ အမောဖြေပါဦး၊ ပြီးမှ အကျိုးသင့် အကြောင်းသင့် ပြောပါ၊ အန်တီစော ပြောသမျှကို ကျွန်တော် နားထောင်ပေးပါ့မယ်၊ ကျွန်တော် ရှင်းပြတာကိုလည်း အန်တီစော နားထောင်ပေးပါ"

"ဘာမှ ရှင်းပြမနေနဲ့ အောင်ဆွေ၊ မင်း လူလုပ်မလုပ်တာတော့ အရှမ်းကို သေချာတယ်၊ အိမ်ရှောင်းလိုက်ပြီဆိုကတည်းက ဒီပစ္စည်းတွေ ရွှေ့ပေးရမယ်ဆိုတာကို နားလည်တယ်၊ မင်း အမေ ပြောတုန်းကတော့ အေးအေးဆေးဆေးပါပဲဆို၊ အခုတော့ မင်းက ဒီအခန်းကို ဘာကြောင့် ငါတို့ကို အသိမပေးဘဲ ဖွင့်ရတာလဲ"

"သူစိမ်းတွေမှ မဟုတ်ဘဲ အန်တီစောရယ်၊ ဒီအခန်း ဖွင့်မိလို့ အပြစ်ရှိတယ်ဆိုရင် အန်တီစောတို့ ကျေနပ်တဲ့အထိ ကျွန်တော် တာဝန်ယူပါ့မယ်၊ ဒီကိစ္စကလည်း





ကျွန်တော်နဲ့ ကိုကျော်ကိုနိုင်တို့ နှစ်ယောက်ချင်း ပြောကြဆိုကြရင် ပြီးနေတာပဲ၊ အန်တီစောတို့ လူကြီးတွေအထိ နားမပေါက် သင့်ပါဘူး၊ အခုတော့ မောကြီး ပန်းကြီးနဲ့ ဒီအထိ အန်တီစော ရောက်လာရတာ ကျွန်တော် စိတ်မကောင်းဘူး"

ကိုအောင်ဆွေကတော့ အကျိုးသင့် အကြောင်းသင့်ကို လေသံအေးအေးဖြင့် ရှင်းပြ၏။

"မင်းက ပိုက်ဆံလေးရှိမယ် မကြံသေးဘူး၊ လုပ်ချင်ရာ လုပ်ပြီး ဖျားရည်နဲ့ဝမ်း မချချင်ပါနဲ့ကွာ၊ ဆွေမျိုးချင်း နိမ့်ပြီဆိုတာနဲ့ ဒီလောက်ထိတော့ မင်းတို့ မလုပ်သင့်ပါဘူး၊ မင်း လုပ်ရပ်က အတော်လေး လူမဆန်လွန်းတယ်"

ကိုအောင်ဆွေက တောင်းပန်နေသော်လည်း အန်တီစောမှာ နားမဝင်နိုင်ဘဲ ဒေါသကြီးပြီး စကားတွေ ကျွံကျွံလာ၏။ မနေနိုင်တော့သည်မို့ သူမ ဝင်ပြောလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကို ဝယ်လိုက်တဲ့သူက ကျွန်မပါ အန်တီစော၊ အခန်းတံခါးကိုဖွင့်တဲ့ ကိုဇေအောင်ဆွေမှာ အပြစ်ရှိတယ်ဆိုရင် အဲဒီ အပြစ်တစ်ဝက်က ကျွန်မနဲ့လည်း ဆိုင်နေပါတယ်"

သူမပြောလိုက်သော စကားသံကြောင့်ပင် အန်တီစော မျက်လုံးပြူးသွား၏။ အခုမှပင် သူမကို မြင်တွေ့သွားပုံရသည်။

"ဩော် . . . လက်စသတ်တော့ ဒီအိမ်ကို အောင်ဆွေ့ လက်ထဲက ဝယ်လိုက်တဲ့ စာရေးဆရာမ ပေါက်စဆိုတာ မင်းကိုး၊ ဒါ မင်း တမင်သက်သက်လုပ်တာ အကြံတွေနဲ့ ဒီအိမ်ကို မရရအောင်ဝယ်တာ၊ ပြီးတော့ အာ ချင်း တက်နေကာ မဟုတ်လား၊ ကြည့်စမ်း ဘယ်လောက် ကြောက်စရာကောင်းလိုက်တဲ့ မိန်းကလေးလဲ၊ မင်း နိုင်ငံ ဆိုပြီး ငါ့တို့ရော ငါ့သားကိုပါ အရှက်ရအောင် တမင်လု တာပေါ့လေ"

ပြောရင်းကပင် အန်တီစော မတ်တာပ်ထရပ်၏။





လက်ဝါးဖြန့်ပြီး သူမ ပါးကို လှမ်းရိုက်ရန် ပြင်၏။ ချက်ချင်းဆိုသလိုပင် ကိုအောင်ဆွေက အန်တီစော လက်ကို လှမ်းဆွဲထား၏။

"မှားမယ် အန်တီစော၊ အခုဖြစ်ရပ်က ဘယ်သူမှ မဖန်တီးဘဲ တိုက်ဆိုင်သွားတာပါ"

"မင်း ဘာသိလဲ အောင်ဆွေ၊ သူဟာ ဒါ့အိမ်မှာ အစေခံ လုပ်သွားခဲ့ဖူးတယ်၊ ပြီးတော့ ငါ့သားလေးကို ရုပ်ကလေး ဖန်းပြပြီး အစိုင်ကြဲခဲ့တာ၊ သူ့ကို ငါ အိမ်ပေါ်က နှင်ချခဲ့တာ၊ ဒါတွေကို မင်း သိလား၊ အခုလည်း မင်းကို အပိုင်ကြံချင်တာရယ်၊ ငါတို့ကို ဦးချိုးချင်တာရယ်နဲ့ ဒီကိစ္စ မဖြစ်ဖြစ်အောင် တမင်လုပ်ယူတာ၊ မြွေဟောက်လို မိန်းမ ယုတ်"

"အန်တီစော ပြောလို့ ကျေနပ်ပြီလား၊ အခုမှ အန်တီစော ပြောတာဆိုတာကို ခေါင်းငုံ့ခံခဲ့တာ မဟုတ်ဘူး၊ ဟိုတုန်းကတည်းကပါ၊ နောက်နောင်ကိုလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ရာ ပြောလို့ရပါသေးတယ်"

"ကြည့်စမ်း ဘယ်လောက် အရှက်မရှိတဲ့ မျက်နှာလဲ၊ ငါ့ လက်ကိုလွှတ် အောင်ဆွေ၊ ငါ ဒီနေရာ အမြန်ထွက်သွားမှ ဖြစ်မယ်၊ ဒီလိုမှမဟုတ် ဒီဟာမကို သတ်မိလိမ့်မယ်"

ကိုအောင်ဆွေ့ လက်ကို ဆောင့်တွန်းလွှတ်ရင်းက အန်တီစော ထွက်သွား၏။ ကိုအောင်ဆွေကတော့ ဖြစ်ရပ်မှန်အတွက် ရှင်းပြဖို့ ကြိုးစားသေး၏။

"ခဏလေး သည်းခံပြီး နားထောင်ပေးပါဦး အန်တီစောရယ်"

ကိုအောင်ဆွေ၏ တောင်းပန်ခယခြင်းက အချည်းနှီးပင် ဖြစ်ခဲ့၏။

ပါလာသော အမျိုးသမီး အပေါ်ကိုပင် အန်တီစော မစောင့်တော့ဘဲ လှေကားမှ ဆင်းသွား၏။

အန်တီစောကို တောင်းပန်၍ မရသောအခါ ကိုအောင်ဆွေ၏ တောင်းပန်ခယခြင်းက သူမဆီသို့ ရောက်





လာပြန်၏။

"ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်တော် တောင်းပန်ပါတယ် နွယ်၊ အန်တီစော ဒီအထိ ရောက်လာလိမ့်မယ်လို့ လုံးဝထင်မထားခဲ့လို့ ဒီလောက်အထိ ဖြစ်ရတာပါ။ မနေ့က နေ့ချင်းမှာပဲ ကိစ္စပြတ် အောင် မလုပ်မိခဲ့တဲ့ ကျွန်တော့်မှာ အပြစ်ရှိပါတယ်"

"ကိုအောင်ဆွေမှာ အပြစ်မရှိပါဘူး၊ အခုကိစ္စက သူ့အလိုလို ဖြစ်ချင်လို့ ဖြစ်သွားခဲ့တာ၊ အန်တီစော ပြောခဲ့တဲ့ စကားတွေက မှန်တာတွေလည်း ပါသလို မှားတာတွေလည်း ပါတယ်၊ အခုမှ မဟုတ်ပါဘူး၊ ဟိုးအရင်ကတည်းကိုက အန်တီစော ဒီလို ပြောချင်အောင် ကျွန်မက ပြုမူမိခဲ့တာကိုး"

ပစ္စုပ္ပန်မှနေပြီး အတိတ်အကြောင်းကို ကူးပြောင်းပြော ဆိုရင်းက မျက်ရည်ဝဲချင် မိလာသည်။

ရင်ထဲမှာလည်း ဆို့နင့်ခဲ့ရ၏။ အခုချိန်မှာ ကိုကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အနားမှာ ရှိနေချင်၏။ ကိုကိုကျော်သာ ဒီအဖြစ်အပျက်တွေကို သိသွားပါက ဘာတွေပြောဆိုမည် မသိပေ။

အတိတ်တုန်းကတော့ ဖြစ်ပျက်ခဲ့သမျှတွေအတွက် ကိုကိုကျော်တစ်ယောက် နေတတ်သလိုနေခဲ့၊ ဆုံးဖြတ်ခဲ့သည်ပဲလေ။



အပိုင်း (နှစ်)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဖြတ်သန်းရင်ဆိုင်ခဲ့သော သူမ၏ ဝေယျာဝစ္စများသည် သာမန်မျှသာပင် ဖြစ်၏။

မိုးလင်းမိုးချုပ် သံသရာအောက်ဝယ် လက်လှမ်းမီရာ အသိများဖြင့် အသက်ရှင်နေထိုင်ခဲ့သည်။

ကိုးတန်း၊ ဆယ်တန်း အရောက်မှာတော့ ပတ်ဝန်းကျင်က လူများ၏ သတိထားမှုကို ခံခဲ့ရသည်။ နုပျိုသော သူမ၏အလှအပများကို မက်မောသူများက မက်မောကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သက်တူရွယ်တူများကြားမှာ သူမဘဝလေးသည် ငြိမ်သက်လွန်းလှ၏။ ဥစ္စာ ဆင်းရဲသော မိသားစုအတွက်ပ သူမကြုံသလို ရှန်းကန်ခဲ့ရသည်။

အပျော်အပါး အသွားအလာတို့နှင့် ဝေးသော သူ အဖို့ "သုခုမ" စာအုပ်ဆိုင်လေးသည် စိတ်အပန်းဖြေရာ တစ်ခုလို ဖြစ်ခဲ့၏။

သူမ ဆယ်တန်းဖြေပြီးစ ကျောင်းစာတာဝန်များ ပခုံးပေါ်မှ ပြုတ်ကျသွားချိန် 'သုခုမ' စာအုပ်ဆိုင်လေးမှာ ဝေဟျာ်ကိုနိုင် . . . ဟု အမည်ရသော ကိုကိုကျော်နှင့် ဆုံဖြစ် ခဲ့ကြ၏။

"မိနွယ် ရောက်လာတာနဲ့ အတော်ပဲ စာအုပ် အသစ်တွေရော အဟောင်းတွေပါ အဖုံးတွေ လဲ စရာရှိတယ်"

သူမ အမေ နေထိုင်မကောင်းဖြစ်၍ သုခုမနှင့် ဆယ်ရက်ခန့် ကင်းကွာသွားခဲ့၏။ သူမ ဆိုင်ပေါ်တက်





လာသည်နှင့် ကိုတင်သောင်းက လှမ်းပြောသည်။ သူမတို့ မြို့လေးနှင့် သုခုမကို ရင်းနှီးကျွမ်းဝင်စေသူမှာ ကိုတင်သောင်း ပင် ဖြစ်၏။ လူငယ်အများစုက ကိုတင်သောင်းကို ချစ်ကြ သလို ရိုလည်းရိုသေကြ၏။ ကိုတင်သောင်းက ကဗျာသမား တစ်ဦးပင် ဖြစ်၏။

"ဟုတ်တယ် ကိုတင်သောင်း၊ အမေ့ကျန်းမာရေးက ပြန်ဆိုး လာတာရယ်၊ ပြီးတော့ အိမ်က စီးပွားရေး ကြောင့် ရယ် သွားဆုံသွားလို့မလာဖြစ်တာ၊ ဒီညနေတော့ ကို... ဝ်သောင်း ကို ကူလို့ရပါပြီ"

"နင့်မှာလည်း လူနဲ့ မလိုက်အောင် အလုပ်က လုပ် ရတာကိုး၊ ငါလည်း ငွေစကြေးစလေး အဆင်ပြေပါပြီ၊ အခွေဆိုင်လေးပါ တိုးဖွင့်မယ်၊ ညနေပိုင်း ငါ့ဆိုင်မှာ ကူထိုင် ပေါ့၊ နင့်အတွက်ပါ ငါ ကြည့်ပေးပါ့မယ်"

"ပိုက်ဆံက အဓိက မဟုတ်ပါဘူး၊ စာအုပ်သာ အလကား ဖတ်ခွင့်ရရင် တော်ပါပြီ"


www.burmeseclassic.com

www.burmeseclassic.com



ကိုတင်သောင်းနှင့် စကားစမြည် ပြောနေစဉ်မှာပင် သူစိမ်းယောက်ျားတစ်ဦးက သူမကို စိုက်ကြည့်နေ၏။ လူငုံ ပန်းသဏ္ဌာန်နှင့် ဝတ်စားထားပုံများကြောင့်ပင် ဒီမြို့သား မဟုတ်မှန်း ချက်ချင်းသိ၏။

မဟုတ်မှ လွဲရော၊ မိန်းမပျိုလေးများ၏ နှုတ်ဖျားမှာ ဒီရက်ပိုင်း ရေပန်းစားနေသော ရန်ကုန်က ဧည့်သည်ပဲ ဖြစ်ရမည်။ အဲဒီ ဧည့်သည်တက္ကသိုလ်ကျောင်းသားက ကိုတင်သောင်းတို့နှင့် ဆွေရိပ် မျိုးရိပ်မကင်းသူ ဖြစ်သည်။ သူ့မိဘများက မင်းပေါက် စိုးပေါက်တွေ ဟု ပြောသံကြား ဖူး၏။

"မိနွယ်ကို မိတ်ဆက်ပေးရဦးမယ်၊ သူက ကျော်ကိုနိုင် တဲ့၊ ငါ့ဦးကြီးရဲ့ တစ်ဦးတည်းသော သားပဲ၊ ဒီကိုတော့ အခု ရောက်ဖူးတာ၊ ရန်ကုန်မှာ ဝှေလို့ ရှုပ်လို့ အားရလို့ တို့မြို့ကို မျက်စိလည်လာ တာလေ၊ ငါတို့ကတော့ သူ့ကို ကိုကိုကျော် လို့ပဲ ခေါ်ကြတယ်၊ ဒီဆိုင်ကိုလာတဲ့ ကောင်မလေးတွေ





လည်း ဒီအတိုင်းပဲခေါ်တယ်၊ နင် မရှိတုန်းမှာ ကိုကိုကျော် က ဆိုင်တူထိုင်ပေးတယ်၊ ကိုကိုကျော် သူက ငါ့ရဲ့ ညီမလေး လို့ ခင်မင်နေတဲ့ နွယ်မိုးခင်၊ ငါတို့ကတော့ မိနွယ်လို့ပဲ အလွယ်ခေါ်တယ်၊ ဒီနှစ်ဆယ်တန်းဖြေထားတာ၊ ဆိုင်ရဲ့ ပေမယ့် စာကြိုးစားတယ်၊ မိဘနဲ့ ညီအစ်ကို မောင်နှမကို အလုပ်လုပ်ပြီး ရှာကျွေးနေတာ"

သူမနှင့် အကြည့်ချင်းဆုံတော့ ကိုကိုကျော်က အပြုံးလှလှလေးကို လှစ်ခနဲ ပြ၏။ ကိုကိုကျော်က မိန်းမ ချော့ ချော့သူတစ် ယောက်ပင်။

"ကျွန်တော်ကလည်း မိနွယ်ကို တွေ့ချင်နေတာ၊ မိနွယ်ကို မတွေ့ခင်က သူများတွေ ပြောကြတာကို မယုံချင် ဘူး၊ ဒီဆိုင်ကို လာတာက မိနွယ်ကို တွေ့ချင်လို့ပဲ၊ ကျွန်တော် တော့ရကျိုးနပ်ပါတယ်၊ မိနွယ်အလှက တကယ့်ကို ရခိုင်း ပန်းတစ်ပွင့်ရဲ့ အလှမျိုးပဲ၊ သူများတွေလို ပြင်ပြင်ဆင်ဆင်နဲ့ ဝတ်ကောင်းစားလှတွေ ဆင်ယင်လိုက်ရင် ဒီမြို့က အချော



www.burmeseclassic.com

www.burmeseclassic.com



အလှတွေ ထိုင်ငိုကြမှာ အရမ်းကို သေချာတယ်"

အမြောက်အပင့်တွေနှင့် မိန်းကလေးတစ်ယောက် ကျ လောက်အောင် ကိုကိုကျော် ပြော၏။ ကိုကိုကျော် မျက်လုံးအကြည့်များနှင့် ချိုသာသော စကားများကို မသာယာ ချင်သော်လည်း ရင်ခုန် လှုပ်ရှားမိ၏။

သက်တူရွယ်တူများ၏ ချစ်စကား ကြိုက်စကားများ တို့ ကြားဖူးနားဝရှိထားသော်လည်း ဒီတစ်ခါ ကြုံဆုံရခြင်းကို တာ ရင်မှာ လှိုက်ဖိုမိနေ၏။

သူမနှင့်ကိုကိုကျော်တို့၏ မတင်မကျ ဖြစ်နေမှု အခြေအနေတို့ ကိုတင်သောင်းက ရိပ်စားမိပုံရသည်။

"မင်းတို့ချင်းက ငါ တွေ့မပေးလည်း တွေ့ကြမယ် ဆိုတာ **သိနေတာ**ယ်၊ လူချင်းအဆုံမှာ ငါ တစ်ခါတည်း အမြွက်ပြောထားချင် တယ် ကိုကိုကျော်၊ မင်းတွေ့ဖူးနေကျ မိန်းကလေးတွေရဲ့ ဘဝမျိုး မိနွယ်မှာ မရှိဘူး၊ မိနွယ်ဟာ တကယ့်ကို ချို့တဲ့စွာနဲ့ မိသားစု ဝမ်းစာကို ဖြည့်ဆည်းရင်း





ဆယ်တန်းအထိ ကျောင်းတက်လာရတဲ့သူ၊ သူများတွေ ပျော်ချိန် ပါးချိန်၊ ဝတ်ကောင်းစားလှတွေနဲ့ မိန်းမောကျ နေချိန်မှာ မိနွယ်က တစ်ဝမ်းတစ်ခါးမကတဲ့ မိသားစုဝန်ကို ထမ်းနေရတဲ့ မိန်းကလေးပါ၊ မင်း စိတ်ပျော်ဖို့ မင်းနှလုံး သားကို ဖြည့်ဆည်းပေးဖို့ မိနွယ်ကိုတော့ ချမ်းသာပေးစေ ချင်တယ်၊ ငါ့ညီက ဒီလောက် ပြောရင် သဘောပေါက်မှာ ပါ၊ မိနွယ်ကို ညီမတစ်ယောက်လို ခင်မင်ပြီး သူ့ဘဝကို တတ်နိုင်သလောက်ဖြစ်ဖြစ် ခရီးသွားဟန်လွှဲသဘောမျိုးနဲ့ ကူညီစေချင်တယ် ကိုကိုကျော်"

ကိုကိုကျော်၏ စကားအသွားအလာများကြောင့်ပင် ကိုတင်သောင်းက စည်းတွေ တားထားလိုက်၏။

ဒီစရိုက်က ကိုတင်သောင်း၏ စေတနာအမှန်ပင် ဖြစ် သည်။ ဒီမြို့က လူငယ်တွေရော လူလတ်ပိုင်းတွေကိုပါ သူမနှင့်ပတ်သက်ပြီး အမြဲဆုံးမလေ့ရှိ၏။ တစ်နည်းအားဖြင့် ဆိုသော် အစ်ကိုအရင်းတစ်ယောက်ပမာ သူမကို ကိုတင်သောင်း



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ကာကွယ် ပေးထားခဲ့၏။

"ကျွန်တော် သဘောပေါက်တယ် ကိုတင်သောင်း၊ ဒီသတင်းကိုလည်း ကျွန်တော် ကြားပြီးသားပါ၊ သားကောင်တိုင်းကိုတော့ အလွတ်မပေးတတ်တဲ့ မုဆိုးတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်တော့်မှာ စည်းရှိပါတယ်၊ ကျွန်တော့်ဆီကို သူ့အလိုလို ခစားရောက်လာတတ်တဲ့ သားကောင်တွေရဲ့ အလိုအတိုင်း ကျွန်တော့် အကျင့်ဖြစ်နေရတာ၊ မိန္ဒယ်လို မိန်းကလေးမျိုးက သူ့အလိုလို ဘယ်တော့မှ ကျွန်တော့်ရှေ့ကို ဒူးတုပ်အခစားရောက်လာမှာ မဟုတ်ဘူး၊ ကျွန်တော်ကိုယ်တိုင်ကလည်း အဲဒီလို ခက်ခဲတဲ့ သားကောင်မျိုး စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

"မင်းကို ခင်တယ် မင်တယ်**ဆိုတော့** ပွင့်လင်းတဲ့စိတ်ရယ် စိတ်ရင်း စိတ်ကောင်းထားတတ်တဲ့ အမူအကျင့်ကြောင့်ပဲ"

"ကျွန်တော် ပြောဖြစ်ခဲ့တဲ့စကားတွေက ကျွန်တော့်





ဝသီအ တိုင်း ပြောဖြစ်သွားတာပါ၊ မိန္ဒယ် စိတ်ထဲမှာ ဘာမှမထားနဲ့၊ ကျွန်တော်တို့ နှစ်ယောက်ရိုးသားစွာ ခင်ကြမင်ကြတာပေါ့၊ မိန္ဒယ်လို မိန်းကလေးမျိုးကို ကျွန်တော် လေးစားပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုကိုကျော်"

ခင်မင်ခြင်းကို အသိအမှတ်ပြုသော စကားတို့ သူမဆို လိုက်၏။

ကိုကိုကျော်အား သောမန်တွေ့နေ မြင်နေကျ လူတစ်ဦးလို ပင် စိတ်မှာ ထင်ထားလိုက်သည်။

"မနက်ဖြန် တနင်္ဂနွေနေ့နော် မိန္ဒယ်"

"ဟုတ်တယ်လေ ကိုတင်သောင်း"

"မနက်ဖြန်မနက် နင်တို့ ဆယ်တန်းအောင်စာရင်းတွေ ထွက်မယ်လို့ ကျောင်းဆရာ ပြောသွားတယ်"

"ကျွန်မလည်း ကြားတယ်"

အောင်စာရင်းဆိုသော အသံကို ကြားရသည်းကို

www.burmeseclassic.com

www.burmeseclassic.com



က သူမစိတ်တွေ လှုပ်ရှားမိသည်။ အောင်မည်ဆိုတာကို သိနှင့်နေသည်။ ဒါပေမယ့် ရှေ့ဆက်မည့် ပညာရေး အစီအစဉ်ကို အိပ်မက်ပင် မက်ခွင့်မရပေ။

"မိန္မယ် ရင်မခုန်ဘူးလားဟင်၊ ကျွန်တော်တို့တုန်းက ဆို တစ်ညလုံး မအိပ်ပဲ အောင်စာရင်းအကပ်ကို ထိုင် စောင့်ကြတာ၊ စောင့်သာ စောင့်ရတယ်၊ ကိုယ့်နာမည်နဲ့ ခုံနံပါတ် ပါပါ့မလား ကြိတ်ပြီး စိတ်ပူရတာ အမောပါပဲ"

"မိန္မယ်က နှစ်ချင်းပေါက် အောင်မှာပါ ကိုကိုကျော်"

"ကိုတင်သောင်း ပြောတာ မဟုတ်လား၊ ဒီအတိုင်း ဆိုရင်တော့ မိန္မယ် တကယ်တော်တာပဲ၊ ကျွန်တော်တို့ ကျတော့ ဆယ်တန်းကို နှစ်နှစ်ဖြေယူမှအောင်တာလေ၊ အောင် လာတော့လည်း အောင်ရုံ သက်သက်ပါပဲ၊ ဂုဏ်ထူးတွေ ဘာတွေ မပါဘူး၊ မိန္မယ် ဂုဏ်ထူး ဘယ်နှစ်ခုမှန်းထား လဲဟင်"

"တစ်ခု နှစ်ခုလောက်ပဲ အများဆုံး ပါမယ်ထင်





တယ်၊ မနက်ဖြန် အောင်စာရင်းမှာ ကျွန်မနာမည်ပါလာ ရင်လည်း သိပ်ပြီးထူးခြားမှာ မဟုတ်တာ"

သူမ ပြောလိုက်သောစကားကြောင့်ပင် ကိုကိုကျော် ရော ကိုတင်သောင်းပါ အံ့ဩစွာဖြင့် ပြိုင်တူနီးပါး မေးလိုက် ၏။

"ဘာဖြစ်လို့လဲ မိန္မယ်"

"ဟုတ်သားပဲ ဘာဖြစ်လို့များလဲ"

"အောင်သွားရင်လည်း ရှေ့ဆက်ဖို့ခရီးက မလွယ် ပါဘူး၊ ဒီစာမေးပွဲ အောင်ဖို့တောင် အရပ်ကူ လူဝိုင်းပြီးမှ အောင်ခဲ့ရတာကို သိနေတယ်လေ"

သူမစကားကို နားထောင်ပြီး ကိုကိုကျော်ရော၊ ကိုတင်သောင်းပါ ငိုင်သွားကြ၏။ သူမဘဝဖြစ်စဉ် တစ်စိတ် တစ်ပိုင်းကို၊ ကိုတင်သောင်းက ပြောပြ၏။

"ဟုတ်တော့ဟုတ်တယ် ကိုကိုကျော်၊ မိန္မယ်ဆီမှာ အခက်အခဲတွေ အများကြီးပဲ၊ မိသားစုတာဝန်တွေ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဝေးသင် ပဲ ယူထားတယ်ထားဦး၊ မိတ်တော် မလွယ်တဲ့ကိစ္စပဲ ကိုကိုကျော်၊ ငါတို့ယ်မှာက မင်းမြင်တဲ့ အဖော်းပဲ ရန်ကုန်လို နေရာမျိုးဆိုရင်တော့ ဘာအကြောင်း လည်းကွာ၊ မိန္ဒယ်အနေနဲ့ မှာ အလုပ်လုပ်နိုင်လွန်းမှ ဝမ်းဝရုံပဲ ပိုက်ဆံရှာလို့ ရတာလေ၊ အတန်းကြီးလာရင် ကြုံတွေ့ရမယ့် ကျောင်းစရိတ်တွေကို မိအောင် ဘယ်လိုက် နိုင်ပါ့မလဲ"

"မိန္ဒယ်အတွက် ကျွန်တော့် စဉ်းစားပေးပါ့မယ် ကိုတင်သောင်း၊ မိန္ဒယ်အတွက် တကယ့်ညီမလေး တစ်ယောက် လို စိတ်ရင်းနဲ့ စဉ်းစားပေးမှာပါ၊ မိန္ဒယ် အောင်စာရင်း ထွက်ပြီးရင် ကျွန်တော် စဉ်းစားထားတာကို ပြောမယ်"

သူမရော ကိုတင်သောင်းပါ ကိုကိုကျော်စကားကို နားထောင်ပေးကြ၏။

"အေးကွယ်၊ ခရီးသွားဟန်လွှဲ မင်းအကူအညီ တစ်ခုတော့ ပေးခဲ့ရင် ကောင်းတာပေါ့၊ အကူအညီဆိုတာ





တကယ်လိုအပ်တဲ့ လူမျိုးကို ပေးရတာ မြတ်ပါတယ် ကိုကိုကျော်ရာ"

"မိန္ဒယ်အကြောင်း ဆွေးနွေးရတာနဲ့ ကျွန်တော့် ရင်ထဲမှာ တကယ့်ကို မှန်းကျမ်းကျမ်းကြီး ဖြစ်လာမိတယ်၊ ကျွန်တော်တို့ အပြင်သွားပြီး လက်ဖက်ရည်သောက်ရင် ကောင်းမယ်ထင်တယ် ကိုတင်သောင်း၊ ဆိုင်ကို မိန္ဒယ်နဲ့ ထားခဲ့ရင် ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ မိန္ဒယ် လာတဲ့နေ့ဆို ငါ လက်ဖက်ရည် ထွက်သောက်နေကျပဲ၊ တစ်ခုတော့ ရှိတာပေါ့"

"ဘာများလဲ ကိုတင်သောင်းရဲ့"

သူမကတော့ ကိုကိုကျော်နှင့် ကိုတင်သောင်းတို့ အတိုင်အဖောက် စကားများကို ငြိမ်ပြီး နားထောင်နေမိသည်။

"ဒီလိုလေ၊ အပြန်ကျရင်တော့ မိန္ဒယ်သောက်ဖို့ ပါဆယ်တော့ အမြဲဆွဲလာရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ ကိုတင်သောင်းရယ်၊ ကျွန်တော်က တခြားကိစ္စ မှတ်လို့"

ကိုတင်သောင်း၏ အပြောင်အပျက်စကားကြောင့်ပင် ကြားထဲကနေပြီး အားနာစကား သူမ ဆိုဖြစ်၏။

"ရပါတယ်၊ မိန္တယ်အတွက် ဝယ်မလာပါနဲ့"

"ဝယ်လာရမှာပေါ့ မိန္တယ်ရယ်၊ ကျွန်တော်တို့က လေကြောမိရင် ကြာမှာ၊ ကောင်မလေးတွေလာမေးရင်သာ မိန္တယ် ကြည့်ကောင်းအောင် ဖြေပေးနော်"

ကိုကိုကျော်စကားကို နားမရှင်းမည်စိုး၍ ကိုတင်သောင်းက ဝင်ပြီး ရှင်းပြ၏။

"ဒီလို မိန္တယ်ရေ့၊ မိန္တယ် မရှိတုန်းမှာ ဒီကောင်ကြီးတဆိုင်ကို လာပြီး သူ့ကောင်မလေးတွေနဲ့ အဖွဲ့ကျနေတာလေ၊ အဲဒီကောင်မလေးတွေ သူ့ကိုမေးရင် အပြင်သွားတယ် စောင့်ရင် စောင့်ပါလို့ ပြောခိုင်းတာ"

"စိတ်ချနေပါ၊ တစ်ခါတည်း လက်လန်သွားအောင်





ကျွန်မ ဆုံးမလွှတ်လိုက်မယ်"

အပြောင်အပျက်စကားများကို အရွှန်းဖောက်ပြီး ပြောဆို ဖြစ်ကြသည်။ တခဏတာအတွင်းမှာပင် ကိုကိုကျော်နှင့် ငယ်ပေါင်း ကြီးဖော်တွေလို ရင်းနှီးသွားရသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

(၂)

တနင်္ဂနွေမနက် အရုဏ်လင်းသည်နှင့် သူမလုပ်နေကျဖြစ်သော ဈေးထဲမှ ကုန်ခြောက်ဆိုင်ကြီးကို စနစ်တကျဖြစ်အောင် ပစ္စည်းများ ခင်းကျင်းပေးရ၏။ ဈေးထဲမှာပင် နပမ်းလုံးနေရသောကြောင့် အောင်စာရင်းကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့မိသည်။

မနက်ရှစ်နာရီထိုးတော့ ဆိုင်ရှင်တရုတ်မကြီးက ပေးနေကျ လုပ်အားခ ပိုက်ဆံကိုယူပြီး အိမ်သားတွေစားဖို့

www.burmeseclassic.com

www.burmeseclassic.com



သောက်ဖို့ ထွက်ချက်ပြီး ဈေးဝယ်ရပြန်သည်။ ဈေးဝယ်ရင်းက ပြောကျဆိုကျသံများကြောင့် ခေါင်းထဲသို့ အောင်စာရင်းကိစ္စက ဝင်လာသည်။ မရှိမရဲ နိုင်လွန်းလှသော အပြင်အဆင်များနှင့် ပစ္စည်းများကြောင့်ပင် အောင်စာရင်း သွားကြည့်ဖို့ကို နောက်ဆုတ်လိုက်ရပြန်သည်။

ဟင်းချက်စရာတွေ ပြန်ပို့ပြီး ရေမိုးချိုးပြီးမှ အေးအေးဆေးဆေး ကြည့်ဖို့ ဆုံးဖြတ်ကာ ဈေးအတွင်းမှ ထွက်လာခဲ့၏။

ဈေးအထွက်လမ်းမလယ်ခေါင် အလွန်လေးကမ်မှာ သူမ အနားသို့ ဆိုင်ကယ်တစ်စီး ထိုးရပ်လာ၏။

သေချာကြည့်တော့ ဆိုင်ကယ်ပေါ်မှ လူမှာ ကိုကိုကျော်ဖြစ်နေ၏။

"ကိုကိုကျော် ဈေးကို လာတာလား"

"ဟုတ်တယ်၊ ကိုတင်အောင်းက မိနွယ် ဈေးထဲမှာ ရှိနေမယ်လို့ ပြောလိုက်လို့ လိုက်ရှာမလို့လေ"





"ဘာကိစ္စရှိလို့လဲ ကိုကိုကျော်"

"အခုအချိန်အထိ မိနွယ် အောင်စာရင်း သွား မကြည့်ရသေးဘူး မဟုတ်လား"

"ဟုတ်တယ် ကိုကိုကျော်၊ မျက်စိနှစ်လုံး စဖွင့်ကတည်းက အခုအထိ အောင်စာရင်းကြည့်ဖို့ အချိန်မရဘူး ဖြစ်နေတာ၊ ဒီပစ္စည်းတွေ အိမ်ပြန်ပို့ပေးပြီးမှ အေးအေးဆေးဆေး သွားကြည့်မလို့"

"မိနွယ့် အောင်စာရင်းကို ကျွန်တော် ကြည့်ခဲ့ပြီးပြီဆိုရင် လုံလောက်မလား၊ ကျွန်တော် ပြောပြချင်တယ်"

"ကိုကိုကျော်ကလည်း ကျွန်မတို့ စာစစ်ဌာနမှာ နာမည်တူတွေ ဘာတွေ ရှိရင်ရှိနေမှာ၊ ကျွန်မနာမည် တစ်ခုတည်းကို သိရုံနဲ့ ကိုကိုကျော် အမှတ်လွဲရင် ဘယ်နှယ့်လုပ်မလဲ"

သူမ အောင်စာရင်းကို ကိုကိုကျော် ကြည့်ပြီးပြီဆိုတော့ အံ့ဩမိသည်။ မသေချာမှာစိုး၍ သူမ စကားနာ



www.burmeseclassic.com

www.burmeseclassic.com



ထိုးမိသည်။

ကိုကိုကျော်က စေ့စပ်သေချာကြောင်းကို သူမ သိအောင် ပြော၏။

"အဲဒီလောက် ဘယ်ညှိုပုံမလဲ မိန္ဒယ်ရား မိန္ဒယ်ရဲ့ ခိုနံပါတ်ရော၊ ဖခင်နာမည်ကိုပါ မနေ့က ည ကတည်းက ကိုတင်သောင်းဆီက သိပြီးသား"

"ဒါဆိုရင် ပြောလေ၊ မိန္ဒယ် အောင်တာ သေချာရဲ့ လား"

"အောင်တယ် မိန္ဒယ်၊ မြန်မာစာ ဂုဏ်ထူးတစ်ခု တောင် အဆစ်ပါသေးတယ်"

"တကယ် မြန်မာစာ ဂုဏ်ထူးပါတာ"

မြန်မာစာဂုဏ်ထူးပါသည်ဆို၍ တခုန်မဟုတ် ဝမ်းသာသွားမိသည်။ ဒီပြင်ဘာသာတွေ ဂုဏ်ထူးပါခြင်း ထက် မြန်မာစာဂုဏ်ထူး ပါခြင်းကို သူမ စိတ်ကျေနပ် နေမိသည်။





"စာရေးဆရာမ သိပ်ဖြစ်ချင်တဲ့ မိန္ဒယ် မြန်မာစာ ဂုဏ်ထူးပါတာ ကျွန်တော်ရော ကိုတင်သောင်းပါ ဂုဏ်ယူ နေကြတာ မိန္ဒယ်၊ ကိုတင်သောင်းဆိုင်ကနေ စောင့်နေ တယ်၊ ကျွန်တော်နဲ့ တခါတည်း မိန္ဒယ် လိုက်ခဲ့ပါလား"

ကိုကိုကျော် သူ့ဆိုင်ကယ်နှင့် အတူစီးရန် ဖိတ်ခေါ် နေ၏။ သူမ၏ဖရိုဖရဲနိုင်မှုတွေ မရှိခဲ့ရင်တောင်မှ ကိုကိုကျော် နှင့် ဆိုင်ကယ် အတူစီးလို့ မဖြစ်နိုင်ပေ။ သူမတို့နယ်မြို့လေး က တကယ့်ကို ကျဉ်းကျဉ်းလေး ဖြစ်၏။

တစ်ခဏအတွင်းမှာပင် ကိုကိုကျော်နှင့် ဆိုင်ကယ် အတူစီးသည့် သတင်းမှာ ပျံ့နှံ့သွားမှာ သေချာ၏။

"ဒီပစ္စည်းတွေ အိမ်ပြန်ပို့ပေးရမယ် ကိုကိုကျော်"

"ဒါဆိုလည်း အိမ်အထိ လိုက်ပို့ပေးမယ်၊ ပြီးမှ ကိုတင်သောင်းဆီ ပြန်သွားကြတာပေါ့"

ကိုကိုကျော်ကတော့ သဘောရိုးနှင့် ပြောဆိုနေဟန် သေချာ၏။ အရိပ်ပြ၍ အကောင်မမြင်မှတော့ ထားလိုက်တော့ သည့်



www.burmeseclassic.com

www.burmeseclassic.com



ပင် သူမ ပြောလိုက်မိသည်။

"ကိုကိုကျော်နဲ့ အတူတူ ဆိုင်ကယ်စီးလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒီမြို့က ကျဉ်းကျဉ်းလေးလေ၊ အပ်ကျတာကအစ အကုန် သိကြတာ၊ ရန်ကုန်လိုမှ မဟုတ်တာ၊ ကိုကိုကျော် ဆိုင်တနေပြီး မြန်စောင့်နေပါ၊ ကျွန်မ လာခဲ့ပါ့မယ်"

"ဒါဆိုလည်း ကောင်းပြီ မိနွယ်၊ ကိုကိုတို့နှစ်ယောက် မိနွယ်ကို စောင့်နေကြမှာနော်"

ဆိုင်ကယ်စက်နှိုးပြီး သူမရှေ့မှ ကိုကိုကျော် ထွက်သွား၏။

ကိုကိုကျော်၏ အရေးတယူဆက်ဆံမှုကြောင့်ပင် စိတ်ထဲမှာ ကျေနပ်မိပြန်၏။





ရေမိုးချိုးခြင်း၊ အဝတ်အစားဝတ်ခြင်းကို အချိန် သိပ်မဆွဲပဲ အဆုံးသတ်ရ၏။

'သုခုမ' ဆိုင်လေးသို့ သူမရောက်သွားတော့ ကိုကိုကျော် တစ်ယောက် အဆင်သင့် ရှိမနေပေ။

"ကြာလိုက်တာ မိနွယ်ရယ်၊ ကိုကိုကျော်က အိမ် ခဏပြန် သွားတယ်၊ သူ့အိမ်က ဖုန်းလာလို့လေ"

ဆိုင်ပေါ်လှမ်းတက်သည်နှင့် ကိုတင်သောင်း ပြော၏။

ကိုကိုကျော်တစ်ယောက် သူမတို့၏ မြို့လေးကို အလည် ရောက်နေတာ ရက်အတန်ကြာသွားခဲ့ပြီ။

"ကိုကိုကျော် ပြောလို့သာ မြန်မာစာ ဂုဏ်ထူးပါ တယ်ဆိုတာ သိရတာ၊ ကျွန်မဖြင့် အခုထိကို အောင်စာရင်း မကြည့်ရသေးပါ ဘူး ကိုတင်သောင်းရယ်"

"သေချာပါတယ် မိနွယ်ရဲ့ ကိုကိုကျော်က မနေ့က အစောကြီး ထပြီး နင့်အောင်စာရင်းကို သွားကြည့်ပေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာမှ နှင် အောင်တယ်ဆိုတာ သိရတာ၊ ငါနဲ့သူ နောက်တစ်ခေါက်တောင် ထပ်ကြည့်ပြီးပါပြီ"

"ဆယ်တန်းအောင်လို့ ဝမ်းသာရပေမယ့် ရှေ့ဆက် ပညာသင်နိုင်မှာတွေးပြီး စိတ်ပူမိတာ အမှန်ပဲ"

အစ်ကိုကြီးတစ်ယောက်ကို ရင်ဖွင့်သလိုမျိုး ပွင့်လင်းစွာ သူမ ပြောချလိုက်သည်။

သူမ စိုးရိမ်သောကတို့အတွက် ပြေရာပြေကြောင်းနှင့် အစီအစဉ်များကို ကိုတင်သောင်း ပြောပြသည်။

"ဒီအတွက် ငါတို့ နည်းရှာထားတယ်၊ နှင့်အောင်ချင်းကို သိရရင် ကိုကိုကျော်က နှင့်အတွက် သူ စဉ်းစားထားတာကို ပြောမယ်ဆိုတဲ့ စကားကို နှင် မှတ်မိမှာပါ သူ ငါ့ကို ပြောပြပြီးပြီ၊ တိုင်လည်း တိုင်ပင်ပြီးပြီ မိန္နယ်"

ကိုကိုကျော်က ဘာတွေစဉ်းစားပြီး ကိုတင်သောင်းနှင့် ဘာ တွေတိုင်ပင်သည်မသိ။ သူမ မေးမည်ဟု ကြံနေဆဲမှာပင် ဆိုင်ရှေ့သို့ ဆိုင်ကယ်နှင့် ကိုကိုကျော် ပြန်ရောက်





သာ၏။ ဆိုင်ပေါ်သို့ တက်လာသော ကိုကိုကျော်အား ကိုတင်သောင်း လှမ်းမေးလိုက်သည်။

"ဘယ်လိုလဲ ကိုကိုကျော်၊ မင်းအမေနဲ့အမေက ခွင့်ပေါ်ပြီ မဟုတ်လား"

"ဆိုပါတော့ဗျာ၊ ကျွန်တော်တော့ အလွန်ဆုံး တစ်ရက် နှစ်ရက်လောက်ပဲ ဒီမှာ နေခွင့်ရတော့မယ်"

သူမကို လှမ်းကြည့်ရင်း ကိုကိုကျော် ပြော၏။

ကိုကိုကျော်နှင့် ခင်ရမင်ရသော အချိန်မကြာသေးခင်မှာပင် ခွဲခွာကြဖို့ ဖြစ်လာ၏။

"ကဲ . . . ကိုကိုကျော်၊ မင်းကိုယ်တိုင်ပဲ မင်းစဉ်းစားထားတဲ့ အကြောင်းကို ပြောပြလိုက်ကွာ"

ကိုတင်သောင်းက ပြောဖို့ စကား လမ်းကြောင်း၏။

ဆိုင်ကယ်ဦးထုပ်ကို စာအုပ်ပေါ်တင်ရင်းက သူမကို ငဲ့ကြည့်သေး၏။

"ဒီလို မိန္နယ်၊ ဒီမြို့လေးမှာ တိုးငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



မိသားစုနဲ့အတူ ရုန်းကန်ရင်း အသက်မွေးခဲ့တာ အခုချိန်အထိပဲနော်၊ တကယ်လို့များ ရန်ကုန်လို မျက်စိပွင့် နားပွင့်ရှိတဲ့ နေရာမျိုးကို မိနွယ် မသွားချင်ဘူးလား"

မထင်မှတ်ထားသော မေးခွန်းကို အမေးခံလိုက်ရသည့်အတွက် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

သူမနှုတ်မှ အဖြေစကား မထွက်လာသောအခါ ကိုတင်သောင်းက ဖြည့်စွက်ပြီး ထပ်ပြောဖြန့်သည်။

"ကိုကိုကျော် စကားကြောင့် မိနွယ် နားမလည်သလို ဖြစ်ရင်ဖြစ်သွားမယ်၊ မိနွယ် ပညာဆက်သင်ဖို့နဲ့ ဒီမှာထက် သက်သာတဲ့ အလုပ် [illegible] ကိုကျော်က စီစဉ်ထားတဲ့ကိစ္စတစ်ခု ရှိတယ်၊ မိနွယ် ရန်ကုန်မှာနေဖို့ကိစ္စပါပဲ၊ မိနွယ် ဖြစ်ချင်တဲ့ စာရေးဆရာမ ဖြစ်ဖို့ အခွင့်အလမ်းလည်း နီးစပ်သွားတာပေါ့၊ ဟိုမှာ မဂ္ဂဇင်းတိုက်တွေ ထုတ်ဝေသူတွေ အများကြီး ရှိနေတာပဲ"

သူမ နားလည်သဘောပေါက်စ ပြုလာသည်။





သူမဘက်မှ သွားဖို့ မသွားဖို့ထက် အခက်အခဲများကို တင်ပြဖြစ်ပြန်၏။

"အမေနဲ့ အိမ်ကို လစ်ပြီးသွားဖို့ဆိုတာ မလွယ်ကူတဲ့ကိစ္စ တစ်ခုပဲ၊ ပြီးတော့ ကျွန်မက ရန်ကုန်ဆိုတာကို ကြားဖူးနားဝပဲ ရှိထားဖူးတာ"

"မိနွယ် အမေက တရှောင်ရှောင် ဆိုပေမယ့် အမြဲတမ်းကြီး အိပ်ရာပေါ် လဲနေတာမှ မဟုတ်တာ၊ ပြီးတော့ ရန်ကုန်မှာ နေဖို့နဲ့ အလုပ်အကိုင်အတွက် ပိုက်ဆံရမယ့်နည်းလမ်းကိုပါ စဉ်းစားထားပြီးသား၊ ဒီမှာ ပင်ပင်ပန်းပန်းလုပ်ကိုင်ပေးရတဲ့ [illegible] သက်သာနဲ့ရမယ်၊ ပြီးတော့ မိနွယ်အတွက် အစစ အရာရာ လမ်းတွေ ပွင့်စေမယ့်ကိစ္စပါ"

ကိုတင်သောင်း ပြောသည့်အကြောင်းအရာတွေကို ငြင်းနေစရာ မရှိပေ။ ခက်နေတာက သူမ ဘယ်မှာ မှီခိုနေပြီး ဘာတွေလုပ်ရမည်ကို မသိရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်သောင်း ပြောသလို ဖြစ်ပါပြီတဲ့၊ ကျွန်မ အနေနဲ့ ဘာအလုပ်လုပ်ပြီး ဘယ်မှာ နေရမှာလဲ"

သူမ၏အမေးကို ကိုကိုကျော်က ရှင်းပြ၏။

"ကိုကိုကျော့်အိမ်မှာနေဖို့ စီစဉ်ထားတယ်"

"ကိုကိုကျော့်အိမ်မှာ နေရမယ်"

"ဟုတ်တယ် မိန္နယ်၊ မိန္နယ်က ကိုကိုကျော့်အိမ်မှာ နေရမယ်၊ အလုပ်ကတော့ ကိုကိုကျော့် အိမ်အလုပ်တွေကို ဝိုင်းကူပေးရုံပဲ၊ ကိုကိုကျော်ရဲ့ မေမေရယ် ဖေဖေရယ် ဒါပဲရှိတာ၊ အိမ်မှုကိစ္စတွေကို ကူပြီး လုပ်ပေးရုံပဲ၊ ဒါက အခုလောလောဆယ်မှာ အဆင်ပြေဆုံးပဲ၊ အလုပ်အဆင် ပြေသလို မိန္နယ်ရဲ့ ပညာရေးလည်း အဆင်ပြေမယ် လေ"

"ဟုတ်တယ် မိန္နယ်၊ ငါ ရန်ကုန်ဆင်းတိုင်း အန်တီစောက မိန်းကလေးတစ်ယောက်လိုချင်တယ်လို့ အမြဲပြောတယ်၊ အိမ်မှခေါ်ထားတဲ့ ကောင်မလေးတွေက မမြဲတာများတယ်၊ နင့်ကို တွေ့ပြီး နင် လုပ်ပုံကိုင်ပုံ ဆက်ဆံပုံတွေကို





အန်တီစော သဘောကျမှာ သေချာတယ်"

"ကိုတင်သောင်း ပြောသလိုဆိုရင် ကျွန်မက အိမ်ဖော်သဘောမျိုး လုပ်ရမှာပေါ့"

"ဒီသဘောတော့ မယူဆပါနဲ့၊ ကိုကိုကျော် တစ်ယောက်လုံး ရှိတယ်၊ အဓိက,ကတော့ မေမေစောကို မိန္နယ် အဆင်ပြေအောင် ကြည့်နေရုံပါပဲ၊ မိန္နယ်ကိစ္စကို ဖေဖေနဲ့ ကိုကိုကျော် တိုင်ပင်ပါ့မယ်၊ ဖေဖေက သဘော ကောင်းပါတယ်၊ ကိုတင်သောင်း အသိပဲလေ"

"ဟုတ်တယ် မိန္နယ်၊ မိသားစုလို နေရတိုင်ရမှာ၊ အန်တီစောနဲ့ အဆင်ပြေရင် ကိစ္စပြီးနေပြီ၊ ကိုကိုကျော် တစ်ယောက်လုံး နင့်ဘက်မှာ ရှိနေတာပဲဥစ္စာ"

ကိုကိုကျော်နှင့် ကိုတင်သောင်းတို့ကတော့ ရန်ကုန်သို့ လိုက်နေဖို့ အတော်လေးကို အားသန်နေကြ၏။

ကိုတင်သောင်းကို ယုံသလို ကိုကိုကျော့် စေတနာကို လည်း သူမ ယုံသည်။

www.burmeseclassic.com

www.burmeseclassic.com



“ကိုကိုကျော်တို့ အစီအစဉ်ကို လိုက်နာဖို့က မခက်ခဲပါဘူး၊ အဆင်မပြေဖြစ်မှာကိုပဲ ကျွန်မကြောက်တယ်”

“မိန္ဒယ် လိုက်ဖြစ်မယ်ပေါ့”

သူမ မျက်နှာကို စေ့စေ့ကြည့်ရင်း ကိုကိုကျော် မေး၏။

ကိုကိုကျော်အမေးကို နှုတ်ဖြင့် မဖြေဘဲ မငံ့မရဲ အမူအရာ ဖြင့် ခေါင်းညိတ်လိုက်မိ၏။

“ဒါဆိုရင် မနက်ဖြန် ကျွန်တော် ရန်ကုန် ပြန်ဆင်းမယ် ကိုတင်သောင်း၊ နောက်နှစ်ရက်လောက်ကြာမှ ကိုတင်သောင်းက မိန္ဒယ်ကို ခေါ်ပြီး လိုက်လာခဲ့ပေါ့၊ မိန္ဒယ်ကို ကြိုပြောထားမယ်နော်၊ ကိုကိုကျော်နဲ့ ပတ်သက်ပြီးတော့ မိန္ဒယ် လိုက်လာတယ်ဆိုတာကို မေမေစော လုံးဝမသိစေနဲ့နော်”

သူမဘဝ၏ ကံဇာတာ အလှည့်အပြောင်းက မထင်မှတ်ဘဲ ပေါ်ပေါက်ခဲ့သည် ထင်၏။





အိပ်မက်ပင် မမက်ဘူးသော မြို့ပြကို သူမ ရောက်ရတော့မည်။ သူမ သွားနေရမည့်အိမ်က သူမသံယောဇဉ်ဖြစ်မိသော ကိုကိုကျော် အိမ်မှာ ဖြစ်နေ၏။ မျက်လုံးစုံမှိတ်ရင်းက ရန်ကုန်လိုက်ဖို့ကို သူမ ဆုံးဖြတ်မိသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကိုတင်သောင်းနှင့်အတူ ရန်ကုန် လိုက်ခဲ့သည် ခရီးစဉ်သည် သူမဘဝ၏ တစ်ဆစ်ချိုးပြောင်းလဲမှုကို စတင် ခဲ့ခြင်းလည်း ဖြစ်၏။

ကြီးကျယ်ခမ်းနားလွန်းသော မြို့ပြ၏ အဆော အသက်များကြားမှာ တိုးဖြစ်ရှုမောရင်းက သူမအဖို့ မှတ် သူငယ် နားသူငယ် ဖြစ်ရသည်။



ကိုကိုကျော်တို့ နေထိုင်ရာခြံဝင်းရှေ့ကို ရောက်ရ ပြန်တော့ သူမခြေလှမ်းတို့က အလိုလို တုန့်နှေးသွားရ ပြန်သည်။

သူမ နေထိုင်ရမည့် ခြံဝင်းနှင့် တိုက်တာသည် သူမ ၏ အားငယ်ကြောက်ရွံ့မှုကို အလိုလို ဖြစ်ပေါ်စေ၏။ သူမ အစိကရင်ဆိုင်ရမည့် ကိုကိုကျော့်မေမေ အန်တီစောကို မတွေ့ရခင်ကပင် ကျောချမ်းနေရပြန်၏။

သူမအရိပ်အကဲကို အကဲခတ်မိသော ကိုတင်သောင်း က အိမ်ထဲဝင်ခါနီးမှာ သတိပေးစကားပြော၏။

"ခြံထဲဝင်ကတည်းက ငါ သတိထားကြည့်နေတာ၊ နင်ဘာလို့ သွေးပျက်ရတာတုန်း မိနွယ်၊ အန်တီစော ရှေ့ကျ ရင် ဒီပုံစံမျိုး ဖြစ်နေရင် ဒုက္ခရောက်ဦးမယ်၊ အာကိုမှ သိပ် ဦး အလေးထားမနေနဲ့ မိနွယ်၊ အန်တီစောနဲ့ အဆင်ပြေ ရင် အစစအရာရာ အဆင်ပြေပြီဆိုတာ ငါ အကြိမ်ကြိမ် ပြောခဲ့ပြီးပြီပဲ"

ရွှေသမင်စာစေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကိုတင်သောင်း၊ ပတ်ဝန်းကျင် ရှု
တရက်ကြီး အပြောင်းအလဲ သဘောမျိုးဖြစ်သွားတော့
လိပ်မြော် ငယ်မိတာပေါ့"

လိပ်ပြာငယ်ခြင်းကို တတ်နိုင်သလောက်တော့ သူ
ဖျော့ချထားလိုက်ရသည်။ အန်တီစောကို ရင်ဆိုင်ရ
အတွက် ချက်ချင်းဆိုသလို ရဲရင့်ခြင်းတွေ မွေးလိုက်ရ
ကိုတင်သောင်းနှင့် အတူတူ ဧည့်ခန်းထဲကို ဝင်မိချိန်မှ
ကော့ အန်တီစော ဖြစ်နိုင်သော မျက်နှာထားတင်းသည်
အမျိုးသမီးကြီးတစ်ဦးကို စတင်ရင်ဆိုင်ရ၏။

"မောင်တင်သောင်းပါလား၊ မင်းညီတော်မောင်
တော့ မရှိဘူးကွဲ့...

ကိုတင်ချွင်ခောင်းကို ...ပြုသောစကားဆိုရင်
သူမတို့ ...ပြန်တီစော အကဲခတ်နေ၏။

"ဦးလေးခေါ် ...ရှိလား အန်တီစော"

"ရှိပါတယ်၊ ပြောရင်းဆိုရင်း လာနေပါပြီ"





ကိုတင်သောင်းပြောသော ဦးလေးဆိုသူမှာ ကိုကိုကျော်
၏ ဖေဖေပင် ဖြစ်ရမည်။ ကိုကိုကျော့် ဖေဖေကတော့ ဒီ
အိမ်သို့ သူမ ရောက်လာခြင်း အကြောင်းအကြောင်းတို့ သိနှင့်
ပြီးသူ ဖြစ်နေမှာ သေချာ၏။

"ဒါနဲ့နေပါဦး မောင်တင်သောင်း။ ဒီကလေးမလေး
က ဘယ်သူတုန်း၊ မင်းညီမပဲလား"

အန်တီစော မေးလိုက်ချိန်မှာတော့ သူမ ခေါင်းငုံ့ပြီး
နေတတ်အောင် နေလိုက်ရသည်။

ကိုတင်သောင်းကတော့ သူမနှင့်ပတ်သက်ပြီး
အန်တီစောကို ပြောပြ၏။

"ဒီလိုပါ အန်တီစော၊ ကျွန်တော် ရန်ကုန်ရောက်
တိုင်း အိမ်မှာ အမှတ်ရအောင် လိမ္မာ ရေးခြားရှိတဲ့ မိန်းကလေး
တစ်ယောက် လိုချင်တယ်လို့ အမြဲ ...ပြောခဲ့တာမဟုတ်လား၊
အခု ကျွန်တော်တို့ မြို့က သူ... လာခဲ့တာပါ"

"နယ်ကဆိုတော့ တစ်မျိုးတော့ စိတ်ချရပါတယ်၊

www.burmeseclassic.com



မောင်တင်သောင်း ခေါ်လာတာဆိုတော့ ပိုစိတ်ချရတာပေ့ါ နားမည်တာ ဘယ်လိုခေါ်လဲ"

သူမကို ရည်ရွယ်ပြီး အန်တီစော မေး၏။

နှုတ်အနေသော သူမကိုကြည့်ကာ ကိုတင်သောင်း မျက်ရိပ်ပြသည်။

"နွယ်မိုးခင်ပါ၊ ကိုတင်သောင်းတို့ကတော့ မိနွယ်လို့ ခေါ်ပါတယ်"

"မိနွယ်လို့ပဲ အလွယ်ခေါ်တာ ကောင်းပါတယ် အန်တီစော တို့အိမ်မှာ နစ်ရှည်လများနေမှ ဖြစ်မှာနော် အိမ်ကို သတိရလို့ ဘယ်သူ့ကို လွမ်းလို့ဆိုတဲ့ အကြောင်းပြ ချက်တွေနဲ့ ခဏခဏပြန်လို့ရမှာ မဟုတ်ဘူး။ ဒီအိမ်မှာက အန်တီစောတို့ မိသားစုသုံးယောက်ရှိတယ်၊ ဒီပြင်အလုပ် သမားတွေလည်း ရှိတယ်၊ မိနွယ် တာဝန်ယူရမှာက အန်တီ စောတို့ မိသားစုသုံးယောက်ရဲ့ ဝေယျာဝစ္စတွေအတွက်ပဲ"

"ဟုတ်ကဲ့ပါ အန်တီစော"



ကိုကိုကျော်တို့ ပြောသလို အန်တီစောက အရမ်း အဆိုးကြီးထဲက မဟုတ်ဘူး . . . ဟု ကောက်ချက်ချမိ သည်။

"ဒါနဲ့ မိနွယ်က ကျောင်းတွေ ဘာတွေနေခဲ့ဖူးလား"

စကားဝိုင်းမှာပါဝင်ပြီး ငြိမ်သက်နေသော ကိုကိုကျော့် ဖေဖေ ဦးကျော်မိုးက ဝင်မေးလိုက်၏။ ဦးကျော်မိုး အမေးကို သူမ ကိုယ်စား ကိုတင်သောင်းက အဖြေပေး၏။

"ဒီနှစ် ဆယ်တန်းအောင်ပါတယ် ဦးလေး၊ မြို့မှာ တော့ မိနွယ်က ဆင်းရဲသလောက် အရမ်းအလုပ်လုပ်ပြီး မိသားစုကိုလည်း ရှာကျွေးတယ်၊ သူ့ပညာရေးကိုလည်း ဇွဲစိုက်တဲ့မိန်းကလေးပါ၊ လိမ္မာသွက်လက်လို့လည်း ဦးတို့အိမ်မှာ အဖော်ရအောင် ကျွန်တော် ခေါ်ခဲ့တာပါ"

"အြော် . . . မိနွယ်က ဆယ်တန်းအောင်ပြီးသားကိုး တော် သားပဲ၊ အန်တီစောဖြင့် ထင်တောင်မထင်မိဘူး၊ အချောင် အပြုတ်ရော လက်ရာကောင်းရဲ့လား မောင်တင်သောင်း"

ရွှေသခင်တလေ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အန်တီသောင်း၊ အန်တီစော ခိုင်းကြ
ပါ။ အစစအရာရာအတွက် အန်တီစော ကျေနပ်စေရ
မယ်"

"ကောင်းပြီလေ မောင်တင်သောင်း၊ မိန္နွယ်
အန်တီစော လက်ခံထားလိုက်မယ်၊ မိန္နွယ်ကို တစ်ခုတော့
ပြောထားရဦးမယ်၊ အန်တီတို့မှာက သားလေး တစ်ယောက်
ရဲ့ရှိတာ၊ သူ့စိတ်ကျဖြစ် အောင်တော့ အစစအရာရာ မိန္
သည်းခံပြီး လုပ်ပေးရမယ်၊ သားက အသန့်အပြန့် အရ
ကြိုက်တတ်တာ၊ မင်းရဲ့ဦးလေးက ဂိုးမများပေမယ့် တစ်
တလေ မဟုတ်တာလေးကို ကပ်သီးကပ်ဖဲ့ လုပ်တတ်တယ်

"မင်းကလည်းကွာ၊ အခုမှ ရောက်လာတဲ့လူ
စိတ်မျက်စရာအကြောင်းတွေပဲ ရွှေပြောသလို ဖြစ်နေ
မိန္နွယ်က အရင်လူ တွေလို စိတ်မျိုးထားမှာ မဟုတ်ပါဘူး
ကိုယ် ကပ်သီးကပ်ဖဲ့လုပ် တာကလည်း သူတို့ရဲ့ နေပုံထိုင်
လုပ်ပုံကိုင်ပုံကို သိပ်ဘဝင်မကျလို့ တမင်လုပ်ရပြော





တာပါကွာ၊ သားလေးကလည်း ဒီအတိုင်းပဲ၊ ငါနဲ့ သား
ပြီး ထည့်ပြောမနေနဲ့၊ ကိုယ့်ကိုလည်း ထည့်ပြောပြပြီး၊
င်းနဲ့ အဆင်ပြေပြေဆက်ဆံတတ်ဖို့ကို တစ်ခါတည်း ပြော
ထား"

ဦးကျော်မိုးက အချက်ကျကျဖြစ်အောင် တမင်
ပြောလိုက်ပုံရ၏။

"ကျွန်မအကြောင်းကို အထွေအထူး ပြောပြနေ
ရာမှ မလိုပဲ၊ ကျွန်မနဲ့ နေတိုင်းလိုလို မိန္နွယ် ဆက်ဆံထိ
တွေ့နေရမှာပဲ၊ တစ်ရက် နှစ်ရက်ဆို ကျွန်မသဘောထားကို
ဘာသာ အလိုလို သိသွားမှာပါ၊ အလုပ်တာဝန်ကျေပြီး
လိုက်သိတတ်ရင် ကျွန်မ ဘာမှ ပြောမှာ မဟုတ်ဘူး၊
အားတယ်နော် မိန္နွယ်၊ အန်တီစော လိုချင်တာ ဖြစ်ချင်တာ
ကို တစ်ခါပဲ ပြောပြထားမယ်၊ အမြဲမှတ်ထားပြီး အများ
သွင်း နည်းအောင် လုပ်ဖို့က မင်းရဲ့ အဓိကတာဝန်ပဲ"
သူမ အဓိကထားပြီး ပြေလည်အောင်ဆက်ဆံရ



www.burmeseclassic.com

www.burmeseclassic.com



မည့်သူမှာ အန်တီစောဆိုတာကို သူမ သိနေခဲ့ပြီး ဖြစ်၏။

"ဒါဆိုလည်း မိန္နယ်ကို ထားခဲ့ပြီး မြို့ထဲ ခဏသွားဦးမယ်၊ ဒီညတော့ ကျွန်တော် ပြန်အိပ်ဖြစ်မယ် မထင်ဘူး၊ မပြန်ခင် တစ်ညတော့ မိန္နယ်အခြေအနေ သိရအောင် ကျွန်တော် လာအိပ်ပါ့မယ်၊ အန်တီစောနဲ့ ဦးလေးတို့ ကျွန်တော့်ကို ခွင့်ပြုကြပါဦး"

ကိုတင်သောင်းကတော့ သူမကို အန်တီစောလက်ထဲ ထည့်ပြီး ပြန်မှဖြင့်၏။ ကိုတင်သောင်း ပြန်မည်ဆိုတော့ ရင်ထဲမှာ တစ်မျိုး ဖြစ်ရသေးသည်။

ကိုတင်သောင်း ထွက်သွားသည်နှင့် ရိပ်ခနဲ လှမ်းထွက်လာသော အမျိုးသားတစ်ယောက်ကို အန်တီစော လှမ်းခေါ်လိုက်၏။

"ဟိုတစ်ယောက် ဒီကို ခဏလာစမ်း"

"ဟုတ်ကဲ့ပါ အန်တီစော"

အသက်လေးဆယ်လောက်ရှိသော အမျိုးသားက



ခန်တီစောတို့ရှေ့မှာ ရှိသေစွာဖြင့် လာရပ်၏။

"သူ့နာမည်က မိန္နယ်တဲ့၊ သူမနေဖို့ အခန်းတစ်ခန်း ကို ရှင်းပေးလိုက်၊ ကျန်တဲ့လူတွေနဲ့လည်း မိတ်ဆက်ပေး လိုက်ဦး၊ လက်စနဲ့ ငါ့အကြောင်းတွေကို မင်းတို့သိအတိုင်း ပြောင်းချကြဦးပေါ့၊ မိန္နယ် ပြီးရင် သူနဲ့လိုက်သွား၊ အန်တီ ကတော့ ကိစ္စတစ်ခုရှိနေလို့ အပြင်သွားလိုက်ဦးမယ်"

သူမနေဖို့ ထိုစီစဉ်ကိစ္စကို လူတစ်ဦးနှင့် လွှဲပေးခဲ့ပြီး ညီနှင့် အန်တီစော ထွက်သွား၏။ အမျိုးသားကြီး ရာနောက်ကို အထွေအပိုးတွေဖြင့် သူလိုက်ခဲ့ရသည်။ နေရာအခန်းထဲမှာ အလျှည့် ပတ်ကြည့်ရှုနေစဉ်မှာ စောစောကအမျိုးသားကြီးက လာခေါ်၏။

"မိန္နယ်ကို ဆရာကြီးက ခေါ်ခိုင်းလိုက်တယ်"

ဆရာကြီးဆိုတာ ဦးကျော်မိုးအား ရည်ညွှန်းသည်ကို သိနေ၏။

"ကျွန်မ ဘယ်ကို သွားတွေ့ရမှာလဲ"

www.burmeseclassic.com



"စောစောကညည့်ခန်းမှာ ရှိနေတယ်"

ဦးကျော်မိုးရှိရာ ဧည့်ခန်းသို့အသွားမှာတော့ စောစောက အမျိုးသားကြီး လိုက်မလာတော့ပေ။

ဧည့်ခန်း၏ ဆိုဖာခုံပေါ်မှာပင် ဦးကျော်မိုး ထိုင်စောင့်နေ၏။

"သမီး ခဏထိုင်ဦး"

သူမကို ရင်းနှီးစွာ ဆက်ဆံနေခြင်းကြောင့်ပင် အနေတျူမိ သည်။

အခုချိန်ထိတော့ ကိုကိုကျော်၏ အရိပ်အယောင်ကို မမြင်တွေ့ရသေးပေ။

"သမီးရဲ့သူငယ်ချင်းကတော့ လျှောက်လည်နေပုံရတယ်၊ ဒါပေမယ့် ဦးလေးအမြင်နဲ့ ပြောရရင် သမီးမိန်ွယ်ကိုတော့ သူ့စော်တော် ခင်ရှာတယ်"

"ဟုတ်တဲ့ပါ ဦးလေး၊ ကိုတင်သောင်း ခင်မင်သလို ကိုကိုကျော်ကလည်း ခင်ခဲ့တာပါ။ ဒီအိမ်ကို ရောက်လာရ





တာ ကိုကိုကျော်ရဲ့ ကျေးဇူးကြောင့်ပါပဲ"

"ဒီအကြောင်းတွေကိုတော့ သမီးရဲ့ အန်တီစောကို ပေးသိလို့ မဖြစ်ဘူး၊ သားနဲ့မတ်သက်ပြီး ဒီကိုရောက်လာတာကို သိသွားရင် မိုးမီးလောင်မှာတော့ သေချာတယ်"

"စိတ်ချပါ ဦးလေး၊ အန်တီစောနဲ့ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆက်ဆံနေထိုင်ပေးဖို့ ကိုကိုကျော်က မှာထားပါတယ်"

သူမ အဖြေစကားကြောင့်ပင် ဦးကျော်မိုး ပြုံး၏။

"သာမန်အနေနဲ့ ဒီအိမ်ကို သမီးရောက်လာခဲ့ရင် အခုလောက်ဂ် သမီးကို စိတ်ဝင်စားဖြစ်မှာမဟုတ်ဘူး၊ ဒီလို သမီး ဦးလေးရဲ့ သားလေးက တစ်ယောက်တည်းရှိတာ၊ သားလေးကို သူ့ အမေက အရမ်းအလိုလိုက်လွန်းတယ်၊ သားလေးစိတ်က စိတ်ရင်း စိတ်ကောင်းရှိပေမယ့် သူ့အမေရဲ့ အလိုလိုက်မှုကြောင့် ဒီလိုဖြစ်နေရတာ၊ သားလေးမှာ မိန်းကလေး သူငယ်ချင်းတွေ အများကြီးရှိ နေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို သမီး သိတယ်နော်"

ကိုကိုကျော် မျက်နှာပွင့်ခြင်းနှင့် ရည်းစားများခြင်းကို စကား အလှသုံးပြီး ဦးကျော်မိုး ပြောလိုက်သည်။

အလိုက်သင့်ပင် သူမကလည်း အဖြေပေးလိုက်၏။

"သိပါတယ်"

"သားလေးက မိန်းကလေးတွေနဲ့ ပတ်ပတ် သက်သက်နေ ဆိုင်လေ့ရှိပေမယ့် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ လေးစား အထင်ကြီးခြင်းရှိခဲ့တာ မဟုတ်ဘူး သမီး၊ ဦးလေးတို့ ဆွေမျိုးတွေရှိတဲ့ သမီးတို့မြို့ကို တစ်ခေါက်တည်းပဲ သွားလည်တယ်၊ ဒီမှာတင် သမီးကို ခင်ခဲ့တယ်၊ သားလေးကလည်း ဦးလေးကို အပြတ်ပြောထားပါတယ်၊ သမီးကို ခင်တယ် သံယောဇဉ်ဖြစ်တယ့်ဆိုတာက သူအရင် အဖြစ်အပျက် သံယောဇဉ် ခင်မင်မှုတွေနဲ့ လုံးဝ မပတ်သက်ပါဘူးတဲ့၊ သမီးဘဝ၊ သမီးရဲ့ စိတ်ဓါတ်ကို သူ လေးစားတာ၊ သမီးကို သူ အကူအညီပေးချင်တာ၊ သမီး ပညာဆက်သင်





နိုင်ဖို့ အတွက် ဦးလေးကို တိုင်ပင်ပါတယ်"

စကားအရှည်ကြီးကို တထိုင်တည်းနှင့် ပြောလိုက်၍သား မသိ။

ဦးကျော်မိုး မောပန်းသွား၍ ခဏနားလိုက်သည်။

သူမအဖို့ကတော့ ဦးကျော်မိုး ပြောစကားများကိုနား ထောင်ရုံသက်သက်သာ ရှိနေ၏။

"သားလေးတောင်းတဲ့ အကူအညီ သမီးဖြစ်ချင်တာတွေကို ဦးလေး ကူညီမပံ့ပိုးပေးမယ်၊ သမီးမိန္ဒယ်က ဦးလေးတို့ အကူအညီ တစ်ခုပြန်ပေးရမယ်"

ထူးဆန်းသော ဦးကျော်မိုး၏ စကားကြောင့်ပင် အလန့်တကြား သူမ မေးလိုက်မိသည်။

"ကျွန်မက ဘာအကူအညီများ ပေးရမှာလဲ ဦးလေး"

"သိပ်မခက်ခဲတဲ့ အကူအညီပါ၊ ဦးလေးကလည်း ဦးလေး အလုပ်နဲ့ ဦးလေး အားတာ မဟုတ်ဘူး၊ သားလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ရေး ကိုယ်တာ အစစအရာရာကို ဂရုမစိုက်နိုင်တာ အမှန်ပဲ၊ သူ့မေမေကလည်း အရမ်းအလိုလိုက်ပြီး ဘာတစ်ခုမှ ရှေ့ဆောင်လမ်းပြပေးတာမျိုး မရှိဘူး၊ သားလေးရဲ့ စိတ်ရောကိုယ်ပါကို သမီးကလည်း တာဝန်ယူပြီး ဖျောင်းဖျ ပြောဆိုပေးချင်တယ်၊ အဲဒီအကူအညီကိုတော့ သမီး မိန္ဒယ်က ပေးနိုင်လိမ့်မယ်ထင်တယ်၊ သမီးကို သူက လေးစားတဲ့ စိတ်လေးရှိနေတော့ သမီးပြောတာဆိုတာကို သားလေး နားထောင်မှာ သေချာပါတယ်"

ဦးကျော်မိုး၏ အကူအညီတောင်းမှုကြောင့်ပင် သူမ အနေအထားက ဘဝင်မြင့်ချင်စရာ ဖြစ်သွား၏။ ကိုကိုကျော် အတွက်မို့ပင် လွယ်လင့်တကူ သူမ ကတိပေးမိသား ဖြစ်နေ၏။

"စိတ်ချပါ ဦးလေး၊ ကျွန်မ တတ်နိုင်သရွေ့၊ အစွမ်းရှိသရွေ့တော့ လုပ်ပေးပါ့မယ်"

"အေးကွယ်၊ သမီး ဒီအိမ်ကို ရောက်လာတာ





ဦးလေးတို့ အိမ်အတွက်ရော သားလေးအတွက်ပါ တကယ့် အဖော်ကောင်းကို ကောက်ရလိုက်သလိုပါပဲ"

ဒီအခြေအနေတွေကို သူမ အနေဖြင့် မျှော်လင့်မထားခဲ့ပေ။

သူမဘက်မှာ သုံးဝရုပ်မပေးသူမှာ အန်တီစောပင် ဖြစ်နေ ပြန်၏။ အန်တီစောကိုတော့ အဆင်ပြေအောင် အလိုက်အထိုက် ပေါင်းသင်းမှ ဖြစ်ပေတော့မည်။


www.burmeseclassic.com

www.burmeseclassic.com

## (၄)

သူမတွေးပူသလောက်တော့ အန်တီစောက အရမ်းအဆိုးကြီး မဟုတ်ပေ။ အန်တီစောမှာ ပြောရေးတစ်ခုပဲရှိသည်။ အန်တီစောက ဆွေကြီးမျိုးကြီးမှ ဆင်းသက်ပြီးလက်ရှိအခြေအနေမှာလည်း ဦးကျော်မိုး၏ ဂုဏ်အရှိန်အဝါကြောင့် မာနတရား မြင့်ထန်လွန်းတာပဲ ရှိသည်။

ဒီခြံနှင့် ဒီအိမ်ထဲမှာ နေထိုင်ကြသော တခြားအလုပ်သမားများနှင့် စာရင်တော့ သူမက ဒုတိယတန်းစား

www.burmeseclassic.com

www.burmeseclassic.com



အခွင့်ရေးရသူ ဖြစ်နေ၏။ အိမ်ထဲကို ကျန်သူများက အလုပ် မရှိပဲ ဝင်ခွင့်မပေးပေ။

သူမအပေါ်မှာရော ကျန်သူများအပေါ်မှာရော အန်တီစောထားသည့်အတွက် သဘောထားမှာ တစ်ခု ထည်းပင် ဖြစ်၏။ အန်တီစောက သူမတို့အားလုံးကို လက် အောက်ခံ အစေအပါးအ ဖြစ် အမြဲခွဲခြားဆက်ဆံ၏။

ဒီအချက်တစ်ခုကိုတော့ သူမ သည်းခံလိုက်ရုံဖြင့် နေလိုက်ရတာ အတော်လေး အဆင်ပြေမှုတော့ရှိ၏။

"မီနွယ်၊ အဲဒီအလုပ်တွေကို ခဏထားပြီး ငါ့ဆီခဏ လာခဲ့ဦး၊ ဓါတ်ပုံများ၊ ပန်းချီကားများကို ဖုန်သုတ်နေရင်းမှာ ပင် အန်တီ စောက လှမ်းခေါ်၏။ အန်တီစောကြည့်ရတာ တစ်ခုခု မိုင်းဖို့ထက် သူမအား ပြောစရာရှိနေကြောင်းမှာ သိသာနေ၏။ ဝတ္ထုရားအရပင် သူမ မေးလိုက်သည်"

"ကျွန်မ ဘာလုပ်ပေးရမလဲ အန်တီစော"

"လုပ်စရာ အထွေအထူးတော့ မရှိဘူး၊ ပြောစရာ





တော့ ငါ့မှာ ရှိနေတယ်"

"ဟုတ်ကဲ့၊ ကျွန်မ နားထောင်နေပါတယ်"

"နင် ဒီအိမ်ရောက်လာတာ တစ်ပတ်လောက်ပဲ ရှိသေးတယ်၊ နင် လုပ်တာကိုင်တာတွေက အရမ်းစနစ်ရှိပြီး သေသပ်တာတော့ အမှန်ပဲ၊ ဒီပြစ်ချက်တွေနဲ့ ဘာဆိုဘာမှ မဆိုင်ဘူး ခိုင်းစရာလည်း မလိုဘူး၊ တာဝန်ကျေတယ်၊ တချို့ ကိစ္စတွေဆိုရင် ငါ မခိုင်းဝဲနဲ့ နင့် ဘာသာ အလိုက်သိပြီး လုပ်တတ်တယ်"

သူမကို ရှေ့မှာထားပြီး အန်တီစောက ချီးမွမ်းခန်း ခွင့်နေပြန်၏။

"ဒီအလုပ်တွေ လုပ်ရတာက ကျွန်မအနေနဲ့ မပင်ပန်းပါဘူး၊ နယ်မှာတုန်းကထက်စာရင် အများကြီး သက်သာ ပါတယ် အန်တီစော၊ ပြီးတော့လည်း အလုပ်တစ်ခုခုကို လုပ်မနေရရင် ကျွန်မ ကိုယ်တိုင်က မနေတတ်တာလည်း ပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမဘက်ကတော့ သမရိုးကျအတိုင်းပင် အန်တီ စောအား ပြန်ပြောလိုက်သည်။

အန်တီစောက သူမအတွက် အခွင့်အလမ်းတို့ မနားတမ်း ပြောပြ၏။

"ညည်းကိုတော့ ငါ အမှတ်ပြည့် ပေးပါတယ် တစ်ခုတော့ ရှိတယ်နော်၊ ငါက အခွင့်အရေးပေးတယ်ဆိုပြီး တော့ ဘာကိုမှ အခွင့်ရေးယူဖို့တော့ မကြိုးစားနဲ့၊ ငါ အဖြင့် တွေ ဘာတွေသွားရင် ညည်း လိုက်ရမယ် မိန္နယ်၊ နေ့ခင်း ဘက်လောက်မှာ ငါဈေးသွားဝယ်မယ်၊ ညည်းမှာရှိတဲ့ အကောင်းဆုံး ဝတ်စုံတစ်စုံကို ရွေးဝတ်လာခဲ့၊ ညည်း အတွက် ဆင့်တော်မယ့် အဝတ်အစားကို ငါ ဝယ်ပေးမယ် ငါ ပေးမယ့် လခထဲက မဖြတ်ဘူး၊ ညည်း ဘာဝန်ကျေတဲ့ အတွက် ငါ ဆုချတယ်လို့ သဘောထားပေါ့၊ အချို့ပွဲတွေ ဘာတွေကိုလည်း ငါနဲ့ အဖော်ရအောင် ညည်းလိုက်ခဲ့ရ မယ်၊ မြင်လိုက်ဆင်လိုက်ရင် ညည်း ရုပ်ရည်က တမွေး ဖြစ်မှာ သေချာတယ်၊ ဒီလိုအခွင့် အရေးပေးလို့ ညည်း အထင်မြင့်စရာ မလိုဘူး၊ ငါ့အိမ်က အလုပ်သမား ဆိုတာကို ညည်းအမြဲစိတ်ထဲမှာ မှတ်ထားနော်"

"ဟုတ်ကဲ့ပါ အန်တီစော"

ရက်ပိုင်းမျှနှင့်ပင် အန်တီစောနှင့် အလိုက်သင့် သွားခဲ့ သည်။ သူမ၏ ကံဇာတာအလှည့်အပြောင်းကိုပင် အံ့ဩမိပြန်၏။

"မေမေစောနဲ့ အဆင်ပြေတယ် မဟုတ်လား မိန္နယ်"

အန်တီစော အလစ်ကို စောင့်ရင်းက ကိုကိုကျော် နှင့် နှုတ်ဆက်ချင်း အမြဲတွေ့တာ စကားပြောဖြစ်ကြ သည်။ အန်တီစော ရှေ့မှာတော့ သူမရော ကိုကိုကျော်ပါ မသိဖယ်ဖယ်နေပြခဲ့ကြ၏။







www.burmeseclassic.com

www.burmeseclassic.com



"အဆင့်မြေပါတယ် ကိုကိုကျော်"

"ကိုကိုကျော်လည်း သိတယ်၊ ဖေဖေနဲ့တောင် ဒီအကြောင်း ပြောဖြစ်ကြသေးတယ်၊ ကိုကိုကျော်တို့ စီမံကိန်းရဲ့ ပထမအဆင့်တော့ အောင်မြင်သွားပြီလို့ ဆိုရမယ် မိန္ဒယ်"

"စီမံကိန်းတွေ ဘာတွေ ပြောနေတော့ ဒီပြင် ကိစ္စတွေ ရှိနေသေးလို့လား ကိုကိုကျော်"

"ရှိတာပေါ့ မိန္ဒယ်၊ မိန္ဒယ် ကျောင်းဆက်တက်ဖို့ကိစ္စ ကျန်သေးတယ်လေ"

ကိုကိုကျော် အသိပေးမှပင် တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးရမည့်အရေးကို သတိရမိတော့သည်။

ဝန်းကျင်အပြောင်းအလဲ လူမှုဆက်ဆံရေး ကျယ်ပြောမှုကြားမှာ သူမ နစ်မျောမိန်းမောရင်းက ပညာသင်မည့်ကိစ္စကို မေ့လျော့နေခဲ့၏။

အန်တီစောမျက်နှာကို မြင်ယောင်ရင်းကပင် သူမ





ပြော လိုက်မိသည်။

"ဒီအထိ လိုက်လျောမှုပေးတာတောင် လွန်နေပြီ ကိုကိုကျော်၊ မိန္ဒယ် ကျောင်းဆက်တက်ဖို့ကိစ္စကိုတော့ အန်တီစော ခွင့်ပြုမယ်မထင်ဘူး"

"ဘာမှ မပြောရ မဆိုရသေးပဲ ဘာကြောင့် အားလျှော့တဲ့စကားပြောရတာလည်း မိန္ဒယ်၊ မိန္ဒယ် ဖြစ်ချင်တာ နောက်ထပ် ကျန်နေသေးတယ်လေ"

"ဘာများလဲ ကိုကိုကျော်"

"စာရေးဆရာမလေ"

သူမ၏အမြဲတမ်းမက်နေဖြစ်သော အိပ်မက်ကို ကိုကိုကျော်က တပ်လှန့်ပေးနေပြန်၏။

သူမဖြစ်ချင်သည်ဆိုပေမယ့် မလွယ်ကူသော ကိစ္စတစ်ခုပင် ဖြစ်သည်။

"ကိုကိုကျော်ရယ် ဘဝဆိုတာ ဖြစ်ချင်တာတွေ ချည်းပဲ လုပ်ယူလို့ရတာမှ မဟုတ်ပဲ၊ အခြေအနေဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးတယ်၊ ဖြစ်ချင်တယ်ဆိုပေမယ့် အချိန်တွေကို မိနွယ်အနေနဲ့ စောင့်ဆိုင်းရဦးမှာပါ။ ကျောင်းဆက်တက်ဖို့ ကိစ္စကိုတောင်မှ မရေမရာ ဖြစ်နေသေးတာလေ"

"ဖြစ်ချင်တာကို ဖြစ်အောင်လုပ်ယူတတ်တာ လူတက်ယောက်ရဲ့ တန်ဘိုးတစ်ခုပဲ မိနွယ်၊ မိနွယ်က ဒီလောက် ညံ့တဲ့လူမှ မဟုတ်ပဲ၊ မိနွယ်ဖြစ်ချင်ရာတွေဖြစ်ဖို့ ကိုကိုကျော် ပံ့ပိုးနိုင်သမျှ ပံ့ပိုးပေးချင်တယ် မိနွယ်"

ကိုကိုကျော့် သံယောဇဉ်နှင့် စေတနာတွေကို သူမ တန်ဘိုးထားချင်၏။ အသိအမှတ်လည်း ပြုချင်သည်။ ကိုကိုကျော် စကားနှင့် ကိုကိုကျော့်ကို နောက်မိလိုက်၏။

"မိနွယ်ကိုသာ ကိုကိုကျော်က ပြောနေတာ၊ ကိုကိုကျော်ကတော့ မိန်းကလေးတွေနဲ့ချည်းပဲ အမြဲအချိန် ကုန်နေတာပဲ ဥစ္စာ၊ မိနွယ်အတွက်ချည်း ပြောနေတာပဲ၊ ကိုကိုကျော်အတွက်လည်း ကိုကိုကျော် စဉ်းစားဦးနော်"

သူမ၏ အပြောင်အနောက်စကားက အထိနာသွား





...ည်ဆိုတာကို သိနေ၏။

ကိုကိုကျော်ကတော့ အပြုံးမပျက်ဘဲခပ်အေးအေး ...င့် ပြန်ပြော၏။

"ဒီမှာ မိနွယ်၊ လူဆိုတာက သိသိနဲ့ ဆိုးနေမိုက်နေ ...တတ်ကြတာ သဘာဝပဲ၊ သူ့အချိန်တန်ရင်တော့ အဲဒီကိစ္စ ...တွေက သူ့အလိုလို ပြီးဆုံးသွားမှာပါ၊ အခုတောင် ပြီးဆုံးလု ...ဖြစ်နေပြီ မိနွယ်"

"ဒီသတင်းက မိနွယ်အတွက် ဝမ်းသာစရာသတင်း ...ပဲ ကိုကိုကျော်ရယ် အဲဒီပွေတဲ့ရှုပ်တဲ့အကျင့်ကြီးကို အခု ...အတည်းက ဖျောက် သင့်တယ်၊ ကိုကိုကျော်အသက်က ...ယ်တော့တာမှ မဟုတ်ဘဲမိဘ အသိုက်အဝန်းကြောင့်သာ ...အရေး ဝတ်ရေး ပညာရေးကို မပူမပင် မကြောင့်ကြနေရ ...သာ၊ ကိုယ့်အတွက် ကိုယ့်ဘဝအတွက် ရေတန်အသင့် ...ဘာအသင့် ဖြစ်နေတာလေ၊ အချိန်ဆိုတာ မရပ်တန့်သလို ...မှု အတွေးအခေါ် အမူအကျင့်တွေလည်း အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



အလိုက် ပြောင်းလဲနေမှု တိုးတက်မှုဆိုတာရှိတာ၊ တတိယနှစ်တက္ကသိုလ် ကျောင်းသားကြီး ဖြစ်နေပြီ၊ နောက်နှစ်ဆိုရင် ပညာစုံပြီ၊ ကြင်ယာတွေ ဘာတွေမဲ့ လိုတော့တယ်၊ ယောကျ်ားကောင်း မောင်းမ တစ်ထောင်ဆိုတဲ့စကားကို အကာအကွယ်ယူပြီး မျက်နှာမများချင် ပါနဲ့ ကိုကိုကျော်ရယ်၊ အဲဒီစကားက ခေတ်ဟောင်းရဲ့ ပြယုဂ်တစ်ခု၊ ဆွေးမြည့်နေပြီ၊ ဘဝအတွက်တော့ နားလည်မှုအရှိဆုံးနှင့် သစ္စာအရှိဆုံး လက်တွဲဖော်ပဲလိုတာ"

သူမ၏ မတောက်တစ်ခေါက် ဒဿနများကို ကိုကိုကျော်က အလေးအနက်ထားမည်လား မသိ။ သိသရွေ့နှင့်တော့ ကိုကိုကျော် အသိထဲဝင်အောင် ပြောပြနေမိ၏။

"ကျွန်တော် မှတ်သားထားပါ့မယ် စာရေးဆရာမကြီးရယ်"

"မနောက်နဲ့ ကိုကိုကျော်၊ မိနွယ် အတည်ပြောပြနေတာကို သေချာနားထောင်၊ မောင်းမတစ်ထောင်နဲ့ပျော်ပါးနိုင်စွမ်းရှိတဲ့ မင်းဧကရာဇ်မှာတောင် ယုံကြည်စိတ်ချရမယ့် သစ္စာအမြဲရှိတတ်တဲ့ မိဖုရားခေါင်တစ်ပါး လိုအပ်နေသေးတာပဲ၊ ကိုကိုကျော်လို လူမျိုးအတွက်တော့ ပို လိုအပ်တာပေါ့၊ လောကကြီးမှာ ပန်းတွေမျိုးစုံအောင် ပွင့်ဖူးနေကြတာပဲ၊ အားလုံးဟာ သူ့နည်းသူ့ဟန်နဲ့ သူ့အဆင့်နဲ့ ချစ်စရာကောင်းတာချည်းပဲ၊ ရွေးချယ်ပိုင်ခွင့်ဆိုတာ ရှိနေတယ်ဆိုပေမယ့် တကယ်တမ်းမှာ တစ်ပွင့်တည်းသော ပန်းသာ ကိုယ့်အတွက် အမြဲမွှေးမြဲ့စေမှာလေ ကိုကိုကျော်"

"ကျွန်တော် နားထောင်ပါ့မယ်ဗျာ၊ စာရေးဆရာမကြီး မိနွယ် ရေးထားတဲ့ ဝတ္ထုအတိုအစ၊ ကဗျာအတိုအစလေး တွေကို ပေးဖတ်ပါလား၊ မိနွယ် ရေးတဲ့စာတွေကို ဖတ်ကြည့်ချင်တယ်"

ဒီစကားကို အပြုံးနှင့် မပြောပဲ လေးလေးနက်နက်







www.burmeseclassic.com

www.burmeseclassic.com



နှင့် ကိုကိုကျော် ပြောလေ၏။

"မိန္ဒယ် ကဗျာ မရေးတတ်ပါဘူး"

"ဝတ္ထုတော့ ရေးထားတာ ရှိမှာပေါ့"

"ရှိတယ်"

"ဒါဆိုရင် ကိုကိုကျော့်ကို ပေးဖတ်လေ"

ကိုကိုကျော်က တကယ့်ကို တောင်းဆိုနေ၏။

ကျဉ်းထဲကျပ်ထဲရောက်တော့ သူမ ရှက်နေမိသည်။

"ပေးမဖတ်ပါဘူး"

"ဘာဖြစ်လို့လဲ မိန္ဒယ်ရဲ့"

"မိန္ဒယ် ရေးထားတာကို ကိုကိုကျော်က လှောင်မှာစိုးလို့ ပေါ့"

"ဒါများ မိန္ဒယ်ရယ်၊ လှောင်တာ မလှောင်တာက ဖတ်တဲ့သူနဲ့ ဆိုင်တယ်၊ မိန္ဒယ် ရေးထားတာက မိန္ဒယ် တစ်ယောက်တည်း ဖတ်ကြည့်ဖို့လား"

"ဟုတ်တော့ မဟုတ်ပါဘူး"





"ဒါဆိုရင် ပေးဖတ်ပေါ့၊ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေထဲ ပါလာခဲ့ရင် သူများတွေလည်း ဖတ်ကြမှာပဲဥစ္စာ၊ သူများတွေထက်ဦးအောင် ကိုကိုကျော် ဖတ်ကြည့်ချင်တယ် မိန္ဒယ်"

ကိုကိုကျော်က ဖွဲ့မလျှော့ဘဲကလေးငယ်လို တစာစာ တောင်းဆိုနေ၏။

ဒီအခြေအနေရောက်မှတော့ သူမဘက်က လိုက်လျောပေးမှ ဖြစ်ပေမည်။

"ဒါဆိုရင် ပေးဖတ်မယ်၊ မိန္ဒယ်ရှေ့မှာတော့ မဖတ်ရဘူးနော်၊ အေးအေးဆေးဆေး တစ်ယောက်တည်းဖတ်၊ နောက်ပြီးတော့ မိန္ဒယ် ရေးထားတာတွေကို အပြုသဘောဆောင်ပဲ အရမ်းဝေဖန်မှု မပြုရဘူးနော်၊ အဲဒီစည်းကမ်းချက်တွေကို လိုက်နာမှ မိန္ဒယ် ပေးဖတ်မှာ"

"စိတ်ချစမ်းပါ စာရေးဆရာမကြီးရယ်၊ ဒါနဲ့ မိန္ဒယ် ဘယ် ကလောင်နာမည်နဲ့ ရေးမှာလဲဟင်"

သူမ အမြဲတမ်းစဉ်းစားသော မေးခွန်းကိုမှ ကိုကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



မေး၏။

ဒီစကားကို ကိုတင်သောင်းလည်း ပြောဖူး၏။

"ရေးတော့ ရေးနေတာပဲ၊ ဘယ်ကိုမှလည်း မပို့ဖြစ်ဘူး၊ ကလောင်နာမည်တွေ ဘာတွေလည်း အတည်မဖွေဖြစ်သေးပါဘူး"

အရိုးခံအတိုင်းပင် ပြောလိုက်မိသည်။

ခေတ္တခဏ စဉ်းစားဟန်ပြုပြီးမှ ကိုကိုကျော် ပြော၏။

"ဒီလိုတော့ မဖြစ်သေးဘူး၊ မိန္ဒယ် ရေးထားတာတွေကို ဖတ်ကြည့်ပြီး ကွန်ပျူတာ ရိုက်ပေးမယ်၊ မိတ္တူတွေ ဘာတွေ ကူးပြီး မဂ္ဂဇင်းတွေ ဂျာနယ်တွေကို လိုက်ပို့ပေးမယ်၊ အဲဒီ တာဝန်ကို ကိုကိုကျော် ယူပါ့မယ်၊ ရေးတာသားတာကတော့ မိန္ဒယ် တာဝန်ပေါ့၊ ကလောင်နာမည်ပေးဖို့တော့ အဓိကထားပြီး စဉ်းစားရမယ်၊ မိန္ဒယ် ပေဒင်တွေ ဓါတ်ရိုက် ဓါတ်ဆင်တွေ ယုံသလား၊ ယုံတယ်ဆိုရင်တော့ အောင်မြင်





ကျော်ကြားဖို့ ဆရာတွေ ရှိနေတယ်၊ သူတို့နဲ့ တွေ့ချင်ရင်လည်း လိုက်ပို့ပေးမယ်၊ မေမေစောက ဒါမျိုးတွေနဲ့ ရင်းရင်းနှီးနှီးနေတော့ ကိုကိုကျော် တွေးမိတာကို ပြောပြတာ"

"မိန္ဒယ် စာရေးချင်တာက အောင်မြင်ကျော်ကြားဖို့မှ မဟုတ်တာ၊ အဲဒါတွေ မလိုပါဘူး၊ စာရေးချင်လို့ ရေးနေတဲ့ လူအဖို့ ဒါတွေက အဓိက မကျပါဘူး၊ မိန္ဒယ်က စာရေးချင်လို့ ရေးနေတဲ့ လူပဲ ဉစ္စာ"

"စာရေးဆရာမလို့ ပြောလောက်ပါပေတယ် မိန္ဒယ်ရယ်"

ကလောင်နာမည် ရွေးချယ်ဖို့ကိစ္စက လမ်းစပျောက်နေသလို ဖြစ်သွားတာ။

ကလောင်နာမည်ကိစ္စကို လမ်းကြောင်းပေါ်သို့ သူမ ပြန် တင်ပေးလိုက်ရသည်။

"ဘယ်လိုနာမည်မျိုး ပေးမယ်လို့ ကိုကိုကျော် စိတ်ကူးရလဲ ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားကြည့်နေတာပဲ မိနွယ်၊ ကိုကိုကျော် ပြော ကြည့်မယ်နော်"

"ပြောလေ ကိုကိုကျော်"

"နွယ်မိုးခင်ဆိုတဲ့ နာမည်အရင်းက လှတာတော့ လှတယ်၊ ဒါပေမယ့် အဲဒီနာမည်ထက် ပိုပြီး သဘောကျတဲ့ နာမည်ရှိတယ်"

"ဘယ်လိုနာမည်မျိုးလဲ ကိုကိုကျော်"

"မိနွယ်ဆိုတဲ့ နာမည်ပဲပေါ့၊ ကိုကိုကျော်တော့ ဒါဒီ လို ခေါ်ရပြောရတာ မှတ်မိလွယ်မယ် ထင်တယ်၊ တစ်ခါ ဖတ်မိရုံနဲ့ လူတိုင်း သိသွားတာပေါ့"

သူမအနေဖြင့် ဒီလိုစိတ်ကူးမျိုး တစ်ခါမျှ မကူးမိ ခဲ့ပေ။ ကိုကိုကျော် ပြောတာကို အတော်လေး သဘောတွေ့ သွား၏။

"ကောင်းပြီလေ ကိုကိုကျော်၊ အဲဒီနာမည်နဲ့ပဲ မိနွယ် စာရေးမယ်"





ကိုကိုကျော်ကို တစ်ယောက်တည်း ထားခဲ့ပြီး အခန်းသို့ ခဏလာခဲ့မိသည်။ သူမသေတ္တာထဲမှ ရေးခြစ် ထားသော ဗလာစာအုပ်လေးများကို တယုတယ ထုတ်ယူမိ လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

(၇)

ကိုကိုကျော်တို့အိမ်သို့ ရောက်ပြီး နှစ်လပြည့်သော နေ့မှာပင် ရန်ကုန်သို့ ကိုတင်သောင်း ရောက်လာ၏။

ကိုတင်သောင်း ရောက်လာတော့ ဝမ်းသာအားရ ဖြစ်မိ၏။ သူမ၏အခြေအနေကိုကြည့်ပြီး ကိုတင်သောင်းက လည်း ကျေနပ်နေ၏။

"အမေတို့ နေကောင်းကြရဲ့လား ကိုတင်သောင်း၊ ကျွန်မမောင်လေးတွေရော ကျောင်းမှန်မှန်တက်ကြရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မယ့်သူ ဂရုစိုက်မယ့်သူ မရှိလို့လား မသိဘူး မိန္ဒယ်၊ နင့်အမေ ကျန်းမာရေးက အရင်ထက် အများကြီး အခြေအနေ ကောင်းပါတယ်၊ နင် ပို့ပေးတဲ့ ပိုက်ဆံနဲ့ သူတို့တွေ အဆင်ပြေကြပါတယ်၊ ငါ တစ်ယောက်လုံး ရှိနေသားပဲ မိန္ဒယ်ရယ်၊ အခက်အခဲ ရှိရင် ငါ ကူညီမှာပေါ့။ နင်ရော နေရထိုင်ရ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကိုတင်သောင်း"

"နေဦး မိန္ဒယ်၊ သူများတွေက ကျောင်းတက်ကြဖို့ မြင်ကြ ဆင်ကြပြီ၊ ဘယ်ဘာသာယူမယ်၊ ဘယ်တက္ကသိုလ် တက် မယ်လို့ ရွေးချယ်နေကြပြီ၊ နင်ကရော"

ကိုတင်သောင်း အမေးကို သူမ မဖြေနိုင်ပေ။

တကယ်လည်း ဘယ်တက္ကသိုလ်တက်ပြီး ဘယ် ဘာသာယူ ရကောင်းမှန်း မတွေးခဲ့ပေ။

သူမ ခံစားချက်ကို ဖွင့်ပြောလိုက်၏။

"တက်ချင်တာပေါ့ ကိုတင်သောင်းရယ်၊ သူများအိမ်





မှာ အဆင်ပြေအောင် နေနေရတဲ့ဘဝလေ၊ သဘောထား တင်းမာတဲ့ အန်တီစောက ဒီအခြေအနေထိ လိုက်လျော တာ လွန်နေပြီ ကိုတင်သောင်း"

"နေပါဦး မိန္ဒယ်ရယ်၊ ကိုကိုကျော်က အမြော် တစ်မျိုး အလုပ်တစ်မျိုးလုပ်တာ၊ သူ့ရော သူ့အဖေရော ဘာမှ အကူအညီ မပေးကြဘူးလား"

"ကိုကိုကျော်ကတော့ ဖြစ်အောင်စီစဉ်မယ်လို့ ပြောပါ တယ်"

"အေးဟာ နေ့ကျောင်းမတက်နိုင်တောင် အဝေး သင် လောက်ကိုတော့ သူတို့စီစဉ်ပေးသင့်ပါတယ်၊ နင့် အတွက်ရော သူတို့အတွက်ပါ အဝေးသင်တက်ရင် ဘယ်သူ မှ အနှောင့်အယှက်ဖြစ်မှာ မဟုတ်ဘူး၊ ဒီည ငါ ပြန်အိပ် မယ်၊ ကိုကိုကျော်နဲ့တွေ့မှ ပြောရဦးမယ်"

"ကိုကိုကျော်ကို အရမ်းတော့ မပြောလိုက်နဲ့ဦးနော် ကိုတင်သောင်း"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟာ၊ ငါ့ဘာသာ ကြည့်ကောင်းအောင် ပြောပေးခဲ့မှာပေါ့"

ကိုကိုကျော်တို့အတွက် လက်ဆောင်ပစ္စည်းများ၊ အိမ်က ပေးလိုက်သော ခြံထွက်သီးနှံများကို ထားရစ်ပြီး ကိုတင်သောင်း မြို့ထဲ ပြန်ထွက်သွား၏။

ကိုတင်သောင်း ထွက်သွားပြီး မကြာခင်မှာပင် အန်တီစော အပြင်မှ ပြန်ရောက်လာ၏။

"ဒီပစ္စည်းတွေကို မောင်တင်သောင်း ယူလာတာလား မိန္ဒယ်"

"ဟုတ်တယ် အန်တီစော၊ အခုလေးတင် ကိုတင်သောင်း အမြန်ပြန်ထွက်သွားတာ၊ ဒီညပြန်လာအိပ်မယ် ပြောတယ်"

"ညည်းမိဘတွေရော နေကောင်းကြတယ်တဲ့လား"

"အမေက နေကောင်းပါတယ်၊ အန်တီစောတို့အတွက် သီးနှံတွေတောင် ထည့်ပေးလိုက်ပါတယ်"

"ကောင်းပါတယ်၊ မောင်တင်သောင်း ပြန်ရင်တော့ ညည်း အိမ်အတွက် ငွေထည့်ပေးလိုက်ပေါ့၊ ညည်းတော့ပြန် မလိုက်သွားရဘူးနော်"

"ဟုတ်ကဲ့ပါ အန်တီစော"

အန်တီစောကတော့ သူမ ပြန်မည်ကို စိုး၍ မသိမသာ ပြောသွားသေး၏။

အိမ်ကို လွမ်းပေမယ့် တော်ရာမှာတော့ ပျော်သလို နေဖို့ ဆုံးဖြတ်ထားသည်ပဲ။

ညနေပိုင်းမှာတော့ အိမ်မှာလူစုံသလို ကိုတင်သောင်းလည်း ရှိနေ၏။

ညစာကို လူစုံတက်စုံဖြင့် စားသောက်ဖြစ်ကြသည်။

ထမင်းစားပွဲမှာပင် သူမ၏ အရေးကိစ္စကို ဦးလေးက စတင် ပြောလိုက်၏။

www.burmeseclassic.com



ဒီစကားတွေအရ ဆိုရင်တော့ ကိုကိုကျော်၊ ဦးလေးနှင့် ကိုတင်သောင်းတို့ ဒီအရင် တိုင်ပင်ပြီးတာ သေချာနေ၏။

"လူစုံတုန်းမှာ မိနွယ်နဲ့ ပတ်သက်ပြီး ပြောရဦးမယ်"

"ဘာများ အကြောင်းရှိလို့လည်း အဖေကြီးရဲ့"

ဦးလေး၏ စကားအစကို အန်တီစောက စိတ်ဝင်စားပြီး လိုက်နင်း၏။

"ဒီလို စောရေ့ မိနွယ်က ဆယ်တန်းအောင်ပြီးသား မဟုတ်လား၊ အခုဆိုရင် တက္ကသိုလ်တက်ခွင့် လျှောက်လွှာတွေ တင်မယ့်အချိန်ရောက်နေပြီ၊ တို့အိမ်မှာနေတော့ တို့က မသိချင်ယောင်ဆောင်နေလို့ မဖြစ်တော့ဘူးလေ"

ဦးလေးစကားကို အန်တီစောက သိပ်ဘဝင် မကျချင်ပေ။

ကိုတင်သောင်းနှင့် ကိုကိုကျော်တို့ကတော့ တစ်ခွန်းမျှ ဝင်မပြောဘဲ နားစွင့်ထားကြ၏။





သူမအနေနှင့်ကတော့ အန်တီစော၏မျက်လုံးနှင့် စကားသံများကြောင့် ရင်ခုန်ချင်နေမိသည်။

"သူက စောတို့အိမ်မှာ လုပ်ခစားနဲ့ အလုပ်လုပ်နေတာပဲ၊ သူ့အလုပ်အတွက် ပိုက်ဆံပေးရုံမကဘူး၊ သူ့ဝတ်စားဆင်မှုကအစ လူမှုရေးအဆုံး စောတို့က ပစ်ထားတာမှ မဟုတ်ပဲ၊ တက္ကသိုလ်တက်မယ့်ကိစ္စကတော့ စောတို့နဲ့ ဆိုင်မယ် မထင်ဘူး၊ စောတို့ကလည်း သူ့မိဘအုပ်ထိန်းသူတွေမှ မဟုတ်ကြပဲ"

"ဒီမှာစော၊ မိနွယ်က တို့သားထက် ငယ်တယ်၊ မိနွယ်အရင်က ကောင်မလေးတွေတို့ကြည့်၊ ဘယ်တစ်ယောက်မှ အတန်းပညာလည်း မရှိဘူး၊ လိမ္မာရေးခြားလည်း မရှိဘူး၊ အလိုက်သိတတ်မှု ရှိဖို့ဆိုတာ ဝေလာဝေးပဲ၊ အခွင့်ရေးပေးတာနဲ့ ယူဖို့က အသင့်စောင့်နေကြတာ၊ မိနွယ်က တို့သားသမီးတော့ မဟုတ်ဘူး၊ မိဝေးဖဝေး ဆွေမျိုးဝေးနဲ့ တို့အရိပ်မှာ လာခိုနေတဲ့သူ၊ လက်ရှိအနေ



www.burmeseclassic.com

www.burmeseclassic.com



အထားမှာတော့ တို့ဟာ မိန္ဒယ်ရဲ့ အုပ်ထိန်းသူတွေ ဖြစ်နေပြီ စော၊ ဒါကို စော ငြင်းလို့ မရတဲ့အချက်ပဲ"

"အဖေကြီးသဘောက ဘာဖြစ်စေချင်တာလဲ"

ဦးလေး၏စကားကိုတော့ အန်တီစောက အကြောက်အကန်ကြီး ငြင်းမနေ။

သူမကိုစ္စနှင့်ပတ်သက်ပြီး လင်မယားချင်း စကားများမှာကိုတော့ သူမ စိုးထိတ်မိ၏။

"တို့သဘောကတော့ မိန္ဒယ်ပညာရေးကို တတ်နိုင်တဲ့ဘက်တနေပြီး ပံ့ပိုးပေးချင်တယ် စော၊ ပညာဒါနပြုတဲ့ သဘောလည်းပါတယ်၊ မိန္ဒယ်လို မိန်းကလေးမျိုးကို မြေတောင် မြှောက်ပေးရတာ လောကီလောကုတ္တရာအကျိုးရှိမယ့် ကိစ္စပါပဲ"

"သူ့ကို တက္ကသိုလ်ပေးတက်ရင် ကုန်ကျစရိတ်က မနည်းဘူး၊ ပြီးတော့ အိမ်အလုပ်တွေကသိကုန်မှာ သေချာတယ် အဖေကြီး၊ ဒီအချက်ကိုတော့ အဖေကြီး ထည့်စဉ်းစား





ရမယ်နော်၊ စောအနေနဲ့ မိန္ဒယ်ကို ကျောင်းမတက်စေချင်တဲ့ သဘော မဟုတ်ဘူး၊ ဖြစ်လာ နိုင်မယ့် ပြဿနာကို ကြိုပြောတဲ့ သဘောပါ"

အန်တီစောကတော့ ခေါင်းထဲကနေပြီး ကန့်ကွက်ချင်နေတာ သေချာ၏။

အန်တီစော တင်ပြသော ပြဿနာကြောင့်မင် ဦးလေး သက်ပြင်းချလေသည်။

ထိုအခြေအနေမှာပင် ကိုတင်သောင်းက ကြားဝင်ပြီး ပြေလည်မည့်နည်းလမ်းကို ချပြလေ၏။

ကိုကိုကျော်ကတော့ အန်တီစောရှေ့မှာမို့ မဆိုင်သလို နေတတ်အောင်နေလေ၏။

"ကျွန်တော့်ကြောင့် ဒီကို မိန္ဒယ် ရောက်လာတာပါ၊ မိန္ဒယ် ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ဝင်ပြောခွင့်ပြုကြပါ"

"ပြောပါ မောင်တင်သောင်း၊ ဒီစားပွဲမှာ ထိုင်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူတိုင်းအတွက် ဦးလေး ပြောခွင့်မြူပါတယ်"

"ဒီလိုပါ ဦးလေး၊ ဦးလေးက မိန္ဒယ်ကို တက္ကသိုလ်ပညာ ဆက်လက်ဆည်းပူးစေချင်တယ်၊ အန်တီစောကလည်း အိမ်က ဝေယျာဝစ္စ လစ်ဟင်းမှာကို စိုးရိမ်နေတယ်၊ အဲဒီတော့ ဒီပြဿနာ နှစ်ခုကြားကနေပြီး ပြေလည်မယ့် နည်းလမ်းကို ကျွန်တော် စဉ်းစားမိလို့ပါ"

ကိုတင်သောင်း စကားအဆုံးမှာတော့ အန်တီစောက ဦးအောင် ကောက်မေးလိုက်၏။ စကားစ ပြောဟန်မြင်သော ဦးလေး ခမျာ တိုးလို့တန်းလန်း ဖြစ်သွားရ၏။

"ဘယ်လိုနည်းလမ်းမျိုးလည်း မောင်တင်သောင်း၊ အန်တီ စော သိချင်တယ်"

"မိန္ဒယ်လည်း တက္ကသိုလ်ပညာ ဆက်သင်ခွင့်ရမယ်၊ ဦးလေးဖြစ်ချင်တဲ့ဆန္ဒလည်း ပြည့်မယ်၊ အန်တီစော စိုးရိမ် တဲ့ဒုက္ခတွေလည်း ထင်သလောက်မဖြစ်မယ့် နည်းလမ်းပါ၊ မိန္ဒယ်ကို အဝေးသင်တက္ကသိုလ် တက်ခွင့်ပြုလို့





ရပါတယ်၊ မိန္ဒယ်ကို အဝေးသင် တက္ကသိုလ်တက်ခွင့်ပြုလို့ ရပါတယ်၊ ဝိဇ္ဇာဘာသာရပ် တစ်ခုခုယူမယ်ဆိုရင် ပို အဆင်ပြေပါလိမ့်မယ်၊ အနီးကပ်သင်တန်း အချိန်တစ်ခုပဲ မိန္ဒယ်မှာ အချိန်ယူ ရမယ်၊ ဒါကလည်း ကာလတိုလေးပါ အန်တီစော"

"ကောင်းတယ် ကောင်းတယ်၊ မောင်တင်သောင်း ပြောတာကို ဦးလေးတော့ သဘောကျတယ်၊ စာယ်လို သဘောရလည်း စော"

"ဒါဆိုလည်း ပြီးရောပေါ့ အဖေကြီး၊ ပြေလည်မယ့် နည်း လမ်း ရှိနေပါလျက်က စော ကန့်ကွက်ရင် မိန္ဒယ် တစ်မျိုးမြင်မှာပေါ့"

အန်တီစော၏ ခွင့်ပြုစကားကြောင့်ပင် အားလုံး ချက်နှာမှာ အပြုံးရိပ်သန်းသွားကြ၏။ အသိသာဆုံးကတော့ သို့ကိုကျော်ပင် ဖြစ်၏။

"ဒါပဲ ကောင်းတယ် မေမေစော၊ သားတို့ နေ့ ကျောင်းတက်သလို နေ့တိုင်းသွားစရာမှ မလိုပဲ၊ မိန္ဒယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အလုပ်မပျက်တော့ဘူး၊ ကောင်းတယ် ကောင်းတယ်"

"ဒါပဲနော် မိန္ဒယ်၊ အခုတည်းက ညည်းကို ငါ အမြွတ်ပြော ထားမယ်၊ ကျောင်းစာသင်ရင် ကျောင်းစာကို ထူးချွန်အောင် လုပ်ရမယ်၊ ကိုယ့်အဝကိုယ်ကို နားလည်ရမယ်၊ အပေါင်းအသင်းများလာလို့ တောင်တောင်မြောက်မြောက် အသံတွေကြားလာရင်တော့ အတွေ့ပဲနော်"

"စိတ်ချပါ အန်တီစောရယ်"

ဆုံးဖြတ်ချက်များ၊ ကတိကဝတ်စကားများ ပြောဆိုကြပြီး သည်နှင့် လူစုခွဲလိုက်ကြသည်။

ဦးလေးနှင့် အန်တီစောတို့ အိပ်ရာဝင်ချိန်မှာတော့ ကိုကိုကျော်၊ ကိုတင်သောင်းနှင့် သူမတို့သုံးဦး အစည်းအဝေး ဆက်ထိုင်ဖြစ်ကြ၏။

"အဆင်ပြေမှပြေပါ့မလားလို့ ကျွန်တော့်မှာ တွေး





လိုက်ရတာဗျာ"

"အဆင်ပြေနိုင်မယ့် နည်းလမ်းကို ငါတို့ ရွေးချယ်ပြီး လာတ် တိုက်ခဲ့တာပဲ၊ နေကျောင်းတက်ဖို့ဆိုရင်တော့ ပြဿနာဖြစ်မှာပေါ့ကွာ"

"အဝေးသင်တက်ခွင့်ပေးတာကိုပဲ ကျွန်မအနေနဲ့ အန်တီစောကို ကျေးဇူးတင်မဆုံးဖြစ်ရတာအမှန်ပဲ ကိုတင်သောင်း"

သူမအတွက်တော့ တက္ကသိုလ်ပညာဆက်လက်သင်ယူရေး အစီအစဉ်မှာ ရင်ခုန်ခြင်းများစွာ စိတ်ပင်ပန်းခြင်းကိုယ်စီဖြင့် အောင်အောင်မြင်မြင် ဖြစ်ခဲ့သည်။

"အဝေးသင်တက်တာတော့ ဟုတ်ပါပြီ၊ နင်ဘယ်ဘာသာယူမလဲ မိန္ဒယ်"

ကိုကိုကျော်က ကောက်ခါငင်ခါဖြင့် မေးလိုက်သည်။

စိတ်ထဲမှာ ရုတ်တရက်ပေါ်လာသော အတွေးကို



www.burmeseclassic.com

www.burmeseclassic.com

ဝင် အမြေပေးလိုက်၏။

"မိန္နယ်က မြန်မာစာ ဂုဏ်ထူးထွက်ထားတော့ မြန်မာစာ အဓိကပဲ ယူမလားလို့ ကိုကိုကျော်"

ကိုကိုကျော်ကတော့ ခေါင်းခါးဟန်ပြုသည်။

ကိုတင်သောင်းကတော့ ထင်မြင်ချက် တစ်မျိုးပေး၏။

"မြန်မာစာ ယူတာထက်စာရင် နင် မိုမြင်တာသာ တစ်ခုခုကို ယူသင့်တယ်၊ ဒဿနိကဗေဒကို နင် ယူပါလား မိန္နယ်၊ ဘာသာစကားကို စည်းစနစ်တကျ အတွင်းသိထွန်း နင် စာရေးရတာ အချုပ်အနှောင်တစ်ခုလို့ မြင်သွားလိမ့်မယ်၊ စာရေးဆရာတွေထဲမှာ မြန်မာစာသမားက အောင်မြင်တာရှားတယ်၊ အတွေးအခေါ် ကောင်းဖို့ ဒဿနိကကို ယူပါလား"

"ကိုတင်သောင်း ပြောတာ ဟုတ်တယ် မိန္နယ်၊ စာရေးမယ့် လူတစ်ယောက်ဟာ အတွေးအခေါ် ကောင်း





တဲ့၊ စဉ်းစား ဆင်ခြင်တတ်တဲ့သူ ဖြစ်ရမယ်"

ကိုကိုကျော်ကရော ကိုတင်သောင်းကပါ လိုလို လားလား ပြောနေမှတော့ သူမလည်း သဘောတူရလေသည်။

သူမဘဝ ဒီအခြေအနေထိရောက်အောင် ဒီလူတွေပဲ တွန်းပို့ပေးခဲ့သည် မဟုတ်ပါလား။

သူတို့စကားကို နားထောင်တာ အကျိုးတော့ မယုတ်တန်ရာ . . . ဟု တွေးမြင်မိသည်။

"ဒါဆို ဝင်ခွင့်လျှောက်လွှာထဲမှာ ဒဿနိကကို နံပါတ်တစ်က ထားမယ်၊ မြန်မာစာက ဒုတိယနေရာပေါ့၊ ဒီလိုဆိုရင် ဒဿနိက မရရင် မြန်မာစာတော့ သေချာပေါက်ရမှာပဲ"

"နင် အမှတ်နဲ့ ဒဿနိကပဲ ရမှာပါဟာ"

ကိုကိုကျော်က အခိုင်အမာ ပြောပြန်သည်။

သူမ ယူရမည့် ဘာသာရပ် ရွေးချယ်ခြင်း အစီ



www.burmeseclassic.com

www.burmeseclassic.com



အစဉ်ပြီးသည့်နောက်ပိုင်းမှာတော့၊ နောက်ဆက်တွဲ ဆွေးနွေးစရာခေါင်းစဉ် တစ်ခုကို ကိုကိုကျော် အစပျိုးလိုက်တယ်။

"မိန္ဒယ် ရေးထားတဲ့ ဝတ္ထုတိုတွေ၊ မဂ္ဂဇင်းဝတ္ထုရှည်တွေကို ကိုတင်သောင်း ဖတ်ဖူးတယ် မဟုတ်လား"

"ဝတ္ထုတိုတွေတော့ ငါ ဖတ်ဖူးတယ်၊ မိန္ဒယ်လက်ရာ မဆိုးဘူးကွ၊ စာရေးဆရာမ ဖြစ်လောက်တဲ့ အရေးအသားမျိုးပဲ၊ မဂ္ဂဇင်း ဝတ္ထုရှည်ကိုတော့ ငါ မဖတ်ဖူးဘူး"

"ဝတ္ထုရှည်သုံးပုဒ်က ဒီရောက်မှ ရေးဖြစ်တာပါ ကိုတင်သောင်း"

"အဲဒါတွေအားလုံးကို ကျွန်တော် ဖတ်ပြီးပြီ၊ မိန္ဒယ်က ဝတ္ထု အရေးကောင်းပဲဗျ၊ ဝတ္ထုတွေ ဘာတွေကို တစ်ပုဒ်ဆုံးအောင် ဖတ်လေ့ဖတ်ထမရှိတာ အမှန်ပဲ၊ မိန္ဒယ်နဲ့ ပေါင်းမိမှ တကယ့်ကို စာဖတ်သူ အစစ်ဖြစ်ရတာ၊ ကျွန်တော် ရည်စားတွေ အများကြီးထားဖူးတယ်၊ အချစ်ကြောင့်





ပူပင်တာတို့ ပျော်ရွှင်တာတို့တွေက ကြိမ်ဖန် ထပ်မျက်ကြုံတွေ့ရတယ်၊ ဒါတွေကို အနုပညာမြောက်အောင် ရေးဖွဲ့ဖို့ မပြောနဲ့ နားထောင်ကောင်းအောင် ပြန်ပြောပြပါဆိုရင် တောင်မှ အတော်အခက်တွေ့မှာ၊ မိန္ဒယ်ကတော့ ရည်စားတွေ ဘာတွေမထား ဖူးဘူးလို့သာ ပြောတယ်၊ အရေးအသားတွေ၊ စကား လုံးတွေ ... ကယ့်ခံစားမှု အပြည့်ပဲ ကိုတင်သောင်း"

"ဟုတ်တယ် ကိုကိုကျော်၊ မိန္ဒယ်တို့က အပြင်မှာ ရည်စားမထားရဲတော့ စာထဲမှာပဲ စိတ်ကူးယဉ်ရတာပေါ့၊ စိတ်ထဲမှာ အဖြစ်အပျက်တစ်ခုကို တွေးပြီး ရင်ခုန်ရတာ အရသာ တစ်ခုပဲ၊ ကိုယ်ဖြစ် ချင်တာကို ဖြစ်နိုင်တယ်လေ၊ ကိုယ်က မလွှမ်းရဲ မချစ်ရဲပေမယ့် ဇာတ်ရုပ်တွေကို လွှမ်းခိုင်း၊ ချစ်ခိုင်းလို့ ရနေတာယ်လေ"

"ဒါဆိုရင်တော့ မိန္ဒယ်မှာ မင်းနဲ့ငါနဲ့ ပေါင်းနိုင် အမာခံ ပရိသတ်နှစ်ဦးရနေပြီပဲ ကိုကိုကျော်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်မောင်းကတော့ အပြောင်အပျက်သဘော မျိုးဖြင့် ပြောလိုက်၏။

ကိုကိုကျော်ကတော့ တက်ကြွစွာဖြင့် သူမ မသိရှ သေးသော အကြောင်းအရာများကို အတည်ပေါက်ကြီးလှုပ် ရှား ပြောလိုက်သည်။

"ပရိုသက်နှစ်ဦးကနေပြီးတော့ စာဖတ်သူတွေ့ လက်ထဲကို မိနွယ်ရဲ့ လက်ရာတွေ မကြာခင် ရောက်လာ တော့မယ် ကိုတင်မောင်း၊ မိနွယ်ရဲ့ ဝတ္ထုတွေကို ကျွန်တော် ကွန်ပျူတာစီပြီး မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေဆီပို့ပေးပြီးပြီ"

"ဟင် . . . မိနွယ်လည်း ဘာမှ မသိရပါလား ကိုကိုကျော် ရယ်"

"ဒီဝတ္ထုတွေ ယူဖတ်တဲ့နေ့ကတည်းက မိနွယ်ကို ပြောခဲ့ပြီး ပြီပဲ၊ ကိုကိုကျော် ထင်ပါတယ် လာမယ့်နှစ်လ သုံးလအတွင်းမှာ မိနွယ်ရဲ့ ဝတ္ထုတွေကို ပုံနှိပ်စာလုံးနဲ့ ဖတ်ရလိမ့်မယ်"





"နယ်မှာကတည်းက ငါပို့ပေးမယ်လို့ လိုက်တွန်းခဲ့ ပါတယ်၊ မိနွယ်က အမြဲငြင်းလို့ မပို့ပေးဖြစ်တာ"

ကိုကိုကျော်ကတော့ တကယ်လက်တွေ့ကို အကောင် အထည်ဖော်နေတော့၏။

သူမအနေနှင့်တော့ ကိုကိုကျော်လောက်တော့ မတွေးရဲ မမျှော်လင့်ရဲသေးပေ။

သူမကိုယ် သူမ မယုံရဲသလို ကုသိုလ်ကံကိုလည်း မယုံစားချင်ပေ။

ဘာပဲပြောပြော သူမ ရေးသားခဲ့သော ဝတ္ထု စာလမ်း များကတော့ အယ်ဒီတာတွေလက်ထဲကို အမှန်တကယ် ရောက်သွားခဲ့တာတော့ သေချာနေသည်ပေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၆)

"မိန္ဒယ် . . . မိန္ဒယ်"

မီးဖိုချောင်ထဲတွင် အလုပ်ရှုပ်နေသော သူမထံသို့ ကိုကိုကျော်တစ်ယောက် အမောတကြီး ပြေးဝင်လာ၏။

ဒီအချိန်မျိုးမှာ အန်တီစောတစ်ယောက်ရှိနေ တတ်ခြင်းကို သိနေပါလျက် သတိကင်းလွတ်စွာဖြင့် ကိုကိုကျော် ရောက်လာ၍ သူမ အံ့အားသင့်သွား၏။

"ဝမ်းသာစရာ သတင်းကို လာယူခဲ့တာ မိန္ဒယ်"

www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးပြောပါ ကိုကိုကျော်ရယ်၊ တော်ကြာ အန်တီစော ကြားသွားလို့ ပြဿနာ ဖြစ်နေပါဦးမယ်"

"ဖြစ်ကာမှဖြစ်ရောဟာ ဒီမှာ ဘာလဲတွေ့လား"

မဂ္ဂဇင်းစာအုပ်တစ်အုပ်ကို ပြရင်း ကိုကိုကျော် မေး၏။

ကိုကို ပြောခဲ့သော စကားများနှင့် ဆက်စပ်ရင်းက သူမ ရင်ခုန်သံ မြန်သွား၏။ အန်တီစော ရှိနေသည်ဆိုသော အသိလည်း ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရသည်။

"ဘာလဲ ကိုကိုကျော်၊ မိနွယ် ဝတ္ထု ပါလာတာလား ဟင်၊ ပေးဖတ်စမ်းပါဦး"

"ဟုတ်တယ် မိနွယ်၊ မဂ္ဂဇင်း ထွက်တာ နှစ်ရက် လောက်တော့ ရှိသွားပြီ၊ ဒီမနက်စောစော မမေစော နိုင်းလို့ ဈေးသွားရင်းကနေ စာအုပ်အရောင်းဆိုင်မှာ အမှတ်မဲ့ လှန်ကြည့်လိုက်တာ၊ မိနွယ် ဝတ္ထု ပါလာတာနဲ့ ဝယ်လာခဲ့တာ"





မဂ္ဂဇင်းကို လက်ထဲအပြီး မထည့်သေးပဲ မာတိကာကို အရင်လှန်ပြ၏။

"တွေ့လား မိနွယ်"

"ပေးစမ်းပါ ကိုကိုကျော်ရယ် မိနွယ်ဘာသာ ကြည့်ပါ့မယ်"

စိတ်မရှည်နိုင်တော့ပဲ မဂ္ဂဇင်းကို လုယူလိုက်၏။

မာတိကာက ညွှန်းသောစာမျက်နှာကို အရင်လှန်လိုက်၏။

သူမ ဝတ္ထုသရုပ်ဖော်ပုံလေးနှင့် သူမကလောင်အမည်ကို ထင်းခနဲ တွေ့ရလေ၏။

"ဘယ်လိုဝမ်းသာမှန်း မသိဘူး ကိုကိုကျော်ရယ်၊ ကိုကိုကျော်ကိုလည်း အရမ်းကျေးဇူးတင်တာပဲ"

"ကျေးဇူးတွေ ဘာတွေကို နောက်ထားလိုက် မိနွယ်၊ နေ့ မိနွယ် အမြင်ထွက်လို့ရအောင် ကြံဖန်လုပ်စော့"

"ဘာအတွက်လဲ ကိုကိုကျော်"



www.burmeseclassic.com

www.burmeseclassic.com



"မဂ္ဂဇင်းတိုက်ကို သွားပြီး စာမူထုတ်ရင်း စာအုပ်လက်ဆောင် သွားတောင်းရအောင်လေ၊ ပြီးတော့ မကြာခင်က ရေးပြီးသွားတဲ့ စာမူတစ်ပုဒ်ကိုလည်း ယူလာခဲ့၊ တစ်ခါတည်း လက်စနဲ့ ပေးခဲ့ရအောင်"

ကိုကိုကျော်က အလွယ်ပြော၏။ တကယ်တမ်းကျတော့ သူမအနေဖြင့် အပြင်တွေဘာတွေကို တစ်ယောက်တည်း ထွက်လေ့ ထုံးစံမရှိပေ။

"အန်တီစောက ခွင့်ပေးပါ့မလား"

"မိန္ဒယ်ကလည်းဟာ ကျောင်းကိစ္စကို အကြောင်းပြလိုက်ရင် ရနေတာပဲ၊ နင်ထွက် ငါအရင်စောစောထွက်ပြီး ကားမှတ်တိုင်မှာ ငါ့ကားနဲ့ စောင့်နေမယ်"

ကိုကိုကျော် ပြောသည့် အကြံအစည်က ဖြစ်တော့ ဖြစ်နိုင်၏။

အပြင်ထွက်ခွင့်ရဖို့ ကျောင်းကိစ္စကိုပင် အသုံးချတော့မည်။





"ကောင်းပြီ ကိုကိုကျော်၊ ခဏနေရင် အန်တီစောကို မိန္ဒယ် ပြောကြည့်မယ်၊ ရပြီဆိုတာနဲ့ ကိုကိုကျော်ကို အချက်ပြလိုက်မယ်၊ ကိုကိုကျော် အပြင်ထွက်နှင့်တော့၊ တစ်နာရီ တစ်နာရီခွဲလောက် ကြာမှ မိန္ဒယ် ထွက်လာခဲ့မယ်၊ အဲဒီ အချိန်လောက်ဆိုရင် အိမ်က အလုပ်တွေလည်း အကုန်ပြီးပြီ၊ ကိုကိုကျော်သာ ပြောတဲ့နေရာမှာ မိန္ဒယ် မလာမချင်း စောင့်နေနော်"

"စိတ်ချစမ်းပါ မိန္ဒယ်ရာ"

ညှော်ခန်းဆီမှ အန်တီစော၏ အသံကြောင့်ပင် မီးဖိုခန်းထဲမှ ကိုကိုကျော် ပြေးထွက်သွား၏။

သူမရှိရာသို့ အန်တီစော ရောက်လာရင်တော့ အပြင်သွား မည့်ကိစ္စကို အကျိုးအကြောင်းခိုင်လုံစွာဖြင့် ခွင့်တောင်းရမည်လေ။



www.burmeseclassic.com

www.burmeseclassic.com

သူမတို့ အချိန်းအချက်လုပ်ထားသည့်အတိုင်းပင် ကားမှတ်တိုင်နှင့် မနီးမဝေးမှာ ကားရပ်ရင်း ကိုကိုကျော် စောင့်နှင့်နေ၏။

"ကိုကိုကျော် စောင့်နေရတာ မျှင်းနေမှာပေါ့။ မိန္တယ် နည်းနည်းတော့ ကြာသွားတယ်"

"ဟုတ်တယ် မိန္တယ်၊ ထွက်လာခါနီးမှ မေမေစော စိတ်ပြောင်းသွားပြီး မလွှတ်တာတို့ ဘာတို့များ ဖြစ်နေမလား လို့ စိတ် ဆောင်ပူမိသေးတယ်"

စိုးရိမ်စကားကို ပြောရင်းက ကိုကိုကျော် တခဲစက် နိုးလိုက်သည်။

"သဏ္ဌာန်လုပ် သရုပ်တူအောင်လို့ မြင်ရဆင်ရသေး တယ် ကိုကိုကျော်၊ လွယ်အိတ်တွေ ဘာတွေနဲ့ဆိုတော့ အန်တီစောက တကယ်ကျောင်းသွားမယ်ပဲ ထင်နေတာ၊ ကိုကိုကျော် ပြောသလိုပဲ ထွက်ခါနီးမှ အန်တီစော ဘာစိတ် ကူး ပေါက်သွားသလဲ မသိဘူး၊ ဒရိုင်ဘာ ဦးလေးကြီးကို





အားမောင်းပြီး လိုက်ပို့ခိုင်းလို့ မနည်းငြင်းရ သေးတယ်"

"စာရေးဆရာမကြီးရဲ့ သည်းထိတ်ရင်ဖို စွန့်စားခန်း တစ်ခုပေါ့ မိန္တယ်ရယ်၊ လွယ်အိတ်တွေဘာတွေ လွယ်လိုက် တော့ ကျောင်းသူရုပ်ထက် စာရေးဆရာမပုံပိုပေါက်သွား တယ်၊ ဒီခေတ်ကျောင်းသူ တွေက လွယ်အိတ်လွယ်တာ နည်းသွားပြီလေ"

"ကိုကိုကျော် ပြောတာ ဟုတ်တယ်နော်၊ မိန္တယ်တို့ ငယ်ငယ်တုန်းက စတွေ့ဖူးမြင်ဖူးတဲ့ တက္ကသိုလ်ကျောင်းသူ တိုင်းလိုလို လွယ်အိတ်ကလေးတွေ ကိုယ်စီလွယ်ကြတာများ တယ်၊ ဒီအခုခေတ်က ကျောပိုးအိတ်တွေ ဘာတွေနဲ့ ဖြစ်ကုန် ကြပြီ"

ခေတ်ရေစီး၏ အပြင်အဆင် ပြောင်းလဲမှုကို ဆွေးနွေးရင်းကပင် စကားဖောင်ဖွဲ့ဖြစ်ကြ၏။

မဂ္ဂဇင်းတိုက်ကို ကိုယ်တိုင်သွားခြင်းမှာ ဒါ ပထမ ဆုံးအကြိမ်ပဲ ဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



သူမ၏စာမူတွေကို ကိုကိုကျော်ကပင် တာဝန်ယူပြီး ပို့ပေးတာ ဖြစ်သည်။

"မှတ်ပုံတင်တွေ ကျောင်းသားကတ်တွေတော့ ပါတယ် မဟုတ်လား မိန္ဒယ်"

"လိုရမယ်ရတော့ ထည့်လာခဲ့တယ်"

ကိုယ်ပိုင်ကားနှင့် မြို့ထဲထွက်တာဆိုတော့ အချိန်သိပ်မကြာဘဲ ရောက်လာ၏။ မဂ္ဂဇင်းတိုက် ရှိရာလမ်းကို ကားလေးက ချိုးဝင် လိုက်၏။

"မဂ္ဂဇင်းတိုက်တော့ရောက်ပြီ မိန္ဒယ်"

ကိုကိုကျော်က ကားပေါ်မှ အရင်ဆင်းလိုက်ပေမယ့် သူမကတော့ နေရာမှာပင် ထိုင်နေဆဲ ဖြစ်၏။

မဂ္ဂဇင်းတိုက်ထဲကိုလှမ်းကြည့်ရင်းက စိတ်ထဲမှာ ကြောက်ရွံ့သလို ရှက်သလိုလို ခံစားနေမိ၏။

"ဆင်းလေ မိန္ဒယ်"

"အခုမှ ဘာဖြစ်သွားတာလဲ မသိဘူး ကိုကိုကျော်၊





မိန္ဒယ် မဝင်ရဲဘူး ဖြစ်နေတယ်"

"စာရေးဆရာမကြီးရယ်၊ ကိုယ့်စာမူပါလာလို့ မဂ္ဂဇင်းတိုက် ကို လာတာပဲ ဘာမှ ရှက်ကြောက်နေစရာ မလိုဘူး၊ ပြီးတော့ ကိုကိုကျော်တစ်ယောက်လုံး ပါနေတာပဲ ဥစ္စာ"

ကိုကိုကျော့်ကို အားကိုးပြီး ကားပေါ်မှ ဆင်းလိုက်၏။

အယ်ဒီတာစားပွဲမှာတော့ အသက်ခပ်ကြီးကြီး ယောကျ်ား သုံးလေးယောက်စုပြီး စကားပြောနေကြသည်ကို တွေ့ရ၏။

ရဲတင်းဖျတ်လတ်စွာ ဝင်သွားသော ကိုကိုကျော် နောက်မှနေပြီး လိုက်ပါခဲ့ရ၏။

"ဘာကိစ္စများ ရှိကြလို့လဲကွယ်၊ စာမူတွေ ဘာတွေများ ပို့ချင်လို့လား"

အယ်ဒီတာ စားပွဲတစ်ခုမှ အမျိုးသားကြီးတစ်ဦးက



www.burmeseclassic.com

ကိုကိုကျော်ကို မေးလိုက်၏။

"ဒီလိုပါ ဦး၊ ဒီလမဂ္ဂဇင်းမှာ စာမူတစ်ပုဒ်ပါလာလို့ပါ၊ အဲဒီ ကိစ္စအတွက် ကျွန်တော်တို့ ရောက်လာရတာပါ"

"မောင်ရှင့် ဝတ္ထုလား"

တစ်ဖက်စားပွဲမှ အမျိုးသားတစ်ဦးက မေး၏။

ချက်ချင်းဆိုသလိုပင် နောက်ဖက်ဆီမှာ ငြိမ်ကုပ်ပြီး ရပ်နေသော သူမကို လက်ညှိုးညွှန်ပြကာ ကိုကိုကျော် ပြော၏။

"ကျွန်တော် မဟုတ်ပါဘူး ခင်ဗျာ၊ စာရေးဆရာမလေး သူပါပဲ"

"ဟုတ်လား၊ ဝတ္ထုလားကွဲ့"

"ဝတ္ထုပါ၊ ကလျောင်နာမည်က မိုန္နယ်ပါ"

ကိုကိုကျော့် စကားကြောင့်ပင် အားလုံးက သူမကို စိတ်ဝင်တစား ငိုင်းကြည့်ကြ၏။

"မိုန္နယ်က ဦးတို့ ထင်ထားသလို အသက်မကြီးသေး





ပဲ လူကိုကြည့်ပြီး ဒီဝတ္ထုရေးနိုင်မယ်လို့တောင် ထင်မိမှာ မဟုတ်ဘူး၊ ထိုင်ကြပါဦးကွယ်"

"ဟုတ်ကဲ့ပါဦး"

ထိုင်ခုံအလွတ်မှာ ကိုကိုကျော်နှင့် ဖြိုင်တူလိုလို ဝင်ထိုင်လိုက်ရ၏။

နေသားကျသလို ဖြစ်ချင်လာတော့ စောစောက လောက် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်မနေတော့ပေ။

မဂ္ဂဇင်းမှ လူများက စာအုပ်ကို ပြန်လှန်ကြည့်ရင်း က ထုံးစံအရ ပြောလိုက်၏။

"စိတ်တော့ မရှိမနဲ့နော် သမီး၊ ဒီစာမူပို့တုန်းက သမီးရဲ့ ကိုယ်ရေးအကျဉ်းပါတယ်၊ သမီးရဲ့ မှတ်ပုံတင်လေး တစ်ချက်လောက် ကြည့်ချင်တယ်"

"ရပါတယ်ရှင့်"

လွယ်အိတ်ထဲမှနေပြီး ပိုက်ဆံအိတ်ကို ထုတ်ယူ လိုက်သည်။

www.burmeseclassic.com



ကျောင်းသားကတ်နှင့်အတူ နှင့်အတူ မှတ်ပုံတင်ကတ်ပြား
ထုတ်ပေးလိုက်၏။

"ရပါပြီ သမီး၊ သမီး လက်မှတ်လေး ဒီမှာထိုး၊ ဒီ
အိတ်ထဲမှာ သမီးအတွက် စာမူခပါတယ်၊ ဒီစာအုပ်
လည်း သမီးအတွက်ပဲ"

မဂ္ဂဇင်းစာအုပ်ကြားမှာ မြင်သာအောင် စာအိ
လေးကို ညှပ်ပြီး ကမ်းပေး၏။

"ကျေးဇူးပါပဲရှင်"

"သမီးစာရေးတာ ကြာပြီလား၊ ဒီမြင်မဂ္ဂဇင်းတွေ
ပါဘူးလား"

သူမ ဖြေဖို့ အားယူနေဆဲမှာပင် ကိုကိုကျော်
ဝင်ဖြေလိုက်၏။

"စာရေးတာတော့ တစ်နှစ် နှစ်နှစ်လောက် ရှိ
တယ်၊ မဂ္ဂဇင်းမှာ ပါဘူးတာတော့ ဒါပထမဆုံးအကြိမ်
ဒီမြင် မဂ္ဂဇင်းတွေလည်း ပို့ထားပါတယ်၊ စာမူဖို့





ကိစ္စကိုတော့ ကျွန်တော်ကပဲ လုပ်ပေးရတာပါ"

"ဆက်ပြီး ရေးနော် သမီး၊ သမီး အသက်ငယ်သေး
တာပဲ၊ စာပေနဲ့ ပတ်သက်ပြီး ရွှေရှောက်အောင်မြင်စရာ
လမ်းတွေ အများကြီး ရှိသေးတာပဲ"

အယ်ဒီတာကြီး၏ စကားအဆုံးမှာပင် စာမူထပ်ပေး
ဖို့ကို ကိုကိုကျော်က သတိပေးလိုက်၏။

"မိနွယ် ပါလာတဲ့ စာမူကို ပေးလိုက်ဦးလေ"

"ဟုတ်ပါရဲ့ စမ်းသာတဲ့စိတ်ကြောင့်ပဲ မေ့နေလိုက်
တာ၊ ဒီ စာမူလေးကို သမီးပေးထားခဲ့ပါရစေ"

"ထားခဲ့သမီး၊ ဖတ်ကြည့်ပြီးလို့ အနုပညာရသ
မြောက်တဲ့ ဝတ္ထုတောင်းတစ်ပုဒ်ဆိုရင်တော့ ဦးတို့မဂ္ဂဇင်းက
သုံးမှာပါ၊ သမီးလက်ကို ဦးတို့က သိထားပြီးသား ဖြစ်နေပြီ
လေ၊ နောက်တစ်ပတ် နှစ်ပတ်လောက်ကြာရင် တစ်ခေါက်
ဖြစ်ဖြစ် လှည့်ဝင်လာခဲ့ပေါ့၊ သုံးဖြစ် မသုံးဖြစ်ကို သိရတာ
ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်၊ သမီးတို့ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

မဂ္ဂဇင်းတိုက်မှ ပြန်ထွက်လာပြီး ကားပေါ် ရောက်သည်နှင့် ကိုကိုကျော် မေး၏။

"မိနွယ် ဘယ်သွားချင်သေးလဲ"

"ဘုရားတစ်ခုခုတော့ သွားချင်တယ်၊ အမေတို့အတွက် စာမူခလေးနဲ့ ကုသိုလ်လေး ဘာလေးလုပ်ချင်တယ်၊ ဘုရားမသွားခင် တစ်ဆိုင်ဆိုင်၊ ထိုင်ရအောင်၊ ဝမ်းသာတဲ့စိတ်နဲ့ . . . မိနွယ် ဘာဆိုဘာမှ မစားခဲ့ရဘူး၊ ကိုကိုကျော်လည်း ခုလောက်ဆို ဆာလောက်ရောပေါ့"

"ဩည့်လည်း လုပ်ပါဦးနော်၊ စားတာသောက်တာကိုတော့ ကိုကိုကျော်ပဲ ရှင်းပါ့မယ်၊ မိနွယ် စာမူခကို မိနွယ် အမှတ်တရ သိမ်းထားလိုက်ပါ"

"မရဘူး ကိုကိုကျော်၊ မိနွယ်ပဲ ကျွေးမယ်၊ လုံးဝ တပ်မငြင်းနဲ့တော့နော်၊ ငြင်းရင်တော့ မိနွယ် စိတ်ဆိုးရ





လိမ့်မယ်"

"စိတ်တော့ မဆိုးပါနဲ့ စာရေးဆရာမကြီးရယ်၊ တော်ကြာ အရမ်းအောင်မြင်ကျော်ကြားလာတဲ့အခါမှာ အခေါ်အပြော မလုပ်မှာစိုးလို့ပါ"

အပြောင်အနောက်စကားမို့ ဘာမှခွန်း တုံ့ မပြန်မိပေ။

ရှမ်းခေါက်ဆွဲဆိုင် တစ်ခုရှေ့မှာ ကားရပ်လိုက်၏။ ကိုကိုကျော်နှင့် အတူတူ ပထမဆုံးအကြိမ်အဖြစ် ဆိုင်ထိုင်ဖြစ်ခြင်း ဖြစ်၏။

စားရင်းသောက်ရင်းကပင် အဆက်အစပ်မရှိသော စကားကို ကိုကိုကျော် ပြောလိုက်သည်။

"ကိုကိုကျော့် စိတ်ထဲမှာ အားမလို အားမရ ဖြစ်မိတာ တစ်ခုရှိတယ်"

"ဘာများလဲ ကိုကိုကျော်"

"ဒီလိုပါ မိနွယ်ရဲ့၊ ကိုကိုကျော်တို့ ပုဂ္ဂိုလ်ချင်းမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင်ကြမင်ကြခဲ့ရင် သိပ်ကောင်းမှာပဲ၊ အခုတော့ ကိုကိုကျော်အိမ်မှာ မိနွယ်က လာနေတယ်၊ မေမေတော့ ရှိနေတော့ ဒီလိုမျိုး လွတ်လွတ်လပ်လပ် စကားပြောသွား လာခွင့် မရဘူးလေ၊ အဲဒီအတွက် အားမရဖြစ်နေမိတာ"

"ဒါတော့ ကိုကိုကျော်ရယ် အခြေအနေကြောင့် ဥစ္စာ"

"အဲဒီ အခြေအနေကြီးကို အလိုမကျဖြစ်နေတာ မိနွယ်"

"မိနွယ်လည်း ကိုကိုကျော်နဲ့အတူတူ ဒီလို လွတ်လွတ် လပ်လပ်နဲ့ မိနွယ် သွားချင်တဲ့နေရာ၊ မရောက်ဖူးသေးတဲ့ နေရာတွေကို သွားချင်ပါတယ်၊ ကိုကိုကျော် တွေးတာလည်း ဟုတ်တော့ ဟုတ်နေသလိုပဲ၊ မိနွယ်တို့ ခင်ရမင်ရတာ တစ်ခုခုကြီးလိုနေသလိုပဲနော်၊ ဒါကလည်းတစ်မျိုးကောင်း ပါတယ်၊ လွတ်လွတ်လပ်လပ်ရှိကြမယ်ဆိုရင် ကိုကိုကျော် အချိန်တွေကို မိနွယ်က အလကား ဖြုန်းတီးမိမှာ သေချာ





တယ်၊ အဲဒီအခါမှာ ကိုကိုကျော့် ကောင်မလေးတွေက မိနွယ်ကို မနာလိုဖြစ်ကြမှာ သေချာတယ်၊ ကိုကိုကျော်ရဲ့ ကောင်မလေးတွေပါ မဟုတ်ပါဘူး၊ ကိုကိုကျော် ကိုယ်တိုင်က မိနွယ်ကို ရှောင်တော့မှာ မဟုတ်လား"

ရယ်စရာမောစရာအနေဖြင့် ပြောလိုက်မိသည်။

ကိုကိုကျော်က သူမ ထင်ထားသလို အရယ်အမော ခဲ့နေ၏။

သူမမျက်နှာကို ငေးမောကြည့်ရင်းက ကိုကိုကျော် ပြောလိုက်သည်။

"ကိုကိုကျော် စဉ်းစားမိတယ်၊ မိနွယ်လို စာတွေ ဘာတွေ ရေးတတ်ရင် သိပ်ကောင်းမှာပဲ၊ ဘာဖြစ်လို့လဲဆို တော့ ကိုယ့်ဘာသာ ကိုယ်တစ်ယောက်တည်းကြိတ်ပြီး ငို့ပက္ခ ဖြစ်နေတာထက်စာရင် အဲဒါတွေကို ခံစားမှုကနေ စကားလုံးတွေအဖြစ် အသွင်ပြောင်းနိုင်ရင် အတော်လေး စိတ်ထဲမှာ ပေါ့ပါးသွားမှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေပေါ့ ကိုကိုကျော်ရယ်၊ အဲဒီအသိ အဲဒီစိတ်မျိုးရှိရင် စာရေးလို့ ဖြစ်မှာပါ"

"ကိုယ့်ဘာသာကိုယ် အသိဆုံးပေါ့ မိနွယ်ရယ်၊ သူများ ဖန်တီးထားတဲ့ အနုပညာကိုပဲ ခံစားနိုင်စွမ်းရှိတာလေ၊ မိနွယ်ဘဝပဲ ကောင်းပါတယ်၊ စိတ်တိုစရာရှိတာ၊ စိတ်မကောင်းဖြစ်စရာရှိတာပေါ့၊ ပြီးတော့ အတွေးထဲက ဖြစ်ချင်တာတွေကို အနုပညာဖန်တီးမှု တစ်ခုအနေနဲ့ ထုတ်ဖော်ဖွင့်အန်ချင့်ရှိတဲ့ အနေအထားကိုလေ"

ကိုကိုကျော့်စကားတွေက နားထောင်ရတာ အတော်လေး ထူးဆန်းနေ၏။

နောက်ပြောင်လိုစိတ်ကြောင့်ပင် သူမ ပြောလိုက်မိသည်။

"ပြောပြစမ်းပါဦး ကိုကိုကျော်၊ ဘယ်ကောင်မလေး တစ်ယောက်အတွက်နဲ့များ သောကများနေရလဲဟင်၊ မဟုတ်မှလွဲရော မိဖုရားခေါင် တင်မြှောက်မယ့် မိန်းကလေးအတွက် ဖြစ်နေတာလား"

"မသိချင်ပါနဲ့ မိနွယ်ရယ်၊ တစ်ခါတလေတော့လည်း စာရေးဆရာမနဲ့ အနေများတော့ စိတ်ကူးလေးဘာလေး ယဉ်ကြည့်တဲ့သဘောပါပဲ၊ ကဲပါ၊ စားပြီး သောက်ပြီးရင် ဘုရားသွားကြရအောင် မိနွယ်"

သူများတို့ စားနေသောက်နေထက်စာရင် စကားပြောဖြစ်ခြင်းက အချိန်ကြာသွား၏။ ကိုကိုကျော့် စကားအတိုင်းပင် ဘုရားသွားဖို့ စားပွဲဝိုင်းမှ ထထွက်ခဲ့ကြ၏။







www.burmeseclassic.com

www.burmeseclassic.com

## (၇)

သူမတို့ ပထမနှစ်စာမေးပွဲဖြေဖို့ အနီးကပ်သင်တန်းတွေ တက်ဖြစ်တော့ ကိုကိုကျော်က နောက်ဆုံးနှစ်စာမေးပွဲ ဖြေဆိုပြီးလေပြီ။

သူမနှင့် ကိုကိုကျော်တို့နှစ်ယောက် အတူတူသည်ကြပတ်ကြတာတွေ ရက်စိပ်လာခဲ့၏။

သူမတို့ကျောင်းသို့ ကိုကိုကျော် ရောက်ရောက်လာပြီးမှ သူမကိုခေါ်ကာ မဂ္ဂဇင်းတိုက်တွေသွားရင်

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ ဒီလိုမှ မဟုတ်ရင် သူမ မျှော်မှန်းချင်သော နေရာများကို ကိုကိုကျော် လိုက်ပို့ပေး၏။

သူမအနေဖြင့်လည်း မင်္ဂလာဆောင်ဖို့ နာရီများနယ်တွေမှာ ဝတ္ထုရေး အရေးစိပ်လာခဲ့၏။

မသိမသာဖြင့် အနေနီးလာခဲ့သော သူမနှင့် ကိုကို ကျော်တို့ ကြားမှာ လုံးဝမထင်ထားသော အဖြစ်အပျက်တစ်ခု ပေါ်လာခဲ့ သည်။

ထိုအဖြစ်အပျက်ကို ရုတ်ခြည်းပေါ် ပေါက်စေသော အကြောင်းအရာတစ်ခုမှာ အတန်းအားချိန်၌ သူငယ်ချင်း များနှင့်အတူ စားသောက်ဆိုင် ထိုင်ဖြစ်ခြင်း ဖြစ်၏။

ကိုကိုကျော် ရောက်လာချိန်မှာ သူမအတန်းမှာ မရှိ မနေ။ သူငယ်ချင်းမိတ်ဆွေတွေနှင့်အတူ စားသောက်ဆိုင် တန်းသို့ ရောက်နေခဲ့၏။

"နင့်အစ်ကို နင့်ကို လိုက်ရှာနေတာလား မသိဘူး နွယ်မိုးခင်"





"သွားခေါ် လိုက်ပါ"

အသိမိတ်ဆွေတွေနှင့် ထိုင်နေကျဖြစ်သော်လည်း ဒီတစ်ခါ ထိုင်ခြင်းမှာတော့ မိန်းကလေးတွေချည်းပဲမဟုတ်။ ယောကျ်ားလေးတွေပါ ပါ၏။ ထိုယောကျ်ားလေးများထဲတွင် သူမကို စိတ်ဝင်စားနေသော ထိုသန်းနိုင်ဆိုသူလည်း တစ်ယောက်အပါအဝင် ရှိနေ၏။

"ကိုကိုကျော်"

သူမတို့ ထိုင်နေသောဆိုင်ကို ကျော်သွားလုဆဲဆဲမှာပင် အမြန် ထွက်ခေါ် လိုက်သည်။

"ရှာလိုက်တာ မိနွယ်ရယ်၊ ငါမှာဖြင့် အမောတကော နှင့်ဆီ ပြေးလာခဲ့ရတာ"

"အမောပြေ အအေးတိုက်ပါ့မယ်၊ သူငယ်ချင်းတွေ နဲ့ ထိုင်လက်စကြီး ဖြစ်နေတော့ ခဏလိုက်ထိုင်ဦးနော် ကိုကိုကျော်"

စိတ်ဆိုးပြေအောင်ချော့ခြင်းကိုက အမြဲအစနကို



www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုး သွားစေသည်လား မသိ။

ကိုသန်းနိုင်ကို မြင်သွားသည်နှင့် မကောင်းတတ်၍သာ ဝင်ထိုင်လိုက်ပုံရသည်။ တစ်ဝိုင်းလုံးနှင့် အခေါ်အပြောမလုပ်ပဲ အအေးပုလင်းကိုသာ ကိုကိုကျော် ဖိသောက်နေ၏။

အတူထိုင်နေကြသူများက ကိုကိုကျော်၏ အရိပ်အကဲကို သိသွားကြ၍ ငြိမ်နေကြသည်။

ကိုသန်းနိုင်တစ်ယောက်ကသာ အလိုက်သိစွာဖြင့် သူမကို ပြောလိုက်သည်။

"နွယ်မိုးခင်တို့ သွားစရာရှိရင် သွားလေ၊ ကျွန်တော်တို့အဖွဲ့တော့ ဒီမှာဆက်ထိုင်ဖြစ်ကြဦးမှာ၊ အတန်းရှိတော့တာမှ မဟုတ်တာ"

"ဒါဆိုလည်း အားလုံးကို နှုတ်ဆက်ခဲ့တယ်၊ ဒီဝိုင်းအတွက်လည်း ရှင်းပေးခဲ့မယ်"

"ထားခဲ့ပါ နွယ်မိုးခင်ရယ်၊ ကျွန်တော်တို့ စုရှင်းလိုက်





တာပဲ၊ ကိုသန်းနိုင် အကြောင်းကိုလည်း မိနွယ် အသိပေးခဲ့တာပဲဥစ္စာ"

"ဟုတ်ပါပြီ၊ ဒီပုဂ္ဂိုလ်နဲ့ ဘာလို့ တစ်ဝိုင်းတည်း ထိုင်ရတာလည်း၊ အဲဒီလို ထိုင်ချင်ရင် ဘာလို့ ကိုကိုကျော်ကို အသိပေးသားရတာလဲ၊ ဒါနဲ့တော့ ကြည့်ဦး ကိုကိုကျော်ကို ရှေ့မှာထားပြီး ဒီပုဂ္ဂိုလ် ကြည့်ပုံရှုပုံက မရိုးဘူး၊ ပြီးတော့ ဒီမြင်လှူတွေက ဘာမှမပြောဘဲ သူက မိနွယ်တို့ပဲ ခွင့်ပေးသလောင်လောင် ပြောလိုက်တာ တွေ့လား"

"ဒါကြောင့် ဒေါသဖြစ်တာကိုး၊ ကိုကိုကျော်အလည်း သူ့ကိုယ်သူ သိနေလို့ လိပ်ပြာမလုံဖြစ်ပြီး ပြောတာလေ၊ ဘာ ဖြစ်တာ မှတ်လို့လဲ၊ သူကြိုက်နေတဲ့ကောင်မလေးရဲ့ အစ်ကိုတစ်ယောက်ရှေ့မှာ တလေးတစားနေပြတာ ဖြစ်မှာပေါ့"

"မိနွယ်က သူတို့ကို ကိုကိုကျော်နဲ့ပတ်သက်ပြီး ဘယ်လို ပြောထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောထားရမလဲ ကိုကိုကျော်ရဲ့၊ ကိုကိုကျော် ဟာ မိန္ဒယ်ရဲ့ အစ်ကိုပါလို့ ပြောထားတာပေါ့"

သူမကတော့ တကယ့်ကို ရိုးရိုးလေး ဖြေလိုက်၏။

ကိုကိုကျော်က ကလေးဆိုးကြီးတစ်ယောက်လိုပင် မထင်မှတ်သောစကားကို ပြောလိုက်သည်။

"မိန္ဒယ်နဲ့ ကိုကိုကျော်က တကယ့်မောင်နှမတွေမှ မဟုတ်ကြပဲ၊ သူတို့သိရင် သိနေကြမှာပေါ့"

"သိတော့လည်း ဘာဖြစ်လဲ ကိုကိုကျော်ရယ်၊ ကဲပါ၊ ဒေါသတွေ လျှော့၊ ဘယ်လိုက်ပို့ပေးမလဲပြော"

"ဘယ်မှလိုက်မပို့ဘူး၊ အိမ်ပြန်မယ်၊ အိမ်မှာ ဖေဖေ ရော မေမေစောပါ မရှိဘူး၊ မေမေစော ညီမတစ်ယောက် နေမကောင်းဖြစ်လို့ ပဲခူးကို သွားကြတယ်၊ အဲဒါ မိန္ဒယ် ရောက်လာရင် အိမ်မှာပဲ ရှိနေပါလို့ မေမေစောက မှာခဲ့ တယ်၊ ဘယ်မှ ခြေရှည်လို့ မရဘူး"

ကိုကိုကျော်တစ်ယောက် ဒီနေ့မှ ဘာတွေဘယ်လို





ဖြစ်နေသည် မသိပေ။

စကားနည်းရန်စဲသဘောအနေဖြင့် ဘာမှမပြောဘဲ ဒီတိုင်း နှုတ်ပိတ်နေလိုက်၏။

အိမ်ရောက်တော့မှ အေးအေးဆေးဆေး ပြောမည် ဟု တွေးလိုက်မိသည်။

တကယ်အိမ်ပြန်ရောက်သွားချိန်မှာတော့ သူမ အပေါ် ကိုကိုကျော် စိတ်ဆိုးစိတ်ကောက်မှုမှာ အကြီးအခဲ ကြီးမားကြောင်းကို သိလိုက်ရ၏။

အိမ်မှာ သူမနှင့် ကိုကိုကျော်တို့နှစ်ယောက်တည်း ရှိနေပါလျက် ပြန်ရောက်ကတည်းကိုက အခန်းထဲကနေပြီး ကိုကိုကျော် အပြင်ပြန်ထွက်မလာပေ။

သူမ အဝတ်အစားလဲပြီး ကိုယ်လက်သန့်စင်ပြီးသည် အထိပင် ကိုကိုကျော်၏ အရိပ်ယောင်ကို မမြင်တွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျော်၏ ခွပေတ္တာပြုထားမှုကို အချိန်ကြာမြင့်မှာခံတော့ရသောအခါ ခနမဆိုင်းမသာ ဖြစ်လာရသည်။

မာနနိုင်စော့သည့်အဆုံးမှာတော့ ကိုကိုကျော် အခန်းရှေ့ကို သူမ ထွက်လာခဲ့ရတော့၏။

"ကိုကိုကျော် အမြဲတမ်း စီလောက်ထိ မိန့်ယ် အပေါ် စိတ်ဆိုးနေရသလဲ"

ကိုကိုကျော် တခန်းတံခါး နားသို့ သူမ အသံပြုလိုက်သည်။

တစ်ခွန်းတည်း ပြောရုံမြင့် ကိုကိုကျော်ထံမှ တုံ့ပြန်သံ ထွက်မလာပေ။

"ကို ကိုကျော် အမင်္ဂလာချင်ယောင်ဆောင်ပြီး မိန့်ယ်ကို စိတ်ဆိုးပြနေတာ မဟုတ်လား"

သူမ၏ ဖုဏီယပြောက် တောင်းဆိုသံအဆုံးမှာတော့ အခန်းတံခါးဖွင့်ပြီး ကိုကိုကျော် ထွက်လာခဲ့၏။

"အခုအချိန်မှာ ကိုကိုကျော်တစ်ယောက်တည်း





အေးအေးဆေးဆေးနေချင်တယ် မိန့်ယ်"

"နေလို့မရဘူး ကိုကိုကျော်၊ ကိုကိုကျော် ထွက်မလာရင် ဆံခါကျွန်ုပ်ပြီး မိန့်ယ် အခန်းထဲကို ဝင်လာမယ်၊ တကယ်လို့ အန်တီစော ပြန်လာတာနဲ့ ယခုလိုတိုးရင် ကိုကိုကျော်က မိန့်ယ်ကို ပြောခဲ့တာတွေ ကိုကိုကျော် သိတယ်နော်"

ကိုကိုကျော်အား ခြိမ်းခြောက်ပြီး ရာဇသံပေးလိုက်သော သူမ၏ အသံတွေက ငယ်နည်းပြီးကြောင့် ထွန်းယင်နေ၏။

"ကိုကိုကျော် တောင်းပန်တယ် မိန့်ယ်"

"မရဘူး ကိုကိုကျော်၊ မိန့်ယ်ကို ဒီလိုနည်းနဲ့တော့ စိတ်ဝင်စားမနေပါနဲ့ ကိုကိုကျော် ထွက်လာခဲ့ပါ၊ ကျော်တော့ မိန့်ယ် ပြောချင်တာပြော မိန့်ယ်လည်း ပြန်ပြောမယ်၊ ပြောပြီးမှ ဖြစ်ချင်ခဲ့မယ် ရင်ထဲမှာ မိလိုက်ချင်နေတာ ရှိ သိမ်းမထားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျော်၏ဥပက္ခာပြုမှုကို ပထမဆုံးအကြိမ် အဖြစ် အမြင့်မားဆုံး ကြုံတွေ့ရခြင်းကို သူမ မခံစားနိုင်ပေ။

သူမ၏တောင်းဆိုမှုကို လိုက်လျောသည့်အနေဖြင့် အခန်းထဲမှ ကိုကိုကျော် ထွက်လာတော့သည်။

"မိန္ဒယ် ဘာပြောချင်တာလဲ၊ ကိုကိုကျော်မှာတော့ ပြောစရာစကား မရှိဘူးကွာ"

"အဲဒီစကားကို ပြန်ရုပ်သိမ်းပေး ကိုကိုကျော်၊ ဒါ စိတ်ဆိုးမပြေနိုင်သေးတဲ့ အရိပ်လက္ခဏာတစ်ခုပဲ၊ ကိုကိုကျော် မကြိုက်ဘူးဆိုရင် အဲဒီလူနဲ့ ဘယ်တော့မှ မိန္ဒယ် တစ်စားပွဲတည်း မထိုင်ဘူး၊ အခေါ်အပြောမလုပ်ဘူး၊ ဒီ စကားက ကိုကိုကျော့်မမြင်ကွယ်ရာမှာပါ မိန္ဒယ်ဘက်က နေနိုင်တဲ့ သဘောထားပဲ"

သူမ၏စကားများကြောင့်ပင် ကိုကိုကျော်၏ အကြည့်များက အရောင်ပြောင်းသွားခဲ့၏။

"အဲဒီလောက်အထိတော့ ကိုကိုကျော် တောင်းဆို





စရာ မလိုဘူးထင်တယ် မိန္ဒယ်"

"ဒါဖြင့်ရင် ဘာလို့ အခုအခြေအနေထိရောက် အောင် မိန္ဒယ်အပေါ် ကိုကိုကျော် ပြုမူခဲ့တာလဲ"

"ဒါကို စဉ်းစားနေတာပဲ၊ ဒီလောက်ထိ မဖြစ်သင့် ဘူးဆိုတာ ကိုကိုကျော် သဘောပေါက်လာတယ်၊ အဲဒီ အတွက် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်တဲ့အနေနဲ့ အခုလို နေလိုက်မိတာ"

ကိုကိုကျော့်စကားတွေကို သူမ နားလည်နိုင်စွမ်း မရှိတော့ပေ။

ကိုကိုကျော့်စိတ်တွေ မူမှန်မှု ရှိမနေခြင်းကတော့ အရမ်းကို သေချာနေ၏။

"ကိုကိုကျော်ရဲ့ ဒေါသတွေ ထိန်းမရအောင် ဖြစ်ရ တာ မိန္ဒယ်ကြောင့်လား၊ တခြားတစ်ယောက်ယောက် ကြောင့်လား"

"ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး၊ ကိုကိုကျော်ပြ... ၃



www.burmeseclassic.com

www.burmeseclassic.com


မြစ်ခဲ့ ရတာပဲ"

"အဓိပ္ပါယ် မရှိလိုက်တဲ့ ဆင်ခြေတစ်ခုပဲ ကိုကိုကျော်ရယ်"

"မိန္ဒယ်အနေနဲ့ အဓိပ္ပါယ် မရှိပေမယ့် ကိုကိုကျော်အတွက်တော့ အဓိပ္ပါယ်ရှိတယ် မိန္ဒယ်"

စကားအသွားအလာတွေကိုက တစ်စုံတစ်ခုကာအ သိချင်စိတ်ကို တိုးဆွပေးနေသလို ဖြစ်နေပြန်၏။

"ဘာအဓိပ္ပါယ်ရှိခြင်းမျိုးလဲ ကိုကိုကျော်"

"မိန္ဒယ် အဲဒီအဓိပ္ပါယ်ရှိခြင်းကို အရမ်းသိချင်နေလား"

"သိချင်တယ် ကိုကိုကျော်"

လိုသည့်အကဲပိုသော အမူအရာဖြင့် ကိုကိုကျော်မျက်နှာ နားသို့ တိုးလာပြီး သူမ ပြောဆိုလိုက်သည်။

"ကိုကိုကျော် ပြောပြမယ် မိန္ဒယ်၊ ဒီစကားတွေကို ပြောဖို့ ကိုကိုကျော်ဟာ အချိန်တွေအများကြီး စောင့်ဆိုင်းခဲ့ရတယ်၊ ကိုကိုတော့်ဆက်ပြီး သည်းခံနိုင်စွမ်း မရှိတော့ဘူး။ ကိုကိုကျော် ဖြစ်ပျက်ခံစားနေရတာတွေကို မိန္ဒယ် သိအောင်ပြောပြမှ ဖြစ်တော့မယ် ကိုကိုကျော် ထင်ပါတယ်၊ ကိုကိုကျော့်စကားတွေကို ကြားပြီး သွားတာနဲ့ မိန္ဒယ် ကိုကိုကျော့်ကို မမြင်တွေ့အောင် ရှောင်ချင်ရှောင်သွားနိုင်တယ်"

သူမ၏လုံးဝန်းဝေါသောမျက်လုံး အစောင်းလေး ဒေါ်အဖြစ်ဖို့ကောင်းနေသည်လား မသိပေ၊ ကိုကိုကျော်၏ မျက်နှာနှင့် စကားသံတို့သည် မောဟိုက်မှုများ ဖြစ်ချင်လွန်းသော အရိပ်အငွေ့များဖြင့် တန်ဆာဆင်ထားသည်ပါ၊

"ပြောချင်ရာကို မြန်မြန်ပြော ကိုကိုကျော်၊ စကားတွေကို ခုဝိုက်ပြီး ပတ်ချာ သိပ်လုပ်မနေနဲ့"

"ပြောမယ် မိန္ဒယ်၊ သန်းနိုင်ဆိုတဲ့ ... မိန္ဒယ်ကို စိတ်ဝင်စားပြီး ချစ်ခွင့်တောင်းထားတာကို ကိုကိုကျော် သိနေတယ်၊ မိန္ဒယ်မှ ... ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကျော် စိုးရိမ်စိတ်က အရှိန်မြင့် သွားခဲ့တာ၊ ဒီလိုဖြစ်ရတာလဲ ကိုကိုကျော် မမြင်ကွယ်ရာမှာ မိနွယ်တို့ချင်း အရမ်းရင်းနှီးနေမလားလို့ အစိုးရိမ်လွန်တာပါ၊ အဲဒါ ဘာကြောင့်လဲသိလား မိနွယ်၊ မိနွယ်ကို လက်လွှတ်ဆုံးရှုံးရမှာ အရမ်းထိတ်လန့် မှု ဖြစ်သွားလို့ပဲ”

“မိနွယ်ကို လက်လွှတ်ဆုံးရှုံးရမယ့်အတွက် တုတ်လား ကိုကိုကျော်”

“သိပ်ဟုတ်တာပေါ့ မိနွယ်၊ ကိုကိုကျော် မိနွယ်အပေါ်မှာ စိတ်ပြောင်းခဲ့တာ ရက်တွေကြာခဲ့ပြီ၊ ကိုကိုကျော် အသိထဲမှာ မိနွယ်ကို မြတ်နိုးနေခဲ့တယ်၊ မိနွယ်ကို ချစ်နေမိတယ်”

သူမအနေဖြင့် မထင်ထားသောစကား ကြားရလိမ့်မည် . . . ဟု လုံးဝမမျှော်လင့်ထားသော စကားများကြောင့် နေရာမှာပင် မင်သက်မိသွားခဲ့၏။

“ဘယ်လိုလဲ မိနွယ်၊ ကိုကိုကျော့် စကားတွေကြောင့်





အရမ်းကို အံ့ဩထိတ်လန့်သွားလား”

မောင်နှမလို ဟာရင်းတနှီးနေဖြစ်ခဲ့သော ကာလတစ်လျှောက်လုံးမှာ ဦးသဘောဆွေသက်ရောက်စေမည့် အပြုအမူမျိုး ကိုကိုကျော် မပြုလုပ်ခဲ့ပေ။

အနေနီးမှုကြောင့်ပင် မိန်းကလေးများနှင့် အကျွမ်းတဝင်ရှိသော ကိုကိုကျော်၏ စရိုက်သဘာဝက ဒီအခြေအနေကို ဖုံးဖိပေးလိုက်သည်လား။

“မိနွယ်”

ကိုကိုကျော့် ခေါ်သံကြောင့်ပင် သူမ၏ထွေပြားသော အတွေးများကို ရပ်တန့်ဖြစ်ပြီ၊ ကိုယ်ခန္ဓာ ဆတ်ခနဲ တုန်ခါသွား၏။

“အိပ်မက်မက်နေတာတော့ မဟုတ်ပါဘူးနော် ကိုကိုကျော်၊ ပြီးတော့ တမင်နောက်ပြောင်နေတာလဲ မဟုတ်ဘူးနော်”

“တကယ်ဖြစ်နေတဲ့ကိစ္စ မိနွယ်၊ နောက်ပြောင်

www.burmeseclassic.com

www.burmeseclassic.com



ရအောင်လည်း လူတစ်ယောက်အပေါ် ချစ်မြတ်နိုးမိခြင်းဟာ အဲဒီလောက်ထိ ပေါ့ပျက်မသေးငယ်လွန်းပါဘူး"

"အခုနေနီးကြလို့များလား ကိုကိုကျော်ရယ်"

"ဖြစ်နိုင်တယ်ဆိုပေမယ့် ရာခိုင်နှုန်းအရမ်းကို နည်းပါးလိမ့်မယ် မိနွယ်"

"မိနွယ် မစဉ်းစားတတ်သလို ဘာမှလည်း ပြန်မပြောတတ်တော့ဘူး ကိုကိုကျော်ရယ်၊ မဖြစ်နိုင်တဲ့ကိစ္စတစ်ခုပါပဲ၊ မိနွယ့်ကို သနားပါ ကိုကိုကျော်၊ ဒီအခြေအနေမျိုးမှာ မိနွယ် ရင်ခုန်ဖို့ဆိုတာ မဖြစ်နိုင်ဆုံးပါပဲ၊ ကိုကိုကျော် ကြုံဆုံဖူးတဲ့ မိန်းကလေးတွေနဲ့ မိနွယ် ဘဝက အရမ်းကွာပါတယ်၊ ရလိုမှုတစ်ခုခုအတွက် မိနွယ်ကို ဒီစကားမျိုး ပြောတာလား ကိုကိုကျော်"

သူမဘက်က ပွင့်လင်းစွာပင် အရေးဆိုလိုက်မိသည်။

"ကိုကိုကျော်ရဲ့ ချစ်မြတ်နိုးမှုကို မိနွယ် စော်ကားလိုက်တာလားဟင်၊ ကိုကိုကျော်ရဲ့ ခံစားမှုတွေအားလုံးကို ဒီစကားတစ်ခွန်းနဲ့ စော်ကားလိုက်တာလား မိနွယ်"

ကိုကိုကျော့် နှုတ်ခမ်းများက တုန်ယင်နေသလို အကြည့် များကလည်း ညှို့မှိုင်းနေ၏။

ကိုကိုကျော် ဖြစ်ပျက်နေမှုကို ကြည့်ရင်းကပင် သူမ စိတ်ထဲမှာ အလိုလိုဝမ်းနည်းလာ၏။

ကိုကိုကျော့်ရှေ့မှာ ဆက်လက်နေနိုင်စွမ်း မရှိတော့သည်မို့ သူမ ပြေးထွက်ခဲ့ရလေ၏။





www.burmeseclassic.com

www.burmeseclassic.com

(၈)

ဒီတစ်ခါတော့ အခန်းတွင်းအောင်းသူမှာ သူမပင် ဖြစ်နေပြန်၏။

ဝမ်းနည်းစိုစွတ်သော မျက်ရည်များကို မသုတ်အားဘဲ ရင်ထဲမှာ လှုပ်ရှားလွန်းနေ၏။

"ချစ်တယ်" ဆိုတဲ့စကားတစ်ခွန်းကို ဖွင့်မပြောခဲ့ပါက ဘယ်လောက်ကောင်းလိုက်ပါ့မလဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမအပေါ် ထားသော ဖြူစင်သည့် သံယောဇဉ်နှင့် စေတနာတရားတို့ကို ဒီစကားတစ်လုံးနှင့် ပင် မည်းညစ်စေခဲ့ပြန် ပြီလေ။

သူမ သက်တမ်းတစ်လျှောက် ယောကျာ်းများစွာ ဒီနှုတ်ကွက်စကားကို ကြားနာခဲ့ဖူးသည်။

ကိုကိုကျော်နှင့်ကျမ ဘာကြောင့် ဝမ်းနည်းစိတ် ဖြစ်ရမှန်း သူမဘာသာ မဝေခွဲနိုင်။

သူမကိုယ်တိုင်ကပင် ကိုကိုကျော်အပေါ် အလေး အနက်ထားလွန်းနေသည်လား မသိပေ။

ကိုကိုကျော်၏ စေတနာနှင့် သံယောဇဉ်တို့ကို အကြွေးမဲ့ယုံချင်ခဲ့သော်လည်း ချစ်တယ်ဆိုသော စကားကို တော့ သူမ အယုံခက်နေ၏။

ကိုကိုကျော်၏ ရယူလိုမှု တစ်ခုခုအတွက် အလ အလုပ်ထိလုပ်သော စကားဟုပင် သူမစိတ်ထဲမှာ တွေးမြင် ၏။ ဒီအချက်ကြောင့်ပင် ဝမ်းနည်းပူဆွေးခြင်းလားသော





သူမ ဘယ်လောက်ကြာကြာ ကစ်ယောက်တည်းနေ ဖြစ်ခဲ့မှန်း မသိပေ။ တယ်လီဖုန်းမြည်သံတွေကြောင့်ပင် ဒည့်ခန်းရှိရာသို့ သူမ ထွက်ခဲ့၏။

တယ်လီဖုန်းခွက်ကို ကောက်ကိုင်ရင်း အပြင်ကို ငဲ့ကြည့်တော့ ညနေစောင်းလု ဖြစ်နေသည်ကို တွေ့ရ၏။

"ဟဲလို အမိန့်ရှိပါရှင်"

"ငါပါ မီနွယ်"

အန်တီစော အသံပြုလိုက်သည်။

"တူတ်ကဲ့ အန်တီစော"

"ဒီညတော့ ငါရော နင့်ဦးလေးပါ အိမ်ပြန်ဖြစ်ကြ မယ် မထင်ဘူး။ မနက်စောစောတော့ ပြန်ရင်ပြန်မယ်၊ ဒီမှာ လူမမာက အခြေအနေမကောင်းဘူး၊ ဒါနဲ့ ကိုကိုကျော်ရော အပြင်က ပြန်ရောက်ပြီလား"

"ပြန်ရောက်ပါပြီ အန်တီစော"

"အေးအေး၊ ဒါဆိုရင် ဒါပဲ တော်ကြာ နင်တစ်ည



www.burmeseclassic.com

www.burmeseclassic.com



လုံးတံခါးဖွင့်ဖို့ ထိုင်စောင့်နေမှာစိုးလို့ လှမ်းဆက်လိုက်တာ၊ ခဏလေး မိနွယ် နှင့် ဦးလေး စကားပြောချင်လို့"

စကားပြောခွက်ကို ကိုင်ထားရင်းက ဦးလေးအသံကို နားထောင်နေမိ၏။

"မိနွယ်ရေ ဦးလေးရဲ့ အရေးတကြီး ဖုန်းလာရင် အကိုးအကြောင်း ပြောပြီး ဒီအိမ်က ဖုန်းနံပါတ်ကို ဆက်ဆက် ပေးလိုက်နော်၊ အဲဒါကို မမေ့နဲ့ဦး"

"စိတ်ချပါ ဦးလေး"

သူ့စကားအဆုံးမှာတော့ ဦးလေးက ဖုန်းချလိုက်သည်။

စကားပြောခွက်ကို နေရာပြန်ချပြီး နေရာမှ အထွက်မှာတော့ ကိုကိုကျော်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။

"မေမေတို့က ဘာတဲ့လဲ မိနွယ်"

"သူတို့နှစ်ယောက်စလုံး ဒီည ပြန်မအိပ်ဘူးတဲ့





အဲဒီအ ကြောင်းကို ဖုန်းဆက်ပြောတာ"

"ဪ . . . ဟုတ်လား"

ကိုကိုကျော်ကတော့ သူမမျက်နှာကို ရဲရဲမကြည့်ဘဲ တော့မှန်း သိသာနေ၏။

ကိုကိုကျော်၏ အမူအရာကို ကြည့်ရင်းတာပင် ယ်တရက် စိတ်အချဉ်ပေါက်ပြီး ပြောမိန့်မှာရာ ပြောလိုက်သည်။

"ဒီအိမ်ထဲမှာ မိနွယ်နဲ့ ကိုကိုကျော် နှစ်ယောက်တည်း တစ်ညလုံး ရှိနေကြမှာ၊ မိနွယ်ကို ချစ်တယ်လို့ ပြောခဲ့တဲ့ စကားကို ပြန်ရုပ်သိမ်းပေးပါ"

"ဘာဖြစ်လို့လဲ မိနွယ်၊ ဘာဖြစ်ရတာလဲဟင်"

"ဒီလို ကိုကိုကျော်၊ ချစ်တယ်ဆိုတဲ့ စကားကို ပြောရာမလိုပါဘူး၊ မိနွယ်က ကိုကိုကျော်လက်ထဲမှာ အခြေအနေအရ ရောက်နေပြီပဲ၊ ကံကြမ္မာကလည်း သူ့အာသာ အဝင်ခွင်ကျ လုပ်ပေးထားတာယ်"


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်သေးဘူး မိနွယ်၊ ကိုကိုကျော် အဲဒီလောက်ထိ အောက်တန်းမကျဘူး မိနွယ်၊ မိနွယ်နဲ့ ပတ်သက်ပြီး အဲဒီ စိတ်ကူးမျိုး ပေါ်ခဲ့ရင်တောင် ချက်ချင်းပျောက်ပစ်ခဲ့တာ၊ မိနွယ် ကိုကိုကျော့် အချစ်ကို အထင်သေးနေတာ ဒီတော့ ဒီလိုလုပ် မိနွယ်၊ ကိုကိုကျော်တို့နှစ်ယောက်တို နားလည်ပေးပါ မိနွယ်ရယ်၊ မိနွယ်ဆီက အချစ် တစ်ခု တည်းပဲ အရေးတကြီးလိုအပ်တာ၊ မိနွယ် ကိုကိုကျော်နားမှာ အမြဲရှိနေမှုဖြစ်မှာ၊ ဘဝတစ်သက်တာလုံး မိနွယ်နဲ့ပဲ အေး အတူ ပူအမျှ ကိုကိုကျော် နေချင်တယ်၊ ကိုကိုကျော့်အာ အတွက်ရော ကိုကိုကျော့်နှလုံးသားအတွက်ပါ အရမ်း လိုအပ်တဲ့ ဆန္ဒတွေပါပဲ မိနွယ်"

သူမနှင့် တစ်ညသုံးစကားထိုင်ပြောဖို့ ကိုကိုကျော် တောင်းဆိုလေပြီ။

အခုတစ်သက်တာအတွက်လည်း အခါကာလား ရပ်မှင့်လေပြီ။





သူမအတွေးများနှင့် သူမနှလုံးသားကို ဒီစကားလုံး တွေဖြင့် အနိုင်ယူလို့ သွားပြီလားလေ။

"မိနွယ် အားလုံးကို ကြောက်တယ် ကိုကိုကျော်"

"မမမေစောကို အမိက ပြောတာလား မိနွယ်"

"မမမေစောမှ မဟုတ်ဘူး ကိုကိုကျော်သည်းပါ တယ်"

သူမနှလုံးသားကို ကပြောင်းကပြန်ဖြစ်အောင် လှုပ်နိုင်စွမ်းသော ကိုကိုကျော်ကိုလည်း သူမကြောက်ရွံ့မိ သည်။ ကိုကိုကျော်နှင့် ဆက်စပ်ပြီး မေမေစော၏ ခက်ထန် သောမျက်နှာက အလိုလိုပေါ်လာ၏။

"ကိုကိုကျော် မိနွယ်ကို ဘဝနဲ့ယှဉ်ပြီး အကာယ်စုံမက် မြတ်နိုးတာပါ၊ မိနွယ် ယုံကြည်လာတဲ့အထိ ကိုကိုကျော် စောင့်ပါ့မယ်၊ ဒီစကားက ကိုကိုကျော်ရဲ့ ကတိစကား ဖြစ်သလို သစ္စာစကားလည်း ဖြစ်တယ်၊ မိနွယ် အမြဲတမ်း ပြောပြောနေတဲ့ စကားတစ်ခွန်းကို မှတ်မိနေလားဟင်"

www.burmeseclassic.com

ကိုကိုကျော်၏ စကားသံတွေ၊ မျက်ဝန်းရိပ်တွေက တကယ့်ကို နူးညံ့ပြနေ၏။

ဒီမာယာတွေနှင့် ဒူမရင်ကို ပိုင်စိုးသွားတော့မည်လားလေ။

“မိန္ဒယ် ဘာမှ အမှတ်မရချင်သလို၊ ဘာမှလည်း မသိချင်ဘူး ကိုကိုကျော်”

“မိန္ဒယ် မသိချင်ပေမယ့် ကိုကိုကျော်က ပြောပြရလိမ့်မယ် မိန္ဒယ်၊ မိန္ဒယ်၊ ကိုကိုကျော်အတွက် ပြောနေတာ စကားပါပဲ၊ မိန္ဒယ်ဟာ ကိုကိုကျော့်ဘဝအတွက်ရော နှလုံးသားအတွက်ပါ အလိုအပ်ဆုံး မိဖုရားခေါင်တစ်ပါးပါပဲကွယ်၊ ဒါကိုတော့ တစ်ဘဝလုံးအတွက် မိန္ဒယ် ယုံလိုက်စမ်းပါ”

ကိုကို မပြောခင်ကပင် သူမ သိနေခဲ့သည်။

ဒါပေမယ့် နားမှာ မကြားရဲ မနာရဲပေ။

ချစ်ခြင်းတရားတွေဖြင့် သူမ ရင်ဆိုလာနေသော





ကိုကိုကျော့်အတွက် လက်မကမ်းရဲပြန်။ ကိုကိုကျော်ကတော့ ဇွတ်တရွတ်ပင် မို၍ တိုးဝင်လာနေ၏။

“မိန္ဒယ် တောင်းပန်ပါတယ် ကိုကိုကျော်ရယ်၊ မိန္ဒယ်ကို မချစ်ပါနဲ့၊ မိန္ဒယ်နဲ့ ကိုကိုကျော်ဟာ တကယ့်ကို အဝေးကြီးပါပဲ ကိုကိုကျော်ရယ်”

“ဝေးနေတဲ့ အခြေအနေအားလုံးကို အချစ်တစ်ခုတည်းနဲ့ နီးစပ်စေမှာလေ မိန္ဒယ်၊ ပထမဆုံး ကိုကိုကျော် လုပ်ယူရမှာက ကိုကိုကျော်တို့ဘဝကို ကိုကိုကျော်တို့ဘာသာ ထူထောင်နိုင်ဖို့ပဲ၊ ဒီ အတွက် ကိုကိုကျော် အလုပ်လုပ်မယ်၊ ကိုယ့်ဘဝကို ကိုယ်ထူထောင် ရင်းကပဲ မိန္ဒယ်ရဲ့ စိတ်ချယုံကြည်လာမှုကို ကိုကိုကျော် စောင့်မျှော်နေမယ်၊ ကိုကိုကျော် အနီးအပါးမှာ မိန္ဒယ်ကလွဲလို့ ဘယ်သူမှ မရှိ တော့တာကြာခဲ့ပြီ မိန္ဒယ်၊ သွားသွားလာလာနေပေမယ့် ကျန်ခဲ့တဲ့ ဖြစ်ခဲ့တဲ့ သာယာမှုတွေနဲ့ ကျောခိုင်းလိုက်တာ အတော့်ကို ကြာသွားပါပြီ မိန္ဒယ်၊ ကိုကိုကျော့်စိတ်တွေ ဒီလိုဖြစ်တာ အောင်


www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးခဲ့ဘူးတာ တခြားမဟုတ်ဘူး၊ မိန္မယ်ပါပဲကွယ်"

ကိုကိုကျော့်စကားများကြောင့်ပင် သူမနှုတ်တို့ဆွံ့အသွားလေ၏။

သူမရင်ထဲမှာတော့ မေခွန်းတွေက အစီအရီပင်။ သူမ အသိချင်ဆုံး၊ မတင်မကျဖြစ်မှုကို အချိန်အတော်ကြာမှ မေးဖြစ်ခဲ့၏။

"အနေနီးလို့ ကိုကိုကျော် စိတ်လှုပ်ရှားပြီး မိန္မယ်ကို ပိုင်ဆိုင်ချင်တာမျိုး ဖြစ်နေလားဟင်"

"ခန္ဓာချင်း အနေနီးကပ်တာကို ပြောချင်တာလား မိန္မယ်"

"ဟုတ်တယ် ကိုကိုကျော်"

"စိတ်ချင်းအနေနီးခဲ့ကြတာပါ၊ မိန္မယ်က အဲဒါကို မသိလို့ ဘာသာနေခဲ့လို့ ဖြစ်မယ်၊ ကိုကိုကျော်က သိသိသာသာနဲ့ အချိန်တွေ ဖြတ်သန်းခဲ့ရတာ၊ လူတစ်ယောက်နဲ့ တစ်ယောက် အချိန်တွေကို ဖြတ်သန်းခဲ့ရတာ၊ လူ တစ်ယောက်





နဲ့တစ်ယောက် အဓိကအားဖြင့် ဆန့်ကျင်ဘက် ဖိုမတွေအဖို့ ခန္ဓာချင်းနီးစပ်ဖို့ အခွင့်အရေးက များရင် များနိုင်မယ်၊ စိတ်ချင်းရင်းနှီးကျွမ်းဝင်ဖို့ကတော့ အတော်ရှားပါးလိမ့်မယ် မိန္မယ်၊ ကိုကိုကျော် ပြောနေတာက အကယ်ကြုံတွေ့ ခံစားရလို့ ပြောတဲ့စကားပါ မိန္မယ်"

ဒီပုံစံမျိုး၊ ဒီစကားသံမျိုးတွေနှင့်ဆိုရင် သူမ၏ စိတ်အစဉ် ဟာ ကိုကိုကျော့်ဆီ ထိမ်းညွှတ်ဖို့ အခွင့်အရေးတွေ များနေပြီလား။

စဉ်းစားဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းရတာကို အဝေးသို့ အောင်းထုတ်ခဲ့ပြီ ထင်၏။ သူမကိုယ်တိုင်ကပင် ကိုကိုကျော့် အပေါ်မှာ မသိလိုက် မသိဘာသာဖြင့် အချိန်များစွာကပင် ထိမ်းညွှတ်ခဲ့သည်လား လေ။



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (သုံး)

www.burmeseclassic.com

www.burmeseclassic.com

(၁)

မမေစောအိမ်သို့ ခင်ခင်ကျော်မပါပဲ သူ တစ်ယောက်တည်း ထွက်လာခဲ့၏။ ခင်ခင်ကျော်၏ မဆင်မခြင်ပြုမူမှုကြောင့် ကိုအောင်ဆွေနှင့် အိမ်ဝယ်လိုက်သူတွေကို ရန်သွားတွေ့သည် . . ဟု သိသိခြင်းမှာ ထွက်လာခဲ့ခြင်း ဖြစ်၏။ ဒီသတင်းကို စမ်းသာအားဖြင့် ပြောသူမှာ သူ့ဇနီး ခင်ခင်ကျော်ပင် ဖြစ်၏။

ဒီသတင်းနှင့် ပတ်သက်ပြီး သူနှင့်ခင်ခင်ကျော်တို့

www.burmeseclassic.com

www.burmeseclassic.com



လည်း အကြီးအကျယ် စကားများရသေး၏။ ဘာမဟုတ်သောကိစ္စကြောင့်ပင် ကိုအောင်ဆွေနှင့် အိမ်ဝယ်သူတွေကို ကြားထဲက သူ အားနာနေမိသည်။

"မေမေစောရော၊ ဘယ်မှာလဲ"

အိမ်ပေါ်ရောက်ရောက်ခြင်းမှာပင် စတင်တွေ့သူကို သူ မေးလိုက်၏။

"ဒေါသကြီးပြီး အရမ်းသွေးတိုးနေလို့ ဆရာဝန်ခေါ်ပြထားရတယ်၊ အိပ်ခန်းထဲမှာ ရှိနေတယ်"

မဖြစ်သင့်သည့် ဒေါသတရားကြောင့်ပင် ကိုယ်တိုင်မှာ ဝေဒနာ ဖြစ်ရခြင်းပေပဲ။

မေမေစောကို တွေ့ဖို့အတွက် အိပ်ခန်းရှိရာသို့ သူ ထွက်လာခဲ့သည်။

"သားလေး"

သူ့ကိုတွေ့တွေ့ခြင်းမှာပင် လှဲနေရာမှ မေမေစော ထထိုင်၏။





ဝေဒနာကြောင့် ပုံပျက်ချင်နေသော မေမေ့ဝမ်းထဲမှာ ဝမ်းနည်းမှု၊ ဒေါသဖြစ်မှုတို့ကို တွေ့ရ၏။

"မေမေစောရယ် ဘာမဟုတ်တဲ့ကိစ္စတစ်ခုအတွက် အပင်ပန်းခံပြီး ဒေါသဖြစ်ရတယ်လို့၊ အခုတော့ ကောင်းရဲ့လား၊ အိပ်ရာပေါ်လဲနေရပြီ မဟုတ်လား၊ ခင်ခင်ကျော်ရဲ့ အသုံးမကျမှုတစ်ခုပဲ၊ ခင်ခင် ကျော် ပြောသမျှ လုပ်သမျှကို မေမေစော အရမ်းအရမ်း သိပ်မထောက်ခံနဲ့"

"မင်း ဘာအကြောင်းမှ မသိသေးဘဲအရမ်းမပြောနဲ့ ကိုကိုကျော်၊ ဒီပွဲက မင်းရော ငါရော တစ်ချက်တည်းနဲ့ အလဲထိုး ခံလိုက်ရတဲ့ပွဲဆိုတာ မင်း သိရဲ့လား"

မေမေစော၏ စကားများကို သူ နားလည်နိုင်စွမ်း မရှိတာတော့ သေချာနေ၏။

"ကိုအောင်ဆွေက ဒီလောက်ရိုင်းမယ် မထင်ပါဘူး၊ မေမေစော ဘာတွေများ ပြောခဲ့ဆိုခဲ့လို့လဲ"

"အောင်ဆွေ ရိုင်းတာလောက်နဲ့ အိပ်ရာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မေမေ စောကို တွေ့စရာအကြောင်း မရှိဘူး၊ အခုကိစ္စက ဟိုဟာမက ငါတို့ နိမ့်ပြီဆိုတာနဲ့ အကွက်ကျကျ စီစဉ်ပြီး ကျေးဇူးဆပ်လိုက်တာပဲ၊ အောင်ဆွေက အဲဒီဟာမရဲ့ ကျော့ကွင်းထဲမှာ ရုန်းမထွက်နိုင်တဲ့ သားကောင်ဖြစ်နေတာ"

မေမေစော၏ စကားကြောင့်ပင် မျက်စိလည် ချင်သွား၏။

"နေပါဦး မေမေစော၊ မေမေစော ပြောတာတွေကို နားမလည်တာ အမှန်ပဲ"

"ဟုတ်သားပဲ မင်းမှ မသိသေးပဲကိုး၊ မင်းအခန်းကို အောင်ဆွေဆီက တစ်ဆင့်ငှားလိုက်တဲ့ စာရေးဆရာမ ဆိုတာ ဘယ်သူလဲလို့ မင်းသိရင် ရှင်းသွားလိမ့်မယ် ကိုကို ကျော်၊ တခြားလူတော့ မဟုတ်ဘူး၊ မိန္ဒယ်ပဲ၊ မင်းသဘော ပေါက်ပြီ မဟုတ်လား၊ ဒါကြောင့် မေမေစော အိပ်ရာပေါ် လဲတဲ့အထိ ဖြစ်ရတာပေါ့"

"ကျွန်တော့်အခန်းကို ငှားလိုက်တဲ့ စာရေးဆရာမ ဆိုတာ မိန္ဒယ် မဟုတ်လား မေမေစော"

"သိပ်ဟုတ်တာပေါ့ သား၊ မေမေစော မျက်စိနဲ့ရော နားနဲ့ပါ ကြားခဲ့မြင်ခဲ့တာ၊ ဒါကြောင့် ဒေါသပို ဖြစ်ရတာပေါ့၊ ဒီ ဟာမက အောင်ဆွေကို အသုံးချလိုက်တာလေ"

"အဲဒီအကြောင်းကို သား အရမ်းသိချင်တယ်"

"ဒီထက်ပိုပြီး ဘာသိစရာ ရှိဦးမှာလဲ ကိုကိုကျော်၊ ဒီဟာမရဲ့ တမင်ကလဲ့စားချေမှုက ပေါ်လွင်ထင်ရှားနေပြီပဲ"

မိန္ဒယ်တစ်ယောက် သူ့ဆီသို့ မထင်မှတ်ခြင်းတွေ များစွာဖြင့် ရောက်လာခဲ့သည်။ ပြီးတော့ ဘာအကျိုး ကြောင်းမျှ မသိရဘဲ သူ့ရင်မှ အစပျောက်သွားခဲ့ပြန်သည်။

အခုတစ်ဖန် ဘယ်နေရာတနေ ဘယ်လို မိန္ဒယ် ပြန်ရောက်လာသည် မသိပေ။

"ကျွန်တော် မိန္ဒယ်နဲ့ တွေ့မှ ဖြစ်မယ်"

"ဘာထပ်တွေ့စရာလိုလို့လဲ သား၊ ဒီဟာမကို အောင်ဆွေက လက်ထပ်ခွင့်တောင်းထားပြီးသားဆိုတာ







www.burmeseclassic.com

www.burmeseclassic.com



မေမေစော သိထားတယ်၊ အောင်ဆွေကသာ မေမေစောတို့နဲ့ အနေဝေးခဲ့လို့ ဒီအကြောင်းတွေ မသိတာ၊ အခုလောက် ဆိုရင်တော့ ဒီဟာမလေး အနည်းနဲ့အများဆိုသလို သူ ဖုံးထားဖိထားတာတွေပေါ်လို့ ပြဿနာ ရှင်းနေလောက်ပြီ"

မေမေစောကတော့ မိန္ဒယ့်အပေါ် အပြစ်တွေ ပုံချနေခဲ့၏။

တကယ်တမ်း သူ့ရင်ဆီမှ မိန္ဒယ်ပျောက်ဆုံးသွားခြင်းမှာ မေမေစောကြောင့်ဆိုတာ ဟိုးအစောကြီးကတည်းက သူသိထားခဲ့သည်။

သေသောသူကို ကြာရင်မေ့နိုင်သည်။ ပျောက်သောသူကို ရှာတွေ့ကောင်းတွေ့နိုင်မည်။ မတွေ့ချင် မမြင်ချင်၍ ရှောင်ပုန်းနေသော မိန္ဒယ်ကိုတော့ သူ ရှာဖွေလို့ မလွယ်ကူခဲ့ပေ။

တွေ့မယ့်တွေ့ပြန်တော့ တိုက်တိုက်ဆိုင်ဆိုင်ပင်





ဖြစ်၏။

ဒီအခြေအနေမျိုးမှာ မိန္ဒယ်နှင့် သူတို့ ပြန်တွေ့ကြခြင်းအတွက် ဘာမျှော်လင့်ချက်မှ မရှိနိုင်တော့ပေ။

မေမေစော၏ စကားအရ ကိုအောင်ဆွေနှင့် မိန္ဒယ်တို့က လက်ထပ်တော့မည်ဟု သိရသည်။ သူ့မှာကလည်း ခင်ခင်ကျော်ဆိုသော ဇနီးက လက်ရှိ ရှိထား၏။

"ဒီအကြောင်းတွေကို ခင်ခင်ကျော် သိအောင်တော့ မေမေ စော ပြောရလိမ့်မည် ကိုကိုကျော်"

"ဘာထူးမှာမို့လို့လဲ မေမေစော၊ ထပ်ပြီး ပြဿနာရှာရင် ကိုယ့်ဘက်က အရှုံးကြီးပဲ ဖြစ်မှာ မဟုတ်လား"

"သိအောင်တော့ ပြောပြထားရမယ်၊ အခွင့်ဆိုတာ မကြုံဘူးလို့ မပြောနိုင်ဘူး၊ အခွင့်ကြုံတာနဲ့ ဒီဟာမကို အလဲထိုးနိုင်အောင်လို့ပေါ့ ကိုကိုကျော်"

သူ့မိခင်နှင့် သူ့ဇနီးအကြောင်းကို သူ ကောင်းကောင်း သိထား၏။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဖြစ်ရပ်မှန်ကိုတော့ တရားနည်းကျစွာဖြင့် သူ စုံစမ်းချင်သေးသည်။

ဒီထက်ပိုပြီး သူသိချင်နေသော အကြောင်းတရားတွေက မိနွယ်နှင့် သူတို့ကြားမှာ ရှိနေသေး၏။

သူနှင့်နှစ်ဦးသဘောတူ ချစ်ခဲ့ကြပြီး ဘဝအတွက် ကြိုတင်ညှိနှိုင်းထားခဲ့ကြပြီးမှ ဘာကြောင့် မိနွယ် ရှောင်ပုန်းသွားသည်ကို သူ သိချင်နေခဲ့တာကြာခဲ့ပြီ။

ဒီတစ်သက်မှာတော့ မိနွယ်နှင့် ပြန်တွေ့ပြီး ဒီအကြောင်းတွေကို မေးဖြစ်လိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

"မိနွယ်က ဘယ်နာမည်နဲ့ စာရေးတာလဲ မေမေ"

သူ အရမ်းသိချင်စိတ်ကြောင့် မေးလိုက်မိသည်။

"အဲဒါတော့ ဘယ်သိပါ့မလဲ"

ဟုတ်တော့လည်း ဟုတ်သည်။ ဒီအကြောင်းတွေကို မေမေစောအား မေးလို့ အကြောင်းထူးမှာ မဟုတ်ပေ။





မိနွယ်ကို သွားမတွေ့ခင်မှာ ပထမဆုံး သူတွေ့သင့်သည့် လူမှာ ကိုအောင်ဆွေပင် ဖြစ်၏။

"ထားလိုက်ပါလေ၊ ဖြစ်လာတဲ့ အကြောင်းတရားတွေလို့ပဲလို့ မှတ်ရတော့မှာပေါ့"

"မင်း ဒီစကားမျိုး ပြောမယ်ဆိုတာ ငါ သိပြီးသားပါ ကိုကိုကျော်၊ ဒီဟာမနဲ့ ပတ်သက်လာရင် မင်း ခွင့်လွှတ်မယ်ဆိုတာ သိပြီးသားပါ၊ တစ်ခုပဲ သတိပေးချင်တယ်၊ မင်းတို့ငါတို့ အခြေအနေက နိမ့်နေပြီး မင်းလိုလူမျိုးထက် အဆပေါင်းများစွာ ပိုက်ဆံရှိတဲ့ အောင်ဆွေကို ရအောင်ရွေးချယ်လိုက်တာ မင်း အမြင်ပဲ၊ ပြီးတော့ မင်းမှာလည်း ခင်ခင်ကျော် ရှိနေပြီ၊ ကျားသေကို အသက်ပြန်သွင်း ရင် မင်းပဲ ဒုက္ခတွေ့လိမ့်မယ် ကိုကိုကျော်"

"ကျားသေကိုတော့ ပြန်အသက်မသွင်းချင်ပါဘူး မေမေစော၊ အဲဒီကျား ဘာကြောင့် သေဆုံးသွားရသလဲဆိုတာကိုတော့ သားသိချင်တာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီဟာမနဲ့ ဆက်သွယ်မှာလား"

သူ့စကား မှားသွားပြီဆိုတာကို ချက်ချင်း ရိပ်မိလိုက်သည်။

"ဆက်သွယ်မယ်လို့တော့ မဟုတ်ပါဘူး၊ သူနဲ့ သားနဲ့တ ဇာတ်လမ်း ပြီးသွားပြီပဲ"

"အေး ... မင်းသိထားရမှာက အဲဒီဟာမကို ဝေးဝေးက ရှောင်ဖို့နဲ့ အခွင့်ကြုံတာနဲ့ ဒီဟာမ အနိမ့်ဆုံးဖြစ်အောင်လုပ်ဖို့ပဲ၊ ဒါကိုတော့ မင်းခေါင်းထဲမှာ အမြဲထည့်ထားရမယ် ကိုကိုကျော်"

မေမေစောက နှုတ်နှင့်ရော ကိုယ်အမူအရာနှင့်ပါ သူ ကတိ မပေးဖြစ်ပေ။

မိနွယ်အပေါ်မှာတော့ ဒီနေ့အထိ မေမေစော၏ သဘောထားများက အရင်ကအတိုင်းပင် ရှိနေ၏။

သူ့အပေါ်မှာတော့ မိနွယ်၏သဘောထားတွေက ပြောင်းလဲခဲ့ပြီထင်၏။





မုန်းတီးနာကျင်နိုင်စရာအကြောင်းတွေ မရှိပါပဲ သူ့ရင်ခွင်မှ နေပြီး မိနွယ်တစ်ယောက် ပုန်းရှောင်ထွက်ပြေးနေခဲ့၏။

အခုချိန်ကျမှ မိနွယ်က ဘွားခနဲ ပေါ်လာပြီး သူ့စိတ်ကို ခြောက်လှန့်ခဲ့သည်လား။

မေမေစော ပြောသလိုပင် အစီအစဉ်တကျဖြင့် သူတို့ မိသားစုကို တိုက်ခိုက်ခဲ့ပြီလားလေ။

မိနွယ် နှင့် သူ့ကြားမှာတော့ ဒီလောကထိဖြစ်လောက်အောင် အငြိုးအတေးတွေ ဘာဆိုဘာမှ မရှိခဲ့ပေ။

ဒီကိစ္စတွေ ရှင်းသွားဖို့အတွက် ကိုအောင်ဆွေနှင့် အမြန်ဆုံးတွေ့မှ ဖြစ်တော့မည်လေ။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကိုအောင်ဆွေနှင့် မျက်နှာချင်းဆိုင်တွေ့ဖို့ လေးရက်လောက် သူကြိုးစားလိုက်ရ၏။

သူ့အခန်းဟောင်း၏ ဖုန်းနံပါတ်ကို ကောက်နှိပ်လိုက်ရင် ကိစ္စက ဒီလောက်ထိရှုပ်ရှုပ်ထွေးထွေး ဖြစ်စရာအကြောင်း မရှိပေ။

ကိုအောင်ဆွေနှင့် တွေ့ဆုံခြင်းကို မိန်းမယ်အား

www.burmeseclassic.com

www.burmeseclassic.com



မသိစေချင် ၍ တခြားနည်းလမ်းကိုပင် သူ သုံးရသည်။ ကိုအောင်ဆွေက အိမ် မပြန်ပဲ မိန္ဒယ်အိမ်မှာပင် အခန်း ပြင်ဆင်ခြင်းကို နေ့ရောညပါ တာဝန်ယူနေသည်ဟု သူ သိရသည်။

ကိုအောင်ဆွေတစ်ယောက် အိမ်သို့ ခဏပြန်သော အခိုက်အတန့်မှာပင် သူနှင့် ဖုန်းပြောဖြစ်၏။

သူနှင့်တွေ့ဆုံဖို့ကိစ္စကို လိုလိုချင်ချင်ပင် ကိုအောင်ဆွေ လက်ခံ၏။

ကိုအောင်ဆွေဘက်ကလည်း မိန္ဒယ်နှင့် ပတ်သက်ခဲ့ဖူးသောသူ့ကို နှစ်ယောက်ချင်း တွေ့ချင်တာ သဘာဝကျသည်လေ။

ကိုအောင်ဆွေဘက် သိလိုသည်များကို ပြောစရာစကား သူ့မှာ များများစားစား ရှိမှာ မဟုတ်ပေ။ သူ့ဘက်ကသာ မိန္ဒယ်နှင့် ပတ်သက်သည်များကို သိချင်သည်က များနေ၏။





ကိုအောင်ဆွေ မိန္ဒယ်အကြောင်းကို မေးမြန်းလာပါက "မိန္ဒယ်နဲ့ ဘဝတစ်သက်တာ လက်တွဲခွင့်ရခြင်းဟာ ကိုအောင်ဆွေအဖို့ ကံအကောင်းဆုံး" . . . ဟုသာ သူမှာ ပြောစရာ ရှိသည်လေ။

ကိုအောင်ဆွေနှင့် အတူဆုံဖို့ အေးဆေးသော ဆိုင်လေးတစ်ဆိုင်ကို သူကပင် ရွေးချယ်ခဲ့၏။

နေ့လယ် တစ်နာရီမှာ ချိန်းဆိုထားသော်လည်း ဆယ့်နှစ်နာရီခွဲလောက်ကတည်းကပင် သူ ကြိုတင်ရောက်နှင့်နေ၏။

တစ်နာရီထိုးဖို့ ဆယ့်မိနစ်ခန့်အလိုမှာပင် ဆိုင်ထဲသို့ ကိုအောင်ဆွေ ဝင်လာ၏။

တကယ်တော့ သူနှင့်ကိုအောင်ဆွေတို့သည် တော်စပ်ကြသော ညီအစ်ကိုများပင် ဖြစ်ကြ၏။

"ရောက်နေတာကြာသွားပြီလား ကိုကိုကျော်"



www.burmeseclassic.com

www.burmeseclassic.com



အများသူငါ ခေါ်ကြသလိုပင် ဆူ့ကိုခေါ်ပြီး ခရီးဦး စကားဆိုရာ၏။

"အကြာကြီးလည်း မဟုတ်သေးပါဘူး ကိုအောင်ဆွေ"

ကိုအောင်ဆွေက သူ့ထက်ငယ်သော်လည်း လေးစားသည့် သဘောဖြင့် ကိုတပ်ခေါ်ဖြစ်သည်။

"ကိုကိုကျော်က ကျွန်တော့်ကို တွေ့ချင်သလို၊ ကျွန်တော်ကလည်း တွေ့ချင်နေတာနဲ့ အဲတော့ဖြစ်သွားတာပဲ"

တကယ့်တမ်းကျတော့ သွေးသားတော်စပ်သော်လည်း သူနှင့် ကိုအောင်ဆွေတို့သည် သာမန်မိတ်ဆွေများ ထက်ပင် အနေစိမ်းခဲ့ကြ၏။

"ကိုအောင်ဆွေ အခုလို အချိန်ပေးပြီး လာတွေ့တဲ့ အတွက် ကျွန်တော်က ကျေးဇူးတင်ရမှာပါ။ ကိုအောင်ဆွေ အစားရော အားရဲ့လား"

"ကျပန်းက ပြန်ရောက်တာ တစ်နှစ်မပြည့်သေးဘူး





လေ။ အားပါတယ်၊ အားလွန်းလို့ အလုပ်မရှိ အလုပ်ရှာပြီး နွယ့် အခန်းကို ပြင်ပေးဆင်ပေးနေရတာလေ"

ကိုအောင်ဆွေ ပြောလိုက်မှပင် သူတစ်ချက်သတိ ထားမိဖြစ်သွား၏။ ကိုအောင်ဆွေက ကျပန်မှာ နှစ်ရှည်လ များသွားနေသူ ဖြစ်၏။ ဒီပြန်ရောက်တာ မကြာသေးတော့ ဟိုးအရင်းကတည်းကပင် မိနွယ်နှင့် မိတ်သက်ခဲ့သည်လား မသိပေ။

"စပ်စုတယ် မထင်ပါနဲ့၊ ကိုအောင်ဆွေ၊ မိနွယ်နဲ့ ကိုအောင်ဆွေတို့ ရင်းနှီးတာ အတော်ကြာပြီလား"

"နှစ်ဝက်မကျိုးသေးပါဘူး၊ ကျွန်တော့်သူငယ်ချင်း ယဉ်ထွန်းက မိနွယ်ရဲ့ ထုတ်ဝေသူလေ၊ ယဉ်ထွန်းနဲ့ ပတ်သက် ပြီး နွယ်နဲ့ဆုံဖြစ်တာ၊ နွယ့်ကို ချစ်ခွင့်တောင်းထား ပြီးသား ဖြစ်သလို လက်ထပ်ခွင့် လည်း တောင်းထားပြီးသားပါ"

ဒီစကားကိုတော့ ကိုအောင်ဆွေ ပြောသင့်မှန်း သိသည်။ ဒီပုံစံအတိုင်းဆိုရင်တော့ မိနွယ်နှင့် ကိုအောင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တို့ ရင်းနှီးမှုက အချိန်ကာလ မကြာသေးတာတော့ သေချာနေ၏။

"ကျွန်တော့်ဇနီးရဲ့ မဆင်မခြင်ပြုမှုကြောင့် မလိုလားအပ်တဲ့ နောက်ဆက်တွဲ ပြဿနာတွေ ဖြစ်ရတဲ့အတွက် ကိုအောင်ဆွေကိုရော မိန္ဒယ်ကိုပါ တောင်းပန်ချင်နေတာ၊ ကိုယ့်အပြစ်နဲ့ကိုယ်မို့ မိန္ဒယ်ကိုတော့ ချက်ချင်း မတွေ့ရဲတာနဲ့ ကိုအောင်ဆွေကို အပူကပ်ရတာပါပဲ"

"အေးဗျာ၊ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ရတာ၊ တကယ်တမ်းကျတော့ အန်တီစော စွပ်စွဲပြောဆိုသလိုမျိုး နွယ်က အကွက်ကျကျ စီစဉ်ခဲ့တာ မဟုတ်ပါဘူး၊ ကိုကိုကျော်နဲ့ ကျွန်တော် ဆွေမျိုးတော်တယ်ဆိုတာကို နွယ်မသိတာ အမှန်ပါပဲ၊ အန်တီစော ရောက်လာတဲ့နေ့မှ သိရတာပါ ကိုကိုကျော်၊ ပြီးတော့ ဒီအခန်းဝယ် ဖြစ်သွားတာကလည်း ကျွန်တော်ရဲ့ တိုက်တွန်းမှုကြောင့်ပါပဲ၊ ကိုကိုကျော်နဲ့ တွေ့မယ်ဆိုတာကို မိန္ဒယ် မသိပါဘူး၊ မိန္ဒယ်ကတောင်





ပြောပါသေးတယ်၊ အန်တီစော ပြောသလိုမျိုး အခြေအနေကြောင့် ဖြစ်ခဲ့တာကို၊ ကိုကိုကျော်က တကယ်ထင် သွားမှာကို အရမ်းစိုးရိမ်တယ်တဲ့"

ကိုအောင်ဆွေ၏ စကားများကြောင့်ပင် အဖြေကို ရှင်းလင်းစွာ သူ သိသွား၏။

"ကျွန်တော်လည်း သူ့ ပြောသလောက် မဖြစ်နိုင်ဘူးဆိုတာကို တွေးမိပါတယ် ကိုအောင်ဆွေ၊ အခုမှပဲ အဖြေက ရှင်းသွားတော့တယ်၊ မိန္ဒယ်အကြောင်းကို ကျွန်တော် သိချင်တာ မေးချင်တယ်၊ မေးလို့ရမလား ကိုအောင်ဆွေ"

သူ့ကို စေ့စေ့ကြည့်ရင်း ကိုအောင်ဆွေ ခဏတွေ ငေ နေသေး၏။ ပြီးမှ . . .

"နွယ်ကတော့ ကိုကိုကျော်နဲ့ ပတ်သက်ခဲ့ဖူးတဲ့ အကြောင်းတွေကို ပြောပြပြီးသားပါ၊ ကျွန်တော် သိသလောက်ကိုတော့ ပြောပြ ပေးလို့ရပါတယ်"

"ကျွန်တော်တို့အကြောင်းကို သိထားတယ်ဆိုရင်



www.burmeseclassic.com

တော့ ကျွန်တော်အဖို့ ပိုပြီးလိပ်ပြာလုံတာပေါ့ ကိုအောင်ဆွေ ပြီးဆုံးနေတဲ့ ဇာတ်လမ်းကို ပြန်ဆက်ကချင်တဲ့ သဘော မပါဘူးဆိုတာကိုတော့ ကျွန်တော် မကျွေးခံထားချင်ပါ ဘူး။ ကျွန်တော့်အဝမှာ အရှမ်း အသိချင်ဆုံးကိစ္စမို့လို့ မေးမဖြစ် မေးရမှာပါ ကိုအောင်ဆွေ၊ ကျွန်တော့်ကို နားလည်ပေးပါနော် ကိုအောင်ဆွေ”

ကိုအောင်ဆွေကို ဇာကယ်ပင် အာ့သနားခံနေမိ၏။ သူ့ အမေးမှဖြေဆိုနိုင်သောကိစ္စတစ်ခု အတွက် တော့ သူ့ အောက်ကျို့ခံရမည်လေ။

“ကိုတို့တော့် မေးမယ့်စကားကို ကျွန်တော် အတတ် နိုင်ဆုံး ဖြေဖို့ စဉ်းစားပေးပါ့မယ်၊ ကျွန်တော် မသိသေးတဲ့ ကိစ္စဆိုရင်လည်း သိအောင် အကူအညီပေးပါ့မယ် ကိုကိုကျော်”

သူနှင့်ကိုအောင်ဆွေတို့ နားလည်မှု ရှိသွားသော ကြောင့်ဝင် မေးရမှာ ပို့ပြီး အားတက်သွားမိ၏။ အကယ် တော့ အတိတ်အဖြစ် အပျက်တွေအပေါ် ရှင်ဖွင့်ခြင်းတစ်ခု





ဖြစ်သည်လေ။

“ကျွန်တော်နဲ့ မိန္ဒယ်တို့ အဖြစ်အပျက်စာချို့ကို ကိုအောင်ဆွေ သိပြီးသားပါ။ ကျွန်တော် သိချင်နေတာ မိန္ဒယ်နဲ့ ကျွန်တော် နှစ်ယောက်ဘဝထူထောင်ဖို့ သဘောတူ ခဲ့ကြတယ်၊ မေမေစော သဘောမတူလည်း ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်တည်နိုင်အောင် ကျွန်တော် အိမ်ကထွက်သွား တာ လေးလလောက်ပဲ ရှိမယ်ထင်တယ်၊ ထွက်သွားတွင်းမှာ ရတာ မိန္ဒယ်နဲ့ ဖုန်းပြောဖြစ်တယ်၊ နောက်ပိုင်းကျတော့ ကျွန်တော်ဖုန်းဆိုရင် မေမေစောပဲ ကိုင်တာများတယ်၊ ဖေဖေတောင် တစ်ခါမှ မကိုင်ဘူး၊ တစ်ခုခုဖြစ်ပြီဆိုတာ ကျွန်တော် သိလိုက်တယ်၊ ဘာကြောင့်ဆိုတာသာ ကျွန်တော် မသိရတာလေ၊ ဒီမှာကလည်း အလုပ်တွေက မပြတ်တော့ ရန်ကုန်ချက်ချင်း ဆင်းလာဖို့ဆိုတာလည်း မလွယ်ဘူး၊ ကျွန်တော် ရန်ကုန် ဆင်းမယ်ဆိုတာနဲ့ ဖေဖေ့ အလုပ်ရှင် သူဌေးကြီးက ပေးမလွှတ်တဲ့ အလုပ်တွေကိုပဲ ပေးကြောင့်

www.burmeseclassic.com



မြဲပြီး ငြင်းတယ်၊ တစ်လနှစ်လလောက် အထိတော့ သည်းခံပြီး နေကြည့်တယ်၊ လေးလပြည့်တဲ့အထိ မိနွယ်နဲ့ အဆက်အသွယ် ထပ်မရတော့ ရန်ကုန်ကို ထွက်ဆင်းခဲ့တယ်၊ ရန်ကုန်ရောက်တော့ ကျွန်တော်ထင်တဲ့ အတိုင်းပဲ မိနွယ်အိမ်မှာ မရှိတော့ဘူး၊ မေမေကတော့ မိနွယ်ကပဲ မကောင်းတာတွေ လုပ်လို့ သူ့ဘာသာသူ အရှက်ရပြီး အိမ်ပေါ်ကဆင်းသွားတယ် ပြောတယ်၊ ဖေဖေကတော့ သူမသိဘူးချည်း ငြင်းတယ်၊ ကျွန်တော်နဲ့ မိနွယ်အကြောင်းကို မေမေ တစ်ယောက်ပဲ သိထားတာ၊ အဲဒီအခါကျမှ ကျွန်တော် ဘာတစ်ခုမှ ကြည့်ရဲ... မမြင်ရပါ၊ မိနွယ် အိမ်ပေါ်က ပျောက်သွားတဲ့ကိစ္စမှာ ဖေဖေပါ ပါဝင်ပတ်သက်နေတယ်ဆိုတာ ရိပ်စားမိတယ်၊ ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ မိနွယ်သတင်းကို ရအောင်စုံစမ်းတယ်၊ သူ့ မြို့ကိုလည်း သူ ပြန်မရောက်ဘူး၊ အဲဒီကတည်းက မိနွယ်ပျောက် ဆုံးသွားလိုက်တာ နှစ်ပေါင်းနဲ့ချီပြီး ကြာသွားတယ်၊ ဒီအချိန်ကျမှ





မိနွယ် ပြန်ပေါ်လာ တာ ကိုကိုကျော်၊ အဲဒီက ကျွန်တော် သိချင်တာက ကျွန်တော့်မှာ ဘာအပြစ်မှ မရှိပါဘဲနဲ့ မိနွယ် ရှောင်တိမ်း သွားရက်တဲ့ကိစ္စပဲ ကိုကိုကျော်"

သူ့စကားပြောနေသည့်ကာလအတွင်းမှာ ကိုအောင်ဆွေ တစ်ယောက် စီးကရက်တွေကို နင်းဖွာနေ၏။

သူ့စကားဆုံးတော့ အေးဆေးတည်ငြိမ်စွာဖြင့် ကိုအောင်ဆွေ ပြောသည်။

"ကိုကိုကျော် သိချင်တဲ့အကြောင်းကိစ္စကို နွယ် ပြောပြလို့ ကျွန်တော် သိထားပြီးသားပါ။ ဒါပေမယ့် . . . "

ကိုအောင်ဆွေက အစဖျိုးပေးပြီး စကားဖြတ်ထားလိုက်၏။

သူ မနေနိုင်တော့ဘဲ ကိုအောင်ဆွေ့ကို မေးလိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ ကိုအောင်ဆွေ၊ ကိုအောင်ဆွေ သိရင် ပြောပြပါဗျာ"



www.burmeseclassic.com

"ကျွန်တော် ပြောပြတာထက် ကာယကံရှင်နဲ့ တွေ့ပြီး နွယ့်ကိုယ်တိုင်ပြောပြတာက သာအာရုံကျမယ်ထင်တယ် ကိုကိုကျော်၊ ဒီကိစ္စနဲ့ ဖြတ်သွားပြီး နွယ်နဲ့ ကိုကိုကျော်တို့ တွေ့ကြဖို့ အရမ်းလိုအပ်ပါတယ်၊ ကိုကိုကျော်တို့ချင်း တွေ့ဖို့ ကျွန်တော် ကမကထ လုပ်ပေးပါမယ်"

"ကျွန်တော် မိနွယ်နဲ့ မတွေ့ရဲတာတော့ အမှန်ပဲဗျာ"

"တွေ့လိုက်ပါဗျာ၊ ကိုကိုကျော် တွေ့သင့်ပါတယ်"

"သူ ကျွန်တော့်ကို ဘယ်လိုချစ်ချင်နဲ့ တွေ့ချင်ပါ့မလဲဗျား ကိုအောင်ဆွေ"

"ခင်ဗျားတို့ချင်းက အနားလည်လွန်ပြီး ကွဲကွာခဲ့ကြတာပဲဗျာ၊ မုန်းတီးနာကြည်းရမယ့်သူတွေမှ မဟုတ်ဘဲ၊ အဲဒီအတွက် နွယ်နဲ့ ကိုကိုကျော် တွေ့သင့်ပါတယ်"

ကိုအောင်ဆွေက သူထင်ထားသည်ထက်ပင် သဘောထားကြီးသူတစ်ယောက် ဖြစ်နေပြန်၏။





ဒီလို ယောကျ်ားမျိုးနှင့် မိနွယ် ပေါင်းဖက်ဖော်ဖြစ်ရတာ အလွန်ကံကောင်းသည်ဟု မှတ်ချက်ချ ဖြစ်မိသည်။

"ကျေးဇူး အရမ်းတင်ပါတယ် ကိုအောင်ဆွေ၊ ကျွန်တော်ထက်တောင် သဘောထားကြီးမယ့် ကိုအောင်ဆွေကို တော့ အရမ်းလေးစားမိတာ အမှန်ပါပဲ"

"ဒီက ပြန်ရင် ကျွန်တော် နွယ့်ဆီ သွားမှာ၊ ခင်ဗျားလည်း အိမ်ကို ရောက်အောင်ပြန်၊ နွယ့်ဆီက အကျိုးအကြောင်း သိရရင် ကျွန်တော် ဆက်သွယ်မယ်၊ ကိုကိုကျော်ဆီမှာ ဖုန်း ရှိလား"

"ကျွန်တော့်အခန်းမှာတော့ မရှိဘူး ကိုအောင်ဆွေ၊ အနီးအပါးအိမ်မှာတော့ ရှိတယ်၊ အဲဒီဖုန်းနံပါတ်ကို ဆက်ရင်တော့ရတယ်၊ သူတို့ ခေါ်ပေးပါလိမ့်မယ်"

ကိုအောင်ဆွေကို ဖုန်းနံပါတ် ပြောလိုက်သည်။

ကိုအောင်ဆွေက စာအုပ်ထဲမှာ ရေးမှတ်၏။

"နွယ့်ဆီက အကျိုးအကြောင်း သိတာနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆက်မှာနော်"

"နေဦး ကိုအောင်ဆွေ၊ ကျွန်တော့်နာမည် ပြောတာ ထက် ကျွန်တော့်မိန်းမနာမည်ကို ပြောပြီး ခေါ်ခိုင်းတာက အဆင်ပြေမယ် ထင်တယ်၊ ကျွန်တော့်မိန်းမကို အနီးအပါး က လူတွေက ပိုသိကြတယ်"

"ကိုကိုကျော် အမျိုးသမီးနာမည်က"

"ခင်ခင်ကျော်ပါ ကိုအောင်ဆွေ"

ကိုအောင်ဆွေက ခင်ခင်ကျော့်နာမည်ကို ရေးမှတ် ပြန်၏။

သူ့ရင်ထဲမှာတော့ မိန္ဓယ်နှင့် တွေ့ရမည်ဆိုသော အသိကြောင့် ရင်ခုန်နေမိ၏။

သူမသိသေးသော အတိတ်ဖာတ်၏ အဓိကအခန်း ကဏ္ဍကို မကြာခင်မှာ သိရတော့မည်ပဲလေ။



(၃)

ကိုအောင်ဆွေနှင့် တွေ့ပြီး သူ အိမ်တန်းပြန်၏။

မိန္ဓယ်နှင့် တွေ့မည်အကြောင်းကို ခင်ခင်ကျော် အား ပြောပြသင့်သည်ဟု သူ တွေးလိုက်သည်။

ခင်ခင်ကျော်ကိုတော့ နားလည်အောင် ပြောပြပြီး မိန္ဓယ်နှင့် တွေ့ခွင့်တောင်းရမည်လေ။

တကယ်တမ်းကျတော့ မိန္ဓယ်နှင့် တွေ့ဖို့ကို သူ စတင်ပြောချိန်ပင် မရလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်လည်းမည်မည်ရရ မလုပ်ဘဲ ဒီလို ပဲ လျှောက်သွားနေတော့မှာလား ကိုကို"

အိမ်ပေါ်ရောက်ပြီး အမောမပြေသေးခင်မှာပင် ပြောနေကျဆိုနေကျ စကားလုံးများဖြင့် ခင်ခင်ကျော် တိုက်ခိုက်တော့၏။

သူ့အပြစ်နှင့်သူမို့ ပြေရာပြေကြောင်းပင် ပြန်ပြော လိုက်သည်။

(၄)

"လုပ်တုန်းက လုပ်ခဲ့တာပဲ၊ အခုအချိန်မှာလည်း အဆုံးမရှိအောင် ကိုကို ကြိုးစားနေတာပဲ ခင်မကျော်ရယ်၊ အချိန်မတန်ခင် အခိုက်အတန့်မှာရှောင် ဒီလိုပဲ နေရဦးမှာ ပေါ့၊ အခန်းရှောင်ထားတဲ့ ပိုက်ဆံတွေလည်း ရှိနေသေး သွားပဲ ဥစ္စာ"

"မသိပါဘူး၊ ရည်းစားဟောင်းတွေ လွမ်းသိမ့်ဆိုးပြီး လျှောက်နေနဲ့ ရောင်ရှိုးလိုက်သလားလို့ပါ"

မေမေစော ပြောပြလို့ စိန္တယ်အကြောင်းတို့ကို ခင်ခင် ကျော် သိသွားတာ ဖြစ်ရမည်။ ခင်ခင်ကျော်အတွက်တော့ မြှောစိုးရာတစ်ခုရသွားပြန်ပြီ။ ဒီပုံအတိုင်းဆိုရင်တော့ မိန္တယ်နှင့်တွေ့မည့်ကိစ္စကို ဖတ်လမ်းမစတာ အကောင်းဆုံး . . . ဟု ဆုံးဖြတ်လိုက်ရသည်။

"ခင်ခင်ကျော်တလည်းကွာ သူ့အခါအခိုက် ဆိုင် ဦး ဖြစ် သွားကြတဲ့ကိစ္စပါကွာ"

"အခုချိန်ကျမှတော့ ဟိုကလည်း ရှင်ဆို အလုပ် သက်မဲ့ လူတစ်ယောက်၊ ပြီးတော့ မယားကြီးတော်အစ်နဲ့လို့ ဆို အယ်အကောပ် မဲ့တော့မှာလဲ၊ ရှမ်းပြန်လူမျိုးလေးကိုပဲ သိမ်းပိုက်လိုက်တော့မှာပေါ့"

"ခင်ခင်ကျော်ရယ် မိန်းမချင်း ဘာကြောင့် ဒီစကား မျိုးတွေ ပြောနေရတာလဲ"

"ပြောရတယ်၊ ကိုယ့်ယောကျ်ားကိုကာ အိမ်ဇီစာရေး ဆရာမကို စွဲနေတာကို၊ ဘာလဲ အခုဖြစ်မှုကိုခဲ့တဲ့ကိစ္စတွေ ကို အရင်းပြုပြီး ရှင်ကသွားပြီး အညာနစ်းခံလို့ဆို"







www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"ဘာဟုတ်တာလဲ၊ ရှင် သွားစရာ မလိုဘူး၊ တောင်းပန်စရာ မလိုဘူး၊ ရှင်သွားရင်တော့ ရှင်နဲ့ကျွန်မ အကြောင်း သိသွားမယ်"

မောက်မာပြင်းထန်လွန်းသော ရာဇသံကြောင့်ပင် သူ ငြိမ်လိုက်ရသည်။

မေမေစောက စကားတွေကို ကုန်အောင် ပြောပြ လိုက်သည် ထင်၏။

ခင်ခင်ကျော်တစ်ယောက် သူ့ကို အမြင် မကြည် လင်တာတော့ အရှမ်းသေချာနေသည်လေ။

ခင်ခင်ကျော်၏ ဆူပူညည်းတွားသံများကို သည်းခံ ပြီး တစ်ချိန်လုံး ဖုန်းအလာကို သူ စောင့်နေမိသည်။ တစ်ရက်ကနေ နှစ်ရက်မြောက်သွား၏။ သူ့ဆီသို့





ကိုအောင်ဆွေ ဖုန်းမဆက်ပေ။ သူကိုယ်တိုင်က ဆက်ရ အောင်လည်း ဟိုဘက်က အခြေအနေက ဘာမှန်း ညာမှန်း သိရတာ မဟုတ်တော့ မဆက်ဝံ့ပေ။

တတိယနေ့မြောက် မနက်ခင်းမှာတော့ သူ မနေ နိုင်တော့ပဲ ခင်ခင်ကျော်အား စကားစမိ၏။ သူမသိတုန်း အချိန်မှာ ဖုန်းလာ သွားသေးလားဟု စကားတောက်ကြည့် လိုက်သည်။

"ခင်ခင်ကျော်ကို မေးစရာ ရှိတယ်"

"ဘာလဲ"

"ဒီရက်ပိုင်းမှာ ကိုကိုနာမည်နဲ့ ဖုန်းဝင်လာသေး လားဟင်"

"သိပ်ထူးဆန်းနေပါလား၊ ဘာလဲ ရည်းစားဟောင်း နဲ့ အဆက်အသွယ်လုပ်ဖို့ အဲဒီရည်းစားဟောင်းရဲ့ သတို့သားလောင်းကို ပွဲစားလုပ်ခိုင်းထားလို့လားဟင်"

ခင်ခင်ကျော်ကို သူ မေးမိလိုက်တာ ကံဆိုးတိ မှန်


www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ခင်ခင်ကျော့၏ စကားအသွားအလာအရ ဆိုလျှင်တော့ ကိုအောင်ဆွေ ဖုန်းဆက်တာ သေချာသလောက် ရှိနေ၏။

"ကိုအောင်ဆွေ ဖုန်းဆက်တယ် မဟုတ်လား ခင်ခင်ကျော့"

"ရှင်နဲ့ကိုအောင်ဆွေက ဘာကိစ္စရှိလို့ အဆက်အသွယ်လုပ်ရတာလဲ"

"ဒါက မင်းကိစ္စ မဟုတ်ပါဘူး၊ ကိုအောင်ဆွေ ဖုန်းဆက်လား၊ မဆက်ဘူးလားဆိုတာပဲ သိချင်တယ်"

"စကားပြောတာက မာလှချည်လား၊ ဘာကြောင့် အဆက် အသွယ် လုပ်ရတာလဲဆိုတာကိုသာ အရင်ပြောစမ်းပါ"

ခင်ခင်ကျော့ကို ကြည့်ရင်းကမင်း တမင်ရွဲ့ချင်စိတ် ဖြစ်သွားမိသည်။

"ပြောမယ် မင်း စိတ်ခိုင်ခိုင်ထားပြီး နားထောင်





ခင်ခင်ကျော့၊ ငါ မိန္ဒယ်နဲ့တွေ့ဖို့အတွက် ကိုအောင်ဆွေက ဖုန်းဆက်တာ၊ မင်း သိပြီ မဟုတ်လား"

"ဟင် . . . ရှင်တို့က ဒီအခြေအနေအထိ ပြန့်ပြီး အဆင်ပြေကြပြီပေါ့ ဟုတ်လား"

"ဒါက မင်းကိစ္စ မဟုတ်ဘူး၊ မင်းကို ရှင်းပြလည်း လက်ခံမှာ မဟုတ်တာ၊ ငါ လေကုန်မခံနိုင်ဘူး ခင်ခင်ကျော့"

"ကြည့်စမ်း ကြည့်စမ်း၊ မသုံးစဖွဲ့ ငါတွေ ဘာတွေ သုံးလို့ပါလား၊ ကောင်းပြီလေ၊ ရှင် အဲဒီစာရေးဆရာမနဲ့ သွားတွေ့မယ်ဆိုရင် ကျွန်မနဲ့ ဇာတ်လမ်းပြတ်အောင် လုပ်ပြီးမှ သွားတွေ့၊ ရှင်နဲ့ အဲဒီစာရေးဆရာမ ပြန်ဆုံတာကို ကျွန်မ လုံးဝသဘောမကျဘူး၊ ကျွန်မကို ကွာရှင်းနိုင်တယ် ဆိုမှ ရှင်သွား"

"မဆိုင်တာတွေကို ဘာကြောင့် မဖွာနေရတာလဲ ခင်ခင်ကျော့ရယ်၊ မိန္ဒယ်ကို သွားတွေ့တာနဲ့ ဘာလို့ကွဲတာ ကွာတာ ပြောရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ် ရှင် မကွာချင်ရင် သွားမတွေ့နဲ့"

"ခက်တယ်ကွာ၊ မင်းကို လိမ်ချင်ညာချင်မှတော့ ဒီအကြောင်းတွေ ပြောပြနေတော့မလား၊ မမြင်ကွယ်ရာမှာ သစ္စာမဲ့ ချင်မှတော့ ဒီလိုစကားမျိုး ပြောမနေဘူး"

"လိမ်တာညာတာကမှ အခံရသက်သာဦးမယ်၊ အခုလို ပေါ်ပေါ်တင်တင်ကြီး ကြားရမြင်ရတာက ပိုအခံခက်တယ်၊ ဒီစာရေး ဆရာမ ပြန်ပေါ်လာပြီဆိုကတည်းက ရှင့်ကို မသတီတော့တာ အမှန်ပဲ၊ ရှင်တို့ချင်းက အရမ်းချစ်ခဲ့နားလည်ခဲ့ကြတာလေ၊ ကျွန်မကိုကျတော့ မေမေစောတို့ လူကြီးချင်းက အတင်းပေးစားလို့ ရှင်ယူချင် မယူချင် ယူခဲ့ရတာ မဟုတ်လား"

"ဘာလို့ သူငယ်ပြန်ချင်တဲ့စကားတွေ ပြောနေရတာလဲ၊ ကိုကိုတို့က တရားဝင်လက်ထပ်ခဲ့ကြတဲ့ အကြင်လင်မယားပါ၊ ပြီးတော့ အခုကိစ္စက သူ့မှာလည်း သူ့လူနဲ့သူ ရှိနေပြီးသား"





ခင်ခင်ကျော့အား ရှင်းပြလို့ မရတာတော့ သေချာသွား၏။

ပြီးတော့လည်း မိန္နယ်နှင့်ပတ်သက်ပြီး အခုကိစ္စမှ မဟုတ်ဘဲ နောက်နောင်ကိစ္စများမှာ သံသယစိတ်ဖြင့် နားပူနားဆာလုပ်တော့မှာ သေချာသည်။

"သွားတွေ့ဖို့ကို ခွင့်တောင်းနေတာပါ ခင်ခင်ကျော့ရယ်"

"မလိုဘူး၊ လုံးဝသွားမတွေ့ရဘူး၊ သွားတွေ့ပြီဆိုတာနဲ့ ဒီအိမ်ပေါ်ကို ပြန်မလာနဲ့တော့၊ ရှင်နဲ့ ကျွန်မ ကွာဖို့ တရားရုံးကိုပဲ လာခဲ့တော့"

"မဟုတ်သေးဘူးကွယ်"

"ဟုတ်တယ်၊ ဟုတ်ကိုဟုတ်တယ်၊ ဒါ ကျွန်မရဲ့ ပြတ်သားရမယ့် အချိန်အခါပဲ၊ ကိုင်တွယ်တာတင်းလို့ ပြတ်သွားရင် တစ်ခါပဲ စိတ်ဆင်းရဲရမှာ၊ ကျွန်မ ဆုံးဖြတ်တာ လုံးဝ [illegible]နတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ခင်ခင်ကျော်၊ ငါကတော့ မိန္ဒယ်ကို သွားတွေ့ရမှာပဲ၊ အဲဒီအတွက် ငါ့ဘက်က ဘာမှ စတင်ပြီးတော့ မလုပ်ဘူး၊ မင်းကတော့ မင်း အမှန်တရားအတွက် မင်းဘာသာ မင်း ဒုက္ခရှာ ပေတော့၊ ငါ အခုသွားမယ် ခင်ခင်ကျော်"

"ရှင် တကယ်သွားတော့မလား"

"ပြောပြီးပြီပဲ"

"ဒါဆို . . . အခုချက်ချင်း ကျွန်မ မျက်စိရှေ့က ထွက်သွားတော့"

ဒေါသများဖြင့် ပူလောင်နေသော ခင်ခင်ကျော်ကို တစ်ချက်စိုက်ကြည့်လိုက်၏။ သူ့ခြေလှမ်းတစ်လှမ်းတိုင်းသည် ခင်ခင်ကျော်နှင့် ဝေးသထက် ဝေးပြီးဆိုတာကို အလိုလို သိနေသည်ပဲ။





"ညီလေးရော အစ်ကို့ကို တင်းချက်လောက် အကူအညီပေးပါ"

"ဘာများ ကူညီရမှာလဲ အစ်ကို"

"အစ်ကို ဖုန်းဆက်ချင်လို့ ညီလေး"

"ဆက်လေ အစ်ကို"

ဖုန်းစောင့်နေသော ကောင်လေးကို သူ သဘောပေါက်အောင် ပြောလိုက်ရသည်။

မိန္ဒယ် ဖုန်းနံပါတ်ကို ပြောပြပြီး သူ ပြောလိုက်၏။

"ဒီလို ညီလေး၊ ဒီဖုန်းနံပါတ်မှာ ကိုအောင်ဆွေဆိုတဲ့ သူ ရှိတယ်၊ သူနဲ့ စကားပြောချင်လို့ပါ၊ သူကိုယ်တိုင် မလာမှာ စိုးလို့ပါ၊ ညီလေး ခေါ်ပေးပါလား၊ ကိုအောင်ဆွေဆိုမှ တိုယ့်ကို ပေးပြောလေ" \

ဒီလိုကိစ္စမျိုးတွေနှင့် ရင်းနှီးပြီးသား ဖြစ်နေလို့လား မသိ။

ကောင်လေးက လိုလိုချင်ချင် သဘောတူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစ်ကိုရာ၊ ဒီလိုမျိုးတွေကို လုပ်ပေးနေကျပါ၊ အစ်ကို ခဏလေးစောင့်"

ကောင်လေးက ဖုန်းနံပါတ်ကို ကျင်လည်စွာ နှိပ်လေ၏။

သူကတော့ ဘေးနားမှနေပြီး ရင်ခုန်နေရ၏။

"ကိုအောင်ဆွေနဲ့ စကားပြောချင်လို့ပါ"

" --------------- "

တစ်ဘက်မှ ပြောစကားကို နားထောင်ပြီး ခဏကြာမှ ကောင်လေးက ဖုန်းကို လက်ဝါးဖြင့်ပိတ်ကာ သူ့ကို ပြော၏။

"အမျိုးသမီး လာကိုင်တာ၊ သွားခေါ်နေတယ် အစ်ကို"

"ကိုအောင်ဆွေလားလို့ မေးလိုက်နော်"

ကောင်လေးက အသံမပြုဘဲ ခေါင်းညိတ်ပြ၏။

ဒီပုံစံအတိုင်းဆိုရင်တော့ ကိုအောင်ဆွေ ရှိနေတာ





သေချာ ၏။

" ------------- "

" ကိုအောင်ဆွေများလား မသိဘူး "

" ------------- "

"ဒါဆိုရင် ခဏလေး ကိုင်ထားနော်"

ကောင်လေးက သူ့လက်ထဲသို့ ဖုန်းထိုးပေးလိုက်၏။

"ကိုအောင်ဆွေလား"

"ဟုတ်တယ် ကိုကိုကျော်၊ ကျွန်တော် စောင့်နေကြတာဗျ"

"ဟုတ်တယ် ကိုအောင်ဆွေ၊ ဖုန်းဆက်တာကို အခုမှ ကျွန်တော် သိတာ"

"ခင်ဗျား မိန်းမ ပြောတာလား"

"ဆိုပါတော့"

"အေးဗျာ၊ ခင်ဗျားမိန်းမက ကျွန်တော့်နည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောပြလိုက်ရော ပြောတာ ရစရာမရှိဘူး၊ ကျွန်တော်ကတော့ ဘာမှ ပြန်မပြောလိုက်ပါဘူး။ ကျွန်တော်နဲ့ နွယ်စိုးရိမ်တာက ဖုန်းဆက်တဲ့ အကြောင်းကို ပြန်မပြောမှာကိုပဲ"

"အခုရော မိနွယ် အခန်းမှာ ရှိနေလား ကိုအောင်ဆွေ"

"မရှိဘူး၊ ကိစ္စတစ်ခုရှိလို့ အပြင်ခဏသွားတယ်၊ ခင်ဗျား ဒီအိမ်ကိုပဲ လာခဲ့လေဗျာ"

"ကျွန်တော် အဲဒီအိမ်ကို လာလို့ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ လာခဲ့နော်၊ ကျွန်တော် စောင့်နေမယ်"

ကိုအောင်ဆွေကတော့ အသေအချာကြီး ပြောနေ၏။

ဖုန်းချပြီးသည်နှင့် ကောင်ဒလးကို ကျေးဇူးတင်စကား ပြောလိုက်သည်။ အိတ်ကတ်ထဲမှ ပိုက်ဆံကို ပြန်စစ်ရင်းက တားတစ်စီးကို တားလိုက်သည်။



(၄)

မိနွယ်တို့အိမ်သို့ သူရောက်သွားချိန်မှာတော့ အပြင်အဆင် အနေအထားတွေသည် သူ နေထိုင်ခဲ့စဉ်ကထက် များစွာပြောင်းလဲသွား၏။

သူ့ကို ကိုအောင်ဆွေ ခရီးဦးကြိုပြုသည်။

"နွယ် ပြန်လာနေပြီလို့ ဖုန်းဆက်တယ် ကိုကိုကျော်"

ကိုအောင်ဆွေ စကားအရဆိုရင်တော့ သူလာတာ

www.burmeseclassic.com

www.burmeseclassic.com



ကို မိန္ဒယ် သိပြီးပြီ ဖြစ်၏။

အမျိုးသမီးတစ်ယောက်က သူ့အတွက် အအေးနှင့် မုန့်ကို ယူဆောင်လာပေးသည်။

"သုံးဆောင်လိုက်ပါဦးရှင်"

"ဟုတ်ကဲ့ခင်ဗျာ"

တကယ်တမ်းမှာတော့ သူ့ရင်တွေပူနေ၏။

အအေးခွက်ကို ကောက်ကိုင်ပြီး တစ်ငုံသောက်လိုက်သည်။

"ကိုကိုကျော့် အမျိုးသမီးက အခုချိန်ထိကို ကျွန်တော့်အပေါ်မှာ အမြင်မကြည်လင်သေးဘူးဗျ"

"ဟုတ်တယ် ကိုအောင်ဆွေ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဒီနေ့အထိ ကျွန်တော်နဲ့ တကျက်ကျက်ပါပဲဗျာ"

ဒီကိုရောက်လာဖို့အတွက် ခင်ခင်ကျော်နှင့် ပြဿနာအကြီးအကျယ် ဖြစ်ခဲ့ခြင်းကိုတော့ သူ ထိန်ချန် ထားလိုက်သည်။





"ကျွန်တော် တစ်ခုမေးမယ် ကိုကိုကျော်"

"မေးပါ ကိုအောင်ဆွေ"

"ခင်ဗျားတို့နှစ်ယောက်ချင်း အေးအေးဆေးဆေး စကားပြောချင်လား"

ဒီအမေးစကားကိုတော့ သူ့စိတ်ထဲမှာ ရှိသည့်အတိုင်း ဖြေရန်သင့်တော်မည် မဟုတ်ပေ။

"ဘယ်လိုအနေအထားမျိုးနဲ့ဖြစ်ဖြစ် ပြောလို့ ဖြစ်ပါတယ် ကိုအောင်ဆွေ"

သူ့စကားကို နားထောင်ရင်းကပင် အခန်းအပြင်ဘက်သို့ ကိုအောင်ဆွေ ကဲကြည့်လိုက်၏။

"နွယ်တော့ ပြန်ရောက်လာပြီ ကိုကိုကျော်"

ကိုအောင်ဆွေ၏ တပ်လှန့်စကားကြောင့်ပင် သူ့ရင်တစ်ခုလုံး လှုပ်ရှားသွားရသည်။

တကယ်တမ်း မျက်နှာချင်းဆိုင်ရမည်ဆိုတော့ သတ္တိတွေ နည်းပါးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တော့ မိနွယ်နဲ့ တွေ့ရမှာကို သတ္တိနည်းနေတာ အမှန်ပဲ ကိုအောင်ဆွေ"

"နွယ့်အနေနဲ့ ကိုအောင်ဆွေ့အပေါ်မှာ ပစ်ပစ်ခါခါ ဆက်ဆံမှာမှ မဟုတ်ဘဲဗျာ၊ ခင်ဗျားတို့ ဖြစ်ခဲ့ပျက်ခဲ့တယ် ဆိုတာကလည်း ကံကြမ္မာကြောင့်ပဲဥစ္စာ"

အိမ်ပေါက်ဝဆီသို့ သူ့အကြည့်ကို မရွှေ့ထားရဲပေ။

လှေကားထစ်များအတိုင်း တက်လာသောခြေသံက တစစ နှင့် နီးကပ်လို့လာသည်။

"ခြော် . . . ရောက်နေပြီသား"

မိနွယ်ကို လှမ်းကြည့်လိုက်သည်။

မိနွယ်၏ အလှအပများက အရင်ကာလများထက် ပင် ပို၍မျှော်နေသေးသည် . . . ဟု အောက်မေ့မိသည်။ ထကယ်တမ်းမှာတော့ မိနွယ်နှင့်ပတ်သက်သမျှအရာ အားလုံး သည်။ အခုချိန်မှာတော့ သူနှင့် လုံးဝဆက်စပ်ခြင်း မရှိတော့ပေ။

"နွယ်ရေ . . . နွယ်တို့ချင်း စကားပြောတဲ့နေရာ





ကျွန်တော် ရှိနေလို့ ဖြစ်ပါ့မလား"

သူ့ကို ရှေ့မှာထားပြီး နွယ့်ကို ကိုအောင်ဆွေ မေးသည်။

နွယ်က အိနြွေရစွာဖြင့် ပြန်ဖြေသည်။

"ဖြစ်ပါတယ် ကိုအောင်ဆွေ၊ ကိုအောင်ဆွေ ရှိနေတော့ ပိုကောင်းတာပေါ့။ မဟုတ်ဘူးလား ကိုကိုကျော်"

သူ့နှုတ်မှ သဘောတူကြောင်း မပြောဖြစ်သော်လည်း ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိသည်။

"အဝတ်အစားတွေ ဘာတွေ လဲလိုက်ပါဦးလား နွယ်၊ ပြီးတော့ နွယ် တစ်ခုခု စားလိုက်ဦး"

"ကိုအောင်ဆွေ သတိပေးမှ သတိရမိဖြစ်တယ်၊ ဒီ တစ်မနက်လုံး အစားအသောက်ကို မည်မည်ရရ မစားရ သေးဘူး၊ အဲဒီတော့ စောင့်လက်စနဲ့ ခဏလောက် စောင့်ပေး လို့ ဖြစ်တယ် မဟုတ်လား ကိုကိုကျော်"

"ဖြစ်ပါတယ် မိနွယ်"



www.burmeseclassic.com

www.burmeseclassic.com



မိနွယ်နှင့် သူတို့ဆက်ဆံရေးသည် အရင်ကနှင့်တခြားစီ ဖြစ်သွား၏။

ကိုအောင်ဆွေနှင့် မိနွယ်တို့၏ အပြန်အလှန် ပြောစကားတွေက ရင်းနှီးကျွမ်းဝင်မှုကို ဖော်ပြသလို ဖြစ်နေ၏။

သူ စောင့်ဆိုင်းရသည်ဆိုသော်လည်း အချိန်အကြာကြီးတော့ မဟုတ်ပေ။

မိနွယ်က ဝေယျာဝစ္စများကို အချိန်တိုတိုတွင်းမှာပြီးစီးအောင် လုပ်ပြီး သူနှင့်ကိုအောင်ဆွေရှိရာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာ၏။

"ကိုကိုကျော် သိချင်တာကို မပြောပြခင်မှာ ကိုအောင်ဆွေနဲ့ မိနွယ်တို့အကြောင်းကို အရင်ပြောချင်တယ်"

မိနွယ်က နိဒါန်းမပျိုးဘဲ ပြောချလိုက်သောစကားကို သူ့အဖို့ အံ့ဩလောက်စရာ မရှိသော်လည်း ကိုအောင်ဆွေ





က အံ့ဩနေတာ သိသာလွန်း၏။

"ဘာအကြောင်းများလဲ နွယ်"

"အခုပြောမယ့်စကားက ကိုအောင်ဆွေနဲ့ အများကြီး ပတ်သက်ပါတယ်၊ ကိုအောင်ဆွေ နွယ့်ကို လက်ထပ်ခွင့်တောင်းထားတယ် မဟုတ်လား၊ ဒီတစ်ပတ် နှစ်ပတ်အတွင်းမှာ မင်္ဂလာပွဲဖြစ်အောင် စီစဉ်လိုက်တော့"

"တကယ်လား နွယ်"

"တကယ်ပြောနေတာပေါ့၊ နှစ်ယောက်တည်း ပြောကြတာ မဟုတ်ဘူး၊ ကိုကိုကျော် တစ်ယောက်လုံး သက်သေရှိနေတာပဲ"

ကိုအောင်ဆွေ ဝမ်းသာနေသော်လည်း သူ့အဖို့မှာတော့ နေရထိုင်ရတာ နည်းနည်းလေး ကသိကအောက်နိုင်သွား၏။

"ကောင်းပါပြီ နွယ်၊ နွယ် ဆက်ပြောမယ့်စကားကိုဆက်ပြောလေ၊ ကိုကိုကျော် နားထောင်ဖို့ စောင့်နေရှာ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

ဖြည်းဖြည်းပြောလိုပါတယ် ကိုအောင်ဆွေ၊ ကိုအောင်ဆွေတို့ မိနယ်တို့ရဲ့ မင်္ဂလာသတင်း ကြားရတာ ဝမ်းမြောက်မိတာ အမှန်ပါပဲ”

မိန္ဒယ်ကို မသိမသာ လှမ်းကြည့်မိခြင်းကို၊ ကိုအောင်ဆွေက မြင်ဖြစ်လိုက်သေး၏။

မိန္ဒယ်၏ မျက်နှာရိပ်သည် သိပ်ပြီးတော့ လှုပ်လှုပ်ရှားရှား ဖြစ်မနေပေ။

“ကိုကိုကျော်က ဘာကို အဓိကထားပြီး သိချင်ရတာလဲတင်”

မိန္ဒယ်က တည့်တည့်မေးလာတော့ အဖြေကျပ်ရသည်။

သူ သိချင်နေသော အကြောင်းတရားတွေက အခုချိန်မှာ အသုံးမဝင်တော့မှန်း သူ သိနေသည်။ ဒါပေမယ့် ဘာကြောင့်ဆိုတာကိုတော့ အရမ်းသိချင်နေခဲ့သည်ပဲ။





ကိုအောင်ဆွေရှေ့မှာမို့ အတိတ်ကဇာတ်ကြောင်းကို အပြည့်အစုံ မဟုတ်ဘဲ နှစ်ကိုယ်ချင်း သိကြသည့်စကားမျိုးကို ရွေးပြောလိုက်သည်။

“ဒီလိုပါ မိန္ဒယ်၊ အခုချိန်ခါမျိုးမှာ ဒါတွေကို ပြန်ပြောင်းသိရလို့ မိန္ဒယ်ရော၊ ကိုကိုကျော်ပါ ဘာမှ ထွေထွေထူးထူးဖြစ်လာကြမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုကိုကျော် မိန္ဒယ်နဲ့ ခွဲရပြီးကတည်းက ဒီနေ့အထိ အဲဒီအကြောင်းကို အရမ်းသိချင်ခဲ့တယ်၊ ကိုအောင်ဆွေကိုလည်း ဒီအတိုင်းပဲ ပြောပြခဲ့တာပါ၊ ကိုကိုကျော် မန္တလေးကို လေးလ သွားအလုပ်လုပ်တုန်းမှာ မိန္ဒယ် ဘာကြောင့်အိမ်ကနေ ထွက်သွားရတာလဲ၊ ပြီးတော့ အစအနပျောက်ပြီး ဘာလို့ ဇာတ်မြှုပ်နေခဲ့ရတာလဲ၊ ကိုကိုကျော် အဲဒီအကြောင်းကို အရမ်းသိချင်တယ်”

မိန္ဒယ်က သူ့စကားတွေကို နှာခေါင်းရှင်းသံ အတိတ်ကို စိတ်ဖြင့် မှန်းပြီး လှမ်းဆွတ်ကြည့်သည်သင်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောလိုက်သော စကားလုံးတွေ၏ နက်ရှိုင်းမှုကို မိနွယ် နားလည်မည် ထင်၏။

သူနှင့် မိနွယ်တို့နှစ်ယောက်ချင်း စကားမပြောဖြစ်တာလည်း တစ်မျိုးတော့ ကောင်းနေပြန်၏။

ကိုအောင်ဆွေသာ အနားမှာ ရှိမနေပါက သူ့ရင်တွေ ဒီထက်ပိုပြီး ပွင့်ထွက်ကုန်မှာ သေချာနေ၏။

"ဒီကိစ္စကို သိချင်တာလား၊ မိနွယ်လည်း တစ်နေ့နေ့မှာ ကိုကိုကျော်နဲ့တွေ့ပြီး ဒီအကြောင်းတွေ ပြောပြဖို့ အမြဲစိတ်ထဲမှာ ရှိနေပါတယ်၊ ပြီးခဲ့တာတွေ မိနွယ်လုပ်ခဲ့မိတာတွေက အားလုံးအတွက်ပါ၊ အဲဒီတုန်းက အကောင်းဆုံးဖြစ်မယ့် အခြေအနေကို ရွေး ချယ်လိုက်တာပါ၊ အဖြစ်အပျက်အကြောင်းစုံကို မိနွယ် ပြန်ပြောပြ ပါ့မယ်၊ ကိုအောင်ဆွေကိုလည်း အကြမ်းဖျင်းလောက်တော့ ပြောပြထားပြီးသားပါ"

မိနွယ် ပြောပြမည့် နောက်ကြောင်းပြန်ဇာတ်လမ်းကို သူရော ကိုအောင်ဆွေပါ စိတ်ဝင်းစားနေကြ၏။





မိနွယ်ကို ဟိုတုန်းကလည်း ထိခိုက်နာကျင်အောင် သူ မလုပ်မိ။ အခုလည်း မလုပ်မိပေ။ သူ့ချစ်ခြင်း၊ မြတ်နိုးခြင်းတွေကို သိနေပါလျက်၊ ဒီဘဝမှာ သူနှင့်အဝေးဆုံးဖြစ်အောင် ဘာကြောင့် မိနွယ် ဖန်တီးခဲ့သလဲ။

ရင်ထဲက အထပ်ထပ်သော မေးခွန်းတွေကို မိနွယ် သိစေချင်လိုက်တာလေ။



www.burmeseclassic.com

www.burmeseclassic.com

(၇)

ကိုကိုကျော်နှင့်သူမတို့၏ တိတ်တဆိတ် ချစ်ကြိုးသွယ်မှုက တစ်ရက်ထက်တစ်ရက် ပိုပိုလာခဲ့သည်။ ချစ်စခင်စ အချိန်ခါမို့ အနေနီးစွာ နေခွင့်ရသော်လည်း စကားပြောတာကအစပေ လွှတ်လွှတ် လပ်လပ် မရှိပေ။

အန်တီစော သတိထားမိမှာကို သူမရော ကိုကိုကျော်ပါ စိုးထိတ်မိကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံမျိုးနှင့် အမြဲတမ်းသွားလို့ရမည် မဟုတ်ကြောင်းကို နှစ်ယောက်စလုံး သိကြ၏။

"ကိုကိုကျော် မန္တလေးမှာ သွားပြီး အလုပ်လုပ်မယ်၊ ဖေဖေ့ သူငယ်ချင်းစက်ရုံမှာ ကိုကိုကျော်တို့ ရှယ်ယာထည့်ထားတာ ရှိတယ်လေ၊ အဲဒီမှာ အလုပ်လုပ်ဖို့ ဖေဖေရော မေမေရောက ခွင့်ပြုလိုက်ပြီ မိန္ဒယ်"

"ကိုကိုကျော် ဘယ်တော့သွားဖြစ်မှာလဲဟင်၊ အကြာကြီး ကြာမှာပေါ့"

"ဒီရက်ပိုင်းမှာ သွားဖြစ်လိမ့်မယ်၊ ကိုကိုကျော်တို့ဘဝကို ကိုကိုကျော်တို့ဘာသာ ထူထောင်ကြဖို့ဆိုရင် လက်ထဲမှာ ကိုယ်ပိုင် ငွေစကြေးစလေးတွေရှိမှ ကောင်းမှာလေ၊ ဒါကြောင့် အလုပ်ဝင်ဖို့ ဖေဖေ့ဆီမှာ ခွင့်တောင်းရတာ"

"မိန္ဒယ်ဆီမှာလည်း စုထားဆောင်းထားတာလေးတွေ ရှိပါသေးတယ်"





"မိန္ဒယ်ဆီမှာ ရှိတဲ့ ပိုက်ဆံလေးကနဲ့ ဘယ်ဖြစ်ပါ့မလဲ မိန္ဒယ်ရယ်၊ ဘာလဲ မိန္ဒယ်က ကိုကိုကျော်နဲ့ ခွဲရမှာကို စိုးရိမ်တာလား"

"အင်းပေါ့၊ ဒီမှာက မြင်နေတွေ့နေရသေးတယ်လေ၊ မန္တလေးမှာ သွားနေရင် လွမ်းနေမှာတော့ သေချာတယ်"

"မိန္ဒယ်ရယ် တစ်ဘဝလုံး အတူနေရဖို့အတွက် တစ်နှစ်လောက်တော့ ဒီလိုပဲ သွားချည်ပြန်လှည့်နေကြရမှာပေါ့၊ ကိုကိုကျော် ဖုန်းလည်း ဆက်မယ်၊ ပြီးတော့ နှစ်လတစ်ခါလောက်တော့ ပြန်ဖြစ်မယ်လေ"

ကိုကိုကျော်တတော့ ဖြစ်နိုင်သည်များကို ပြောဆိုပြီး သူမအား ဖျောင်းဖျနှစ်သိမ့်လေ၏။

နောက်ဆုံးမှာတော့ ကိုကိုကျော်ဆန္ဒတွေကို သူမ လိုက်လျောပေးရ၏။

"အင်းလေ၊ ဒီလိုဆိုတော့လည်း သွားသင့်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထစ်ခုပဲ ရှိတယ် ကိုကိုကျော်"

"ဘာများလဲ မိန္တယ်"

"အနေဝေးသွားလို့ . . ."

"ဒါများ မိန္တယ်ရယ်၊ အနေဝေးလို့ ပိုလွမ်းတယ်ဖို့လွမ်းတော့ ချစ်ချင်းက ပိုခိုင်မြဲတယ်လေ၊ မေ့နေပြီလား စာရေးဆရာမ ကြီးရဲ့၊ ကိုကိုကျော်ကို လွမ်းတဲ့အလွမ်းနဲ့ စာတွေဖိရေးလေ၊ ကိုကိုကျော်ကလည်း မိန္တယ်အတွက်ဆိုပြီး အလုပ်တွေ ပိုလုပ်မယ်၊ ဘယ်နှယ့်လဲ"

"ဒီလိုဝေးရမယ်ဆိုတော့ ရင်ထဲမှာလေးတာ အမှန်ပဲ ကိုကိုကျော်၊ ဘာကိုတွေးပြီး ကြောက်မှန်း မသိဘူး၊ အစတတည်းက ကိုကိုကျော် မိန္တယ်ကို မချစ်ခဲ့ရင်ကောင်းမှာ"

"မိန္တယ်ရယ် အာကြောင့် တမင်ကြောင့်ကြပြီး ကိုယ့်ကို ဒုက္ခ ပေးချင်ရတာလဲ၊ ကိုကိုကျော် နောက်ဆံတင်းအောင် မလုပ်ပါနဲ့၊ မိန္တယ်ကို ပြောစရာစကား ကျန်သေးတယ်"





ကိုကိုကျော်စကားကြောင့်ပင် သူမ စိတ်ဝင်စားသွားသည်။

"ဘာများလဲ ကိုကိုကျော်"

"ကိုကိုကျော်တို့ အကြောင်းကို ဖေဖေသိသွားပြီ မိန္တယ်"

ကိုကိုကျော် စကားကြောင့် လန့်ဖျပ်သွား၏။

"ဦးလေး သိသွားပြီ"

"ဟုတ်တယ် မိန္တယ်"

"နေပါဦး ကိုကိုကျော်၊ ဦးလေး သိရအောင် မိန္တယ်တို့က အရမ်းသိုသိုသိပ်သိပ် နေကြတာပဲဥစ္စာ၊ ဒါဆိုရင်တော့ ဒုက္ခပဲ ဦးလေးတောင် ရိပ်မိရင် မေမေစောတော့ သိနေတော့မှာပဲ၊ ဘယ်နှယ့်လုပ်ကြမလဲ ကိုကိုကျော်"

ပါးစပ်က ပြောရင်း ကျောထဲမှာ စိမ့်တက်လာသည်။

သူမ ဖြစ်ပျက်နေပုံကို ကြည့်ကာ ကိုကိုကျော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်သွေး လွှမ်း၏။

"ကိုကိုကျော် စကား မဆုံးသေးဘူး မိန္ဒယ်၊ ဖေဖေ ရိပ်မိတာ မဟုတ်ဘူး၊ အိမ်ထောင်ရေးအကြောင်းကို မြောက်ကြွဆိုကြွရင်းက ဖေဖေ့ကို ကိုကိုကျော် တမင်ဖွင့်ပြော လိုက်တာ"

"ဟုတ်လား"

"ဟုတ်တယ် မိန္ဒယ်၊ ကိုကိုကျော့်စကားကိုကြား တော့ ဖေဖေ အံ့ဩသွားတယ်၊ မိန္ဒယ်ကို စိတ်ကစားပြီး ချစ်မိတာမျိုးတော့ အားမပေးချင်ဘူးတဲ့၊ မိန္ဒယ်က ကိုကိုကျော်တို့အရိပ်မှာ လာခိုနေရ ရှာတဲ့သူတဲ့၊ ကိုကိုကျော် ကလည်း မိန္ဒယ်ကို လက်ထပ်ဖို့အထိ တစ်ဘဝလုံးစာ ရည်ရွယ်တာပါလို့ ပြောလိုက်တယ်၊ ပြီးတော့ မိန္ဒယ်နဲ့ အတူတူနေနိုင်အောင်လို့ အလုပ်တစ်ခုတောင်းတယ်၊ ဖေဖေက သဘောတူတယ်ဆိုရင် ပြီးတာပဲတဲ့၊ အလုပ်လုပ်မှာကို လည်း သဘောတူတယ်၊ မင်း မေမေစောသာသိရင် မိုးမီး





လောင်မှာလို့ သတိပေးသေး တယ်"

ဦးလေးကတော့ စိတ်ရင်းကောင်းသူ၊ အေးဆေးသူ မို့ ပြဿနာ မလုပ်မှန်း သူမလည်း သိနေ၏။

သူမတို့ဘက်မှာ ဦးလေးရှိနေသည်ဆိုသော အသိ ကြောင့် အားတက်သွားမိသည်။

"ဒါဆိုရင်တော့ မိန္ဒယ် တစ်မိုးစိတ်အေးပြီ ကိုကိုကျော်၊ ကိုကိုကျော်နဲ့ မိန္ဒယ်တို့ ဝေးဖို့ သိပ်စိုးရိမ်စရာ မရှိတော့ဘူး"

"ဒါပေါ့ မိန္ဒယ်ရယ်၊ အချစ်စစ်ဆိုတာ နည်းနည်း လေးတော့ အဖုအထစ် အကွေ့အကောက်လေးတွေ ရှိနေ ဦးမှာပေါ့၊ မဟုတ်ဘူးလား"

ခွဲရခါနီး ချစ်သူနှစ်ဦးအတွက် ပျော်စရာစကားလေး များကို ပြောရင်းလွမ်းရမည့်ကိစ္စများကို မေ့လျော့ထားကြ သည်။

မကြာခင်မှာ ကျရောက်တော့မည့် အန္တရာယ်ကို သူမရော ကိုကိုကျော်ပါ မတွေးမိခဲ့ကြပါလေ . . .။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို မန္တလေးသွားသည့်နေ့က ဘူတာရုံကို သူမ လိုက်ပို့ ချင်သော်လည်း အိမ်မှာပင် ကျန်ရစ်ခဲ့ရ၏။

ဘူတာမှနေပြီး အန်တီစောတို့ အလစ်တွင် ကိုကိုကျော်က ဖုန်းလှမ်းဆက်သေး၏။

ဖုန်းထဲမှနေပြီး ကိုကိုကျော်ကို ဝမ်းနည်းတုန်ယင်စွာဖြင့် နှုတ်ဆက်ရလေသည်။

ကိုကိုကျော် မန္တလေးသွားပြီး တစ်ပတ်အကြာမှာ အန်တီစောဆီမှ မကြားဘူးသော စကားများကို သူမ ကြားရ၏။

"မိန္ဒယ်"

"ဘာခိုင်းစရာ ရှိလဲ အန်တီစော"

"ခိုင်းစရာရှိတယ်လို့တော့ မဟုတ်ဘူး မိန္ဒယ် ဒီအိမ်မှာက သားလေး မရှိတော့ မိန္ဒယ်အလုပ်တွေက နည်းနည်းလျော့သွားမှာ၊ ဒီကြားထဲမှာ မိန္ဒယ် အိမ်ပြန်ချင်ရင် တစ်ပတ်ဆယ်ရက် ပြန်လေ"





ကြားကြားချင်းမှာ သူမနားကိုပင် သူမ မယုံနိုင်အောင် ဖြစ်ရ၏။

သဘောကောင်းလွန်းပြီး အလိုက်သိသော အန်တီစောကို ကျေးဇူးတွေ တင်နေဖြစ်၏။

"တကယ်ပြောနေတာနော် အန်တီစော"

"တကယ်ပြောတာပါ ဒီရောက်ကတည်းက တစ်ခါမှ ညည်း အိမ်မပြန်ဖြစ်သေးတာလေ"

"ဒီရက်ပိုင်းအတွင်းမှာ သွားရမှာလား"

"အေးပေါ့၊ အိမ်အတွက် ဝယ်စရာခြမ်းစရာတွေကို ငါနဲ့ မနက်ဖြန် ဈေးလိုက်ဝယ်လေ၊ ဒီအတွက် ညည်းရမယ့် ထဲက ဖြတ်မယူပါဘူး"

ကိုကိုကျော် ဖုန်းဆက်ရင်တော့ ခွင့်တောင်းရဦးမည်။ ကိုကိုကျော်ကလည်း လိုလိုချင်ချင် ပြန်လွှတ်မှာ သေချာသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

"သမီး မိန္ဒယ်"

ကိုကိုကျော် ဖုန်းကိုစောင့်ရင်း အိမ်အတွက် ဝယ်ခြမ်းထားသော ပစ္စည်းများကို ထုပ်ပိုးနေစဉ်မှာပင် ဦးလေး အနားသို့ ရောက်လာ၏။

"ဘာလုပ်ပေးရမလဲ ဦးလေး"

"ဘာမှ မလိုပါဘူးကွယ်၊ မိန္ဒယ်က အိမ်ပြန်ရမှာဆိုတော့ အတော်ပျော်နေမှာပေါ့"

"ဒါပေါ့ ဦးလေးရဲ့၊ မိန္ဒယ် ဒီရောက်ကတည်းက ပြန်မှမပြန် ဖြစ်သေးတာ"

"သမီးကို ပြောစရာရှိတယ်၊ ကိုကိုကျော်နဲ့ အဓိက ပတ်သက်တဲ့ အကြောင်းပါ"

ဦးလေးအကြည့်များက အတော်လေး မှိုင်းဝေနေ၏။

ကိုကိုကျော့်အကြောင်း စကားစလာသောကြောင့် စိတ်ထဲမှာ လေးလံသွားမိသည်။ ဦးလေးကို မျက်နှာသွ





သော်လည်း သူမ ပြောလိုက်ရသည်။

"ပြောပါ ဦးလေး"

"ဒီလိုပါ သမီး၊ သားက ဦးလေးကို အိမ်ထောင်ပြုဖို့ ကိစ္စပြောတယ်၊ သူ့ မေမေစောကလည်း အိမ်ထောင်ပြုပေးချင်နေတာလေ၊ ဦးလေးက သားမှာ ရည်ရွယ်ထားတဲ့သူရှိရင်ပြောလို့ လမ်းခင်းပေးမိတယ်၊ ဒီမှာပဲ သူ့မှာ လက်ထပ်ချင်တဲ့ မိန်းကလေး ရှိတယ်လို့ ပြောတယ်၊ အဲဒီ မိန်းကလေးက တခြားမဟုတ်ဘူး၊ သမီးပဲလို့ ရဲရဲဝံ့ဝံ့ ပြောလာတယ်၊ ကြားကြားချင်းမှာ အရမ်းအံ့သြသွားတယ်၊ သားလေးအနေနဲ့ သမီးကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်လိမ့်မယ်လို့ အိမ်မက်တောင် မမက်မိတာ အမှန်ပဲ၊ သွေးပူသွေးလောနဲ့ သဘောတူကြောင်းကို ဦးလေး ခေါင်းညိတ်ခဲ့တယ်၊ မန္တလေးမှာ အလုပ်သွား လုပ်ဖို့ကိုလည်း သဘောတူခဲ့တယ်"

ဦးလေး ပြန်ပြောပြနေသော အကြောင်းအရာတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူမ သိပြီးသား ဖြစ်နေ၏။

"ဟုတ်ကဲ့ ဦးလေး၊ ဒီအကြောင်းတွေကို ကိုကိုကျော် ပြန် ပြောပြလို့ သမီး သိပြီးပါပြီ"

"ဦးလေး ဆက်ပြောပြမယ်၊ အခုပြောမယ့်စကား တွေက သမီးကို အကျပ်ကိုင်တာ မဟုတ်သလို ရက်ရက် စက်စက် ပြောတာဆိုတာလည်း မဟုတ်ဘူး၊ ဦးလေး တောင်းပန်နေတာပါ၊ သမီးကို ဒီအိမ်မှာ ခေါ်ထားဖို့၊ သမီး ပညာဆက်သင်ဖို့ ဦးလေး ကူညီပေးခဲ့ တာ သမီး အသိပဲ၊ သမီးနဲ့ ကိုကိုကျော့်အကြောင်းကို သမီးတို့ အန်ကီ သိသွားပြီ"

"ရှင်"

ဦးလေး ပြောချလိုက်သော စကားကြောင့်ပင် သွေးလေ လှည့်ပတ်မှု ခေတ္တပြောင်းဆန်သွား၏။

"စိတ်အေးအေးထားပါ သမီး၊ အန်တီစောကိုလည်း သမီးကို နိုင်ထက်စီးနင်း မပြောမဆိုဖို့၊ ညင်ညင်သာသာ





ကိုင်တွယ်ဖို့ ဦးလေးနားချပြီးသားပါ၊ ဦးလေး ဆက်ပြောပြ မယ့် အစီအစဉ်တွေကို ဦးလေး ကိုယ်တိုင်တွေးပြီး စီစဉ် ခဲ့တာ၊ ဒါကြောင့်ပဲ သမီး အန်တီစောကို ဝင်မပါခိုင်းတာပေါ့ သမီး"

ထင်ထားတာထက်ပင် အခြေအနေတွေက နူးညံ့ ရှုပ်ထွေး လွန်းနေ၏။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးလေး ဘာဖြစ်စေချင်လို့ လဲဟင်"

"ဒီလိုပါ သမီး၊ ကိုကိုကျော် ပြောပြီးပြီချင်းမှာ အန်တီစောကို ချက်ချင်း အသိပေးတာ မဟုတ်ပါဘူး၊ သမီး အန်တီစောသိတာ လေးရက်ပဲ ရှိသေးတယ်၊ ဦးလေး တစ်ယောက်တည်း အထပ်ထပ် စဉ်းစားကြည့်တယ်၊ ဦးလေးမှာ တာဝန်ရှိနေပြီ၊ ဖခင်တစ်ယောက် အနေနဲ့ သမီးနဲ့ သားကို လက်ထပ်ပေးမိလိုက်ရင် တာဝန်မကင်းဘူး ဆိုတာသိတယ်၊ အန်တီစောကလည်း မရရအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာရှာပြီး လိုက်ခွဲမှာ သေချာနေတယ်၊ ပြဿနာက အေးမှာမှ မဟုတ်တာ၊ နောက်ပြီးတော့ သားဘဝကို သမီးလက်ထဲ ဝကွက်အပ်ဖို့ကျပြန်တော့ တော်တော်လေး စဉ်းစားရတယ်၊ သားရဲ့ နောင်ရေးအတွက်ပါ၊ ဦးလေး အဆင့်အတန်းခွဲနေတာ မဟုတ်ဘူးနော်၊ သားအနေနဲ့ သမီး ထက်သာတဲ့လူနဲ့ အိမ်ထောင်ဘက် ဖြစ်သင့်တယ်၊ တကယ်လို့ ဦးလေးကို အသိမပေးဘဲသားက လုပ်ချင်တာလုပ်ရင်တော့ တစ်မျိုးပေါ့လေ၊ အခုဟာက ဦးလေးက အားလုံးသိနေတယ်လေ၊ တာဝန်လည်း ရှိနေတယ်၊ ဒီတော့ သမီးရယ် သမီးကပဲ စပြီး သားလေးကို လမ်းခွဲပေးပါ၊ ဒီအိမ်ပေါ်က နှင်ချတာ မဟုတ်ပါဘူး၊ သမီးအိမ် အပြီးပြန်ရင် ပြန်တော့လို့ မပြောရက်ပြန်ဘူး၊ အစကကတော့ သားလေးနဲ့ အဆက်အသွယ် မလုပ်မိဖို့ပါဘဲ၊ ဦးလေး တောင်းပန်ပါတယ်၊ သမီး ကူညီပါနော်”

အန်တီစော သဘောကောင်းနေပုံများကို အခုမှပင်





ရေး ရေးသဘောပေါက်တော့၏။

သူမ ဘာလုပ်ရမည်ကို ဦးလေးက ပြောပြနေပြီ၊ သူမမှာ ရွေးချယ်စရာ လမ်းတစ်လမ်းသာ ရှိတော့၏။

ဒီဘဝ၊ ဒီကမ္ဘာမှာတော့ ကိုကိုကျော်နှင့် အပြီး ဝေးရပြီဆိုတာကို အလိုလို သဘောပေါက်လိုက်မိသည် လေ။



www.burmeseclassic.com

www.burmeseclassic.com

# (၆)

သူမ သိသေးသော အကြောင်းအရာများကို ပြောပြလို့ အပြီးမှာတော့ မိနွယ် မျက်နှာလေး ညှို့မှိုင်းနေ၏။ ခဏအကြာမှာတော့ ကိုအောင်ဆွေကြောင့်ပင် အပြုံးတွေကို မဖြစ်ဖြစ်အောင် ဆင်ခြင်လေ၏။

"ဒါကြောင့် မိနွယ်ကို ရှာမတွေ့တာကိုး၊ နယ်ကို လိုက်သေး တယ်၊ တကယ့်ကို သတင်း အစအန မရဘူး၊ ကိုကို ဘုံ တစ်ခု... မှားသွားတာက မဂ္ဂဇင်းတွေကို မဖတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာပဲ၊ မင်္ဂလာဇင်းတွေကိုသာ ဖတ်ဖြစ်ခဲ့ရင် နွယ်မိုးခင် ဆိုတာကို ကိုကိုကျော် ကောင်းကောင်းသိရမှာပေါ့၊ ဝတ္ထုတွေ ဘာတွေလည်း မဖတ်ဖြစ်ခဲ့ဟာပါ၊ ပါတယ်"

"ဒီလိုပေါ့ ကိုကိုကျော်ရယ်၊ ဖူးစာမပါတော့ မိနွယ်တို့ တမင်ဝေးခဲ့ကြတာပါ၊ အခုဆိုရင် ကိုကိုကျော်လည်း ကိုကိုကျော်လက်တွဲဖော်နဲ့ ဖြစ်နေပြီ၊ မိနွယ်အနားမှာလည်း ကိုအောင်ဆွေ ရှိနေပြီ၊ အတိတ်က မိနွယ်တို့ ဘာတွေဖြစ်ခဲ့ ဖြစ်ခဲ့ အခုပစ္စုပ္ပန်မှာ သူငယ်ချင်းတွေအဖြစ် ဆက်ခင်တွယ်လို့ ရနေပါတယ်"

ကာရေးဆရာမပီပီ မိနွယ်က တရားဟောနေ၏။ ရင်ထဲက ဝေဒနာကတော့ လျော့ပါး မသွားပေ။ မတတ်သာသည့်မို့သာ လက်လျှော့ပေးရကြောင်းကို မိနွယ် သိစေချင်၏။

သို့တစေ နှုတ်ဖွင့်ဟကာ ပြောဖို့ကျတော့ စောင့်ထိန်းရပြန်သည်လေ။





"နွယ်ပြောတာ ဟုတ်ပါတယ် ကိုကိုကျော်၊ ကျွန်တော်တို့ တစ်တွေ ရင်းရင်းနှီးနှီးနဲ့ စိတ်သန့်ရှင်းစွာ ဆက်ဆံရအောင်ဗျာ"

"ဟုတ်ပါတယ် ကျွန်တော်လည်း လက်ခံပါတယ် ကိုအောင်ဆွေ၊ ခက်နေတာက ကျွန်တော့်ဇနီး ခင်ခင်ကျော် ပါပဲ၊ သူနဲ့ကျွန်တော်ကတော့ ပြဿနာတွေ တောက်လျှောက် ဖြစ်နေရတာ"

"ဖျောင်းဖျပေါ့ဗျာ၊ အတိုက်အခံတွေကို သိပ်မပြောနဲ့ပေါ့"

"ကိုကိုကျော့် ဇနီးက မျက်နှာထားတင်းပြီး ခပ်ကျောကျော ,ဆက်ဆံတတ်တယ်နော်၊ မိနွယ်ကတော့ အတတ်နိုင်ဆုံးအောက်ကျို့ ဆက်ဆံဖို့ ဝန်မလေးပါဘူး၊ သူ ဘာပြောပြော မိနွယ်တို့ဘက်က တတ်နိုင်သမျှတော့ သည်းခံပေးပါ့မယ် ကိုကိုကျော်"

မိနွယ်ရော၊ ကိုအောင်ဆွေပါ သဘောထားကြီး



www.burmeseclassic.com

ကြားတာကို သူ နားလည်သည်။ ခက်နေတာက မေမေစော နှင့် ခင်ခင်ကျော်တို့ပင် ဖြစ်၏။ ကိုယ့်ပြဿနာကို ကိုယ်ရှာပြီး ကိုယ့်ဒုက္ခကို ကိုယ်တိုင် တွင်းတူးနေသလိုမျိုး ဖြစ်နေ၏။

"တီ . . . တီ"

စကားပြောနေစဉ်မှာပင် တယ်လီဖုန်းမြည်သံ ထွက်လာ၏။

ဖုန်းနှင့် အနီးစပ်ဆုံးမှာ ရှိနေသော မိန္ဒယ်က ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို . . . အမိန့်ရှိပါရှင်"

"----------"

"အန်ကီစော . . . ကိုကိုကျော်နဲ့ မိန္ဒယ်နှစ်ယောက်တည်း ရှိနေကြတာ မဟုတ်ပါဘူး"

တစ်ဖက်မှ စကားသံကို ကြားနိုင်စွမ်း မရှိသော်လည်း ခင်ခင်ကျော်၊ မေမေစောနှင့်ပေါင်းပြီး ပြဿနာလုပ်းရှာပြီဆိုတာကို ချက်ချင်း သိလိုက်၏။





"မဟုတ်သေးပါဘူး အန်တီစောရယ် ကိုအောင်ဆွေရော သမီးရဲ့ ညီမလေးရော ရှိနေကြပါတယ်၊ မယုံရင် သူတို့နဲ့ စကားပြော ကြည့်ပါ"

"----------"

"----------"

"ခဏလေးကိုင်ထားပေးပါ။ ကိုကိုကျော်နဲ့ စကားပြောလိုက်ပါ"

လေသံပြောင်းသွားကတည်းကိုက ခင်ခင်ကျော် ကိုယ်တိုင် မိန္ဒယ်အား ပြောပြီဆိုတာ သိလိုက်သည်။ ကိုအောင်ဆွေပါ ဖုန်း နားသို့ ထလိုက်[illegible]၏။

ဖုန်းခွက်လက်ထဲရောက်သည်နှင့် ဒေါသဖြင့် ဒ ပြောလိုက်သည်။

"ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ ခင်ခင်ကျော်၊ ဒီက လူတွေကို ဘယ်လောက် အားနာစရာ ကောင်းသလဲ"

"အဲဒါ ကျွန်မ မသိဘူး၊ ရှင် အင်္ဂီဟာမ အိမ်မှာပဲ

www.burmeseclassic.com

နေပေတော့"

"မဟုတ်သေးပါဘူးနော်၊ မင်းစကားတွေကို မင်း ပြန်ရုပ်သိမ်းပေး"

"မပေးနိုင်ဘူး၊ ရှင်နဲ့ကျွန်မ လမ်းခွဲနိုင်လို့ ရှင် အဲဒီအိမ်ကို တားနေတဲ့ကြားက သွားတာပဲ၊ ရှင့်ကြမ္မာကို ရှင့်ဘာသာ ရှင် ဖန်တီးယူတာ"

"ခေါင်းအေးအေးထားစမ်းပါ ခင်ခင်ကျော်၊ မင်း အရမ်းလျှောက်လုပ်နေမှ တာကယ်ဝေးကြရမှာ"

"ဝေးဝေးပေါ့၊ မေမေစောနဲ့ စကားပြောလိုက်"

ပြဿနာက ပြန်ပြောချင်ပေမယ့် မိန္ဓယ်နှင့် အအောင်တွေတို့ကို အားနာနေရသောကြောင့် ထိန်းထိန်း သိမ်းသိမ်းပင် ပြောလိုက်၏။

"မဟုတ်သေးပါဘူး မေမေစော၊ အဲဒီလောက်ထိ တော့ မစွပ်စွဲပါနဲ့"

"စွပ်စွဲနေတာ မဟုတ်ဘူး၊ လက်တွေ့ ပြောနေတာ၊





ဒီပုံစံ မျိုးနဲ့ မင်းကို လုံးဝမပေါင်းနိုင်ဘူးလို့ ခင်ခင်ကျော်က ပြောမယ်၊ မင်း သူများသားသမီးကို စိတ်ဆင်းရဲအောင် လုပ်မနေနဲ့၊ သူ့သဘောအတိုင်း ကွာရှင်းပေးလိုက်"

"ဒီလောက်ထိ မဖြစ်သင့်ဘူးလေ မေမေစော၊ ကျွန်တော် လက်မခံနိုင်ဘူး"

"မရတော့ဘူး ကိုကိုကျော်၊ မင်း ခင်ခင်ကျော်ကို ကွာကို ကွာပေးရမယ်၊ ဒါပဲကွာ"

အတင်းအကျပ်တွေ လုပ်ပြီး ပြဿနာကို မရှုပ်ရှုပ် အောင် ကြံစည်နေကြတာ သေချာ၏။

စကားပြန်ပြောမခံပဲ ဖုန်းကို ဦးအောင်ချလိုက်၏။

"ဘာတဲ့လဲ ကိုကိုကျော်"

"ကျွန်တော် မိန္ဓယ်ဆီကို လာတဲ့အတွက် ပြဿနာ ရှာတာပေါ့၊ ခင်ခင်ကျော် မကောင်းတာပါ၊ ဘာမဟုတ်တဲ့ တိစ္စကို ပုံကြီးချဲ့ပြီး မေမေစောနဲ့ ပူးပေါင်းကြံစည် နေ ကြတာ"


www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ဘာလုပ်ချင်လို့လဲဟင် ကိုကိုကျော်"

"ခင်ခင်ကျော်က ကွာရှင်းဖို့ ပြောတယ် မိနွယ်"

"ဘာမှ မဆိုင်ဘူးနော်"

သူ တော်တော်လေး စိတ်ကုန်သွားခဲ့သည်။

သူ့ဘက်ကတော့ နောက်ဆုံးအချိန်အထိတော့ တင်းခံပေး နေဦးမည်။ မရသည့်အဆုံးမှာတော့ သူ့ကံနှင့်သူပဲ . . . ဟု သဘောထားလိုက်ရုံသာ ရှိသည်။

"ကွာဖို့ရှင်းဖို့ကို မေမေစောကလည်း ဖြစ်စေချင်နေတယ် ကိုအောင်ဆွေ၊ ကျွန်တော် စဉ်းစားရကျပ်တယ်"

"ဒါက ရှင်းပါတယ်ဗျာ၊ ကျွန်တော်နဲ့ နွယ်တို့ မင်္ဂလာပွဲကို မြန်မြန်လုပ်ဖြစ်အောင် တွန်းအားပေးတယ်လို့ သဘောထားလိုက် ပါ့မယ်၊ ကျွန်တော်တို့ကိစ္စ ပြီးရင်တော့ ရှစ်မြှုစရာ မလိုဘဲသူ့အလိုလို ပြီးဆုံးသွားမယ့်ကိစ္စတွေပါ"

"ဒီကပြန်ရင် အိမ်ထဲတန်းပြန်မှာလား ကိုကိုကျော်"

"ပြန်လို့ဖြစ်မယ် မထင်ဘူး၊ သူတို့ ကိုကိုကျော့်ကို





တွေ့တာနဲ့ ကွာဖို့ရှင်းဖို့ပဲ လုပ်ကြမှာ၊ သူတို့ ကိုကိုကျော့်ကို သူတို့နဲ့ မတွေ့အောင် ကိုကိုကျော် ရှောင်နေလိုက်တော့မယ်၊ အားလုံးပြီးသွားပြီဆိုတော့မှပဲ သူတို့နဲ့ မျက်နှာချင်း ပြန်ဆိုင်မယ်"

"ကိုကိုကျော် ပြောတာလည်း မဆိုးပါဘူး၊ ဒီလိုလုပ်တာ အခုအချိန်မှာ အားလုံးအတွက် ကောင်းပါတယ်"

သူ့ရင်ထဲမှာတော့ တကယ်မကောင်းပေ။

မိနွယ်မျက်နှာလေးကို မက်မက်မောမောနှင့် နောက်ဆုံး အကြိမ်အဖြစ် သူ ကြည့်လိုက်သည်။

"ပြန်တော့မယ် မိနွယ်၊ ကိုအောင်ဆွေ ကျွန်တော် သွားတော့မယ်"

"ကောင်းပြီ ကိုကိုကျော်၊ ခင်ဗျားကိစ္စ အောင်မြင် ချောမောပါစေလို့ ဆုတောင်းပေးနေပါ့မယ်၊ ကျွန်တော်တို့ မင်္ဂလာပွဲကိုတော့ လာဖြစ်အောင် လာရမယ်နော်"

"စိတ်ချပါ ကိုအောင်ဆွေ"



www.burmeseclassic.com

"ကဲ . . . နွယ်၊ ကိုကိုကျော့်ကို အောက်ထိရောက်အောင် နွယ်ပဲ လိုက်ပို့ပေးလိုက်ပါ"

ကိုအောင်ဆွေက သူနှင့် မိနွယ်ကို အခွင့်အရေးတစ်ခု လိုလိုချင်ချင်ပေးနေပြန်၏။

ကိုအောင်ဆွေ့ စကားအတိုင်းပင် မိနွယ်က သူ့ကို လိုက် ပို့၏။

လှေကားထစ်များပေါ်မှ တစ်လှမ်းချင်း ဆင်းရင်းတမင် မိနွယ်က သူ့ကို ပြောသည်။

"အစတုန်းကိုက မိနွယ့်ကို၊ ကိုကိုကျော် မချစ်ခဲ့မိရင် ကောင်းမှာနော်၊ ကိုကိုကျော်လည်း တစ်ဘဝလုံး ဝမ်းနည်းပူဆွေးနေစရာ မလိုဘူး၊ ဒီလို အဖြစ်အပျက်တွေလည်း ကြုံရဆုံရမှာ မဟုတ် ဘူးနော်"

မိနွယ့်စကားက သူ့ရင်ကို တိုက်ရိုက်ထိ၏။

"နောင်တရစေမယ့် စကားလား မိနွယ်"

"နောင်တရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုကိုကျော့်ကို ကြည့်ပြီး မိနွယ် စိတ်မကောင်းလို့ပါ"

"ဘယ်တတ်နိုင်မလဲ မိနွယ်ရယ်၊ တစ်ချိန်တုန်းက သံယောဇဉ် ကြီးစွာနဲ့ ချစ်ခဲ့တဲ့ ချစ်သူတစ်ယောက်အတွက် ကိုကိုကျော် ခံနိုင်ရည် ရှိရမှာပေါ့"

"မိနွယ်ကို ခွင့်လွှတ်ပါ ကိုကိုကျော်"

ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာတွေကို ရည်ညွှန်းသည်လားမသိ။

"ဘာအတွက်ခွင့်လွှတ်ရမှာလဲ၊ ဖေမေ့စကားကို နားထောင် ပေးရတဲ့အတွက်လား၊ ကိုကိုကျော့်ကို ချစ်ခဲ့မိတဲ့အတွက်လား"

"ဘာလို့ ကွဲကွဲပြားပြား သိချင်ရတာလဲ ကိုကိုကျော်ရယ်၊ အခုမှတော့ ဘာမှ ထူးမလာတော့ပါဘူး"

မိနွယ် စကားကို နားထောင်ရရုံဖြင့် မိနွယ် ရင်ထဲကို သူ လှမ်းမြင်လိုက်ရသလို ခံစားရသည်။

ပြောချင်သော်လည်း နှုတ်ကို စောင့်စည်းလိုက်ရ

www.burmeseclassic.com



သည်။

"စိတ်တွေညစ်ပြီး အရမ်းသတိရတဲ့အခါမျိုးမှာတော့ ညီမလေး တစ်ယောက်ကို လာတွေ့တဲ့ သဘောမျိုးနဲ့ ကိုကိုကျော် လာခဲ့လို့ ရမလား"

သူ့အမေးကို မိန္နယ် မဖြေ။

မျက်နှာကို မမြင်ရအောင် မိန္နယ် ခေါင်းငုံ့ထား၏။

ဒီလှေကားထစ်ပြီးရင်တော့ မြေပြင်ပေါ် ရောက်တော့မည်။ သူက ခရီးဆက်နှင်ရမှာ ဖြစ်သလို မိန္နယ်က လည်း ကိုအောင်ဆွေ ရှိရာသို့ သွားရမည်။

"ဖြေလေ မိန္နယ်"

"မဖြေချင်ဘူး၊ မိန္နယ် သွားတော့မယ်"

ခေါင်းအမော့ ခြေလှမ်းအလှုပ်မှာ မိန္နယ် မျက်နှာကို ဖြတ်ခနဲ မြင်လိုက်ရ၏။

မိန္နယ် မျက်ဝန်းမှာ မျက်ရည်တို့ စို့စွတ်နေခြင်းကို ထင်ရှားစွာ မြင်ရသည်။





ပြေးတက်သွားသော မိန္နယ်ကျောပြင်ကို လှမ်းကြည့်ရင်းက သူ့အကြည့်တို့သည်လည်း ဝေဝါးပြုလာ၏။

မိန္နယ် ငိုသလိုပင် သူလည်း ငိုကြွေးခဲ့ရသည်ပဲလေ။

BURMESE CLASSIC



www.burmeseclassic.com